# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ သောကြာနေ့။ Friday , 18 November 2016 (၈၇၄၉)


**စေတနာကောင်းကိုထား**

လက်ဝါးပြင်တွင် အနာမရှိသော် အဆိပ်သည် ထိုသူအားလောင်ခြင်းငှာ မတတ်နိုင်သကဲ့သို့ မကောင်းမှု ပြုလိုသောစိတ် မရှိသူအား မကောင်းမှုသည်မရှိ။ အရာရာတွင် စေတနာ သာလျှင် အဓိကဖြစ်၍ စေတနာကောင်းကို ထားသင့်လှ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၄)

## ယာဉ်အိုယာဉ်ဟောင်းဘတ်စ်ကားများ အပ်နှံလဲလှယ်မှု ယနေ့စတင်

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်မြို့၏ ဘတ်စ်ကားသယ်ယူပို့ဆောင်ရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်အရ အနှစ် ၂၀ သက်တမ်းအထက် အိုဟောင်းဘတ်စ်ကားများအား ဦးစားပေးကာ အစားထိုးလဲလှယ်မည့်အစီအစဉ် စတင်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၇ ရက်မှ စတင်ကာ အိုဟောင်းဘတ်စ်ကားများအား စတင်အပ်နှံမှု လက်ခံပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

ယင်းသို့ ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် လက်ရှိဘတ်စ်ကားလိုင်းများတွင် ပြေးဆွဲနေသော အနှစ် ၂၀ နှင့်အထက် အိုဟောင်းနေသော ဘတ်စ်ကားများကို ဦးစားပေးအနေဖြင့် ယာဉ်အသစ် အစားထိုးလဲလှယ်ရေးအစီအစဉ် စတင်သွားမည်ဖြစ်ပြီး အိုဟောင်းဘတ်စ်ကားအပ်နှံပါက လူစီးယာဉ်တင်သွင်းခွင့် ခွင့်ပြုပေးသွားမည်ဖြစ်သည်။

## ကောလာဟလ ထွက်နေသလို လူစီးစလစ် မထုတ်ပေးဘူးတို့၊ အခွန်တိုးကောက်မယ်တို့ ဆိုတာ မဟုတ်ပါဘူး . . .

" အဓိက က ဘတ်စ်ကားစနစ် ပြုပြင်ပြောင်းလဲရေးလုပ်တာပါ။ တစ်ဦးချင်းစနစ်ကနေ အများပိုင်စနစ်ပြောင်းတာပေါ့။ နောက်တစ်ခုက ပြေးဆွဲတဲ့စနစ်ပြောင်းတာမှာ အခုဆိုရင် လိုင်းငယ်ပေါင်း ၃၅၀ လောက်ရှိတယ်။ အဲဒါကို လမ်းကြောင်းတူ ဦးတည်ရာတူတာတွေကို စနစ်တကျစုစည်းပြီး လိုင်း ၅၀၊ ၆၀ လောက် ကျစ်ကျစ်လျစ်လျစ်လုပ်မယ်။ လမ်းမကြီးတစ်လမ်းကို လိုင်းတစ်လိုင်းပဲ ပြေးဆွဲတဲ့ စနစ်မျိုးပေါ့။ အများပိုင် ကုမ္ပဏီကားလိုင်းတွေကို ပြေးဆွဲစေပါမယ်။ နောက် စီမံအုပ်ချုပ်မှုမှာလည်း အခုမထသကနေ ဆောင်ရွက်နေတာက နောင်ဆိုရင် သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့က အများပိုင်ဘတ်စ်ကားလိုင်းတွေကို စီမံသွားမယ်။ အိုဟောင်း ဘတ်စ်ကား စတင် အပ်နှံမှုလုပ်တဲ့နေ့မှာ ယာဉ် ၂၇ စီး အပ်နှံမှာဖြစ်ပါတယ်။ လူစီးစလစ် ထုတ်ပေးမှာ ဖြစ်ပါတယ်။ အပြင်မှာ ကောလာဟလ ထွက်နေသလို

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ လစ်သူရေးနီးယားနိုင်ငံ သံအမတ်ကြီး မစ္စ အီတာ မာစီယိုလီယိုညက် သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

## လစ်သူရေးနီးယားနိုင်ငံနှင့် ခရိုအေးရှားနိုင်ငံ သံအမတ်ကြီးတို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သံအမတ်ခန့်အပ်လွှာများ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လစ်သူရေးနီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စ အီတာ မာစီယိုလီယိုညက်သည်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**




## ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သန်လျင်တံတားသစ် စီမံကိန်းတို့ကို ဂျပန်နိုင်ငံမှ ကူညီမည့် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံဖြင့် ဆောင်ရွက်မည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

အစိုးရသစ် စတင်တာဝန်ယူအပြီးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂျပန်နိုင်ငံခရီးစဉ်အပြီးတွင် ဂျပန်နိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံသို့ ပေးအပ်မည့် ကူညီထောက်ပံ့မှုများ၊ အတိုးနှုန်းသက်သာသော ချေးငွေများ၊ နည်းပညာပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှုများ အပါအဝင် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံတွင် ရန်ကုန်-သန်လျင်တံတားသစ်တည်ဆောက်ခြင်း၊ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် လိုအပ်သော အခြေခံအဆောက်အအုံများကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကူညီထောက်ပံ့မှုများကို အစိုးရသစ်သက်တမ်း ငါးနှစ်အတွင်း ပေးအပ်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA မှ သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၄ သို့**




ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး မီးခိုးမထွက်စက်ရုံများ မြှင့်တင်

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်း၍ တစ်ဦးချင်းဝင်ငွေ မြင့်မားလာပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံတည်ငြိမ်အေးချမ်းမှုလည်း ဖြစ်ထွန်းလာမည်ဟု အလုပ်လမ်းညွှန်ပြုထားသည်။ လက်ရှိတွင် တည်ငြိမ်အေးချမ်းရေးကို တည်ဆောက်နေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရသည်။

ထို့ကြောင့် နိုင်ငံနှင့်ပြည်သူလူထု၏ စီးပွားရေးဘဝမြင့်မားတိုးတက်ရန်အတွက် အလျင်အမြန် စတင်အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဟု သိရသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နတ်ရေကန်ထဲ ပစ်ချလိုက်သကဲ့သို့ ချက်ချင်းလက်ငင်း အကောင်အထည်ပေါ်လာမည်တော့ မဟုတ်ချေ။ အချို့လုပ်ငန်းများကို ရေတိုအကောင်အထည်ဖော်ရမည်ဖြစ်ပြီး အချို့လုပ်ငန်းများကို ရေရှည်အကောင်အထည်ဖော်ရမည်ဖြစ်၍ အချိန်ကာလတစ်ခုကိုဖြင့် စောင့်ရဦးမည်ဖြစ်သည်။

သို့သော် စိတ်ဓာတ်ကျဖွယ်မရှိချေ။ တကယ်လုပ်လျှင် တကယ်ဖြစ်နိုင်သည့် အချိန်တိုအခွင့်အလမ်းကောင်းများစွာ မြန်မာနိုင်ငံတွင်ရှိနေသည်။ ယနေ့ကမ္ဘာတွင် လွယ်လွယ်နှင့်စီးပွားတိုးတက်နိုင်သောလုပ်ငန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးပွားကာ ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်သည့် လုပ်ငန်းများရှိသည်။ ယင်းမှာ မီးခိုးမထွက် စက်ရုံများဟု ခေါ်တွင်သည့် ခရီးသွားလုပ်ငန်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေမြေသဘာဝ မြစ်ချောင်းတောတောင် အရင်းအမြစ်များစွာရှိပြီး သာယာလှပသော နိုင်ငံဖြစ်သည်။ နှစ်သက်ဖွယ်ကောင်းသော တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများလည်း စုံလင်လှသည်။ ရှည်လျားသောသမိုင်းကြောင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုသမိုင်းအမွေအနှစ်များ ပေါများသည့်နိုင်ငံဖြစ်သည့်အပြင် မြန်မာလူမျိုးများ၏ ပျူငှာဖော်ရွေမှုများနှင့် ပျော်ရွှင်ဖွယ်ရာ ၁၂လရာသီပွဲတော်များနှင့် ပြည့်လျှံနေသော နိုင်ငံဖြစ်သည်။ ယင်းတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် သဘာဝအရင်းအနှီးများဖြစ်သည်။

ကမ္ဘာပေါ်တွင် ခရီးသွားကဏ္ဍဝင်ငွေဖြင့် အခိုင်အမာရပ်တည်နေသော နိုင်ငံများစွာရှိသည်။ အမေရိကန်ပြည်ထောင်စုသည် ခရီးသွားလုပ်ငန်းမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀၄ ဒသမ ၅ ဘီလီယံရနေပြီး တရုတ်နိုင်ငံသည် ၁၁၄ ဒသမ ၁ ဘီလီယံ၊ စပိန်နိုင်ငံသည် ၅၆ ဒသမ ၅ ဘီလီယံ၊ ပြင်သစ်နိုင်ငံသည် ၄၅ ဒသမ ၉ ဘီလီယံ၊ ဗြိတိန်နိုင်ငံသည် ၄၅ ဒသမ ၅ ဘီလီယံရရှိနေပြီး မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် ၄၄ ဒသမ ၆ ဘီလီယံရရှိနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ၂ ဒသမ ၁၂ ဘီလီယံသာရရှိနေသေးသည်။

အချို့နိုင်ငံများတွင် ခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေမှာ ပို့ကုန်လုပ်ငန်းမှ ရရှိသည့်ဝင်ငွေထက်ပိုများနေသည်ကို တွေ့ရသည်။ အဆိုပါနိုင်ငံများတွင် လည်ပတ်စရာနေရာများကို ပြနိုင်သည်သာမက သုံးစရာအခြေအနေများကိုလည်း ဖန်တီးပေးထားသဖြင့် ဝင်ငွေရလမ်းများ တိုးပွားနေသည်။ ကမ္ဘာပေါ်တွင် ခရီးအသွားဆုံးသူများအနက် အိမ်နီးချင်းတရုတ်နိုင်ငံသားများဖြစ်၍ အနီးဆုံးခရီးသွားဈေးကွက်ကို မထိုးဖောက်နိုင်သေးသည်မှာ မိမိတို့၏အားနည်းချက်များကြောင့်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ကြပြီး လက်တွေ့ခရီးပေါက်စေရန်အတွက် မြေပြင်တွင် အဆင်ပြေချောမွေ့အောင် လုပ်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရဦးမည်ဖြစ်သည်။ ရှေးဦးလိုအပ်ချက်အဖြစ် ဗီဇာအလွယ်တကူရရှိရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ တည်းခိုနေထိုင်စားသောက်မှုများ အခြားနိုင်ငံများထက် သက်သာစေရေး စသည့် အထွေထွေဆွဲဆောင်မှုများကို ဖန်တီးပေးကြရဦးမည်ဖြစ်သည်။

အဆိုပါအချက်များမှာ လုပ်လျှင်ဖြစ်သော ကိစ္စများဖြစ်သောကြောင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သူများအားလုံး အလေးထားပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုလျှင် မကြာမီကာလတွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းပေါများကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းဖြစ်လာမည်မှာ သေချာပါသည်။ ။

## မြန်မာ့ကင်းထောက်ရာပြည့်အထိမ်းအမှတ်အကြို ကင်းထောက်လူငယ်များ ကင်းစိတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာ့ကင်းထောက် ရာပြည့်အထိမ်းအမှတ်အကြို ကင်းထောက်လူငယ်အမျိုးသား အမျိုးသမီးများ ကင်းစိတ်စွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကင်းထောက် ဖွဲ့စည်းပြီးကျောင်းများတွင် ခရိုင်အလိုက်ပြိုင်ပွဲများ ကျင်းပသည်။



မြန်မာ့ကင်းထောက်ရာပြည့် အထိမ်းအမှတ်အကြို ကင်းထောက်အမျိုးသား၊ အမျိုးသမီးများ ကင်းစိတ်စွမ်းရည်ပြိုင်ပွဲများ အထက(၁)အင်းစိန်တွင် ကျင်းပစဉ်။

အစီအစဉ်အရ ကင်းထောက် အမျိုးသား အမျိုးသမီး ကင်းစိတ်စွမ်းရည်ပြိုင်ပွဲများကို ရန်ကုန်အရှေ့ပိုင်းခရိုင် ကျောင်းများအတွက် အထက(၆)ဗိုလ်တထောင်၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကျောင်းများအတွက် အထက(၁) လမ်းမတော်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ကျောင်းများအတွက် အထက(၁) အင်းစိန်၌ ပြိုင်ပွဲဝင် ကင်းထောက်အမျိုးသား အမျိုးသမီးများက ကင်းထောက်ကတိ၊ ကင်းထောက်ကျင့်ဝတ်များ၊ ကြိုးချည်နည်းများ၊ ရှေးဦးသူနာပြုစုနည်းများ ကင်းစိတ်အလိုက် လက်တွေ့ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲကျင်းပမှုကို မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ မြန်မာနိုင်ငံကင်းထောက် အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် ကင်းထောက်ကြီးများက ဒိုင်အဖြစ် ကြီးကြပ်ဆောင်ရွက်ပေးသည်။

ခရိုင်ကင်းစိတ်အလိုက် ပြိုင်ပွဲဆုရ ကင်းထောက် အမျိုးသား၊ အမျိုးသမီး အဖွဲ့များသည် နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် အထက(၁) လမ်းမတော် စွမ်းအားခန်းမနှင့် အားကစားကွင်းတို့တွင် ဆက်လက်ပြီး ဗဟိုအဆင့် စွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်ကာ ဗဟိုအဆင့်ဆုရအဖွဲ့များအား နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်စိန်ရတုခန်းမ၌ ကျင်းပမည့် ရာပြည့်အထိမ်းအမှတ်အကြို အခမ်းအနားတွင် ဆုများချီးမြှင့်မည်ဟု သိရသည်။ **ကိုလတ်(သတင်းစဉ်)**

## တရားရုံးဝန်ထမ်းများ ရုံးလုပ်ငန်းဆိုင်ရာမွမ်းမံသင်တန်းဖွင့်




**ဘားအံ နိုဝင်ဘာ ၁၇**

ကရင်ပြည်နယ် တရားလွှတ်တော်တရားရေးဝန်ထမ်းများ၏ ရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး မွမ်းမံသင်တန်း(၂/၂၀၁၆)ဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ကရင်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်နယ်/ခရိုင်/မြို့နယ် တရားရေးဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်အေးအေးမွန်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ပြည်နယ်/ခရိုင်/မြို့နယ် တရားရေးဝန်ထမ်း ၃၀ အား ရုံးလုပ်ငန်းဆိုင်ရာများနှင့် တရားရေးဆိုင်ရာစသည့်သင်ခန်းစာများအား နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## အောင်လံမြို့တွင် မြန်မာ့သိုင်းနှင့် ပြေးခုန်ပစ်အခြေခံအားကစားသင်တန်းဖွင့်

**အောင်လံ နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော မြန်မာ့သိုင်းနှင့် ပြေးခုန်ပစ် အခြေခံအားကစားသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက အထက(၁) ရွှေရတုခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် စက္ကဇမ္ဗူဟာပင်မသိုင်းအဖွဲ့မှ ကာယစိတ္တသိဒ္ဓိစွမ်းအားတို့ဖြင့် သရုပ်ပြသခဲ့ကြသည်။ ယင်းသင်တန်းသို့ သင်တန်းသား ကျောင်းသား ကျောင်းသူ ၁၉၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**





ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ခရက်ဆို ဂလာဗာ့(ဂ်)အား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

**■ရှေ့ဖုံးမှ**

ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ခရိုအေးရှားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ခရက်ဆို ဂလာဗာ့(ဂ်)သည် ယနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**○ယာဉ်အိုယာဉ်ဟောင်းမှ**

လူစီးစလစ်မထုတ်ပေးဘူးတို့၊ အခွန်တိုးကောက်မယ်တို့ဆိုတာ မဟုတ်ပါဘူး။ နောက်တစ်ပတ်မှာတော့ အစီး ၁၀၀ ကျော်အပ်မှာပါ။ လက်ရှိယာဉ်လိုင်းပြေးဆွဲမှုကို မထိခိုက်အောင် ဆောင်ရွက်သွားမှာပါ' ဟု ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ကြေးမုံသို့ ပြောကြားသည်။

ယင်းသို့ ဘတ်စ်ကားများ အိုဟောင်းအစားထိုးလဲလှယ်ရာတွင် လက်ရှိယာဉ်ပိုင်ရှင်များ နစ်နာမှုမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် လက်ရှိပြေးဆွဲနေမှုကိုလည်း ထိခိုက်ခြင်းမရှိစေရန်အတွက် စနစ်တကျ အချိန်ယူဆောင်ရွက်သွားမည်ဟု သိရသည်။ ဘတ်စ်ကား အိုဟောင်း လဲလှယ်မှုအတွက် ၁၉၉၅ ခုနှစ်အောက်၊ အနှစ် ၂၀ ကျော်နေပြီဖြစ်ပြီး ဥပဓိရုပ်နှင့် ကြံ့ခိုင်မှုမကောင်းသော ယာဉ်များကို ဦးစားပေးလဲလှယ်ခွင့်ပြုသွားမည်ဖြစ်သည်။

အိုဟောင်းဘတ်စ်ကားများအပ်နှံမှု စတင်လက်ခံခြင်းကို ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မြင်သာ က-ည-န ရုံးတွင် နိုဝင်ဘာ ၁၇ ရက်မှ စတင်ကာ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အပ်နှံမှု စတင်လက်ခံချိန်တွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူများ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် မီဒီယာများမှ သိရှိလိုသည်များကို ဖြေကြားရှင်းလင်းပေးခဲ့သည်။

လက်ရှိတွင် စာရင်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ဘတ်စ်ကားအစီးရေမှာ ၇၀၀၀ ကျော်ခန့်ရှိပြီး နေ့စဉ် ပျမ်းမျှပြေးဆွဲစာရင်းမှာ ၄၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ ယင်းတွင် နှစ် ၂၀ ကျော် အိုဟောင်း စီးတီးဘတ်စ်နှင့် မီနီဘတ်စ် အရေအတွက်မှာ ၁၇၀၀ ခန့်၊ ဒိုင်နာ၊ ဘီအမ်ယာဉ်များအပါအဝင် ၃၀၀၀ ကျော်ခန့် ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေရာတွင် ဂျပန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းကာ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကူညီပံ့ပိုးဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆုနှင်းလဲ့**

# လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျာမန်အောက်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ H.E. Mr. Johannes Singhammer နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် လည်းကောင်း၊ ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ အသင်းဥက္ကဋ္ဌ Mr. Hideo WATANABE အား ညနေ ၄ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။



ဂျာမန်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံလွှတ်တော်အနေဖြင့် IPU၊ AIPA အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာထောက်ထားသည့် အကူအညီများနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**ပြည်သူ့အသံ လွှတ်တော်အသံ**
**ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ**

**❂ရန်ကုန်မြို့ပြမှ**

၂၀၁၀ ရွေးကောက်ပွဲအလွန် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကြောင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံမှ ပြန်လည်ကူညီထောက်ပံ့မှုများ ဆောင်ရွက်လာရာတွင် လက်ရှိအစိုးရသစ် စတင်တာဝန်ယူပြီးနောက်ပိုင်းနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြီးခဲ့သည့် ဂျပန်နိုင်ငံ ခရီးစဉ်အပြီးတွင် နှစ်နိုင်ငံသဘောတူညီချက်အရ ဖွံ့ဖြိုးရေးအကူအညီများ၊ ပြန်လည်ပေးဆပ်ရန်မလိုသည့် ထောက်ပံ့ကူညီမှုများ၊ အတိုးနှုန်းအထူးသက်သာသော ချေးငွေများ၊ နည်းပညာပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များအား ဂျပန်နိုင်ငံ အစိုးရပိုင်းသာမက ပုဂ္ဂလိကကဏ္ဍမှလည်း မြန်မာနိုင်ငံသို့ ပူးပေါင်းကူညီဆောင်ရွက်မှုများ ပိုမိုအားကောင်းလာခဲ့ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA (Myanmar) ၏ Chief Representative Mr.Keiichiro Nakazawa က ဂျပန်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ကူညီထောက်ပံ့မှုများနှင့်ပတ်သက်၍ သတင်းမီဒီယာများနှင့် JICA (Myanmar) ရုံးတွင် တွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ ပံ့ပိုးကူညီဆောင်ရွက်မှုများ ဆောင်ရွက်ရာတွင် ကဏ္ဍများအပေါ် မူတည်၍ ပြန်လည်ပေးဆပ်ရန်မလိုသော Grant Aid အစီအစဉ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ အတိုးနှုန်း ၀ ဒသမ ၀၁ ရာခိုင်နှုန်းဖြင့် နှစ်ရှည်ပေးဆပ်နိုင်သောချေးငွေဖြင့် ဆောင်ရွက်ပေးခြင်း၊ နည်းပညာပိုင်းဆိုင်ရာများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းတို့ဖြင့် ကူညီဆောင်ရွက်သွားမည်ဟု သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများနှင့် အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီဆောင်ရွက်မှုတွင် မြန်မာနိုင်ငံအကျိုးရရှိစေမည့်အပြင် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်များအပါအဝင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက်လာစေရန် အဓိကလိုအပ်နေသည့် ကဏ္ဍများကို ပံ့ပိုးဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး အစိုးရဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုတင်ပြင်ဆင်ကမ်းလှမ်းမှုများ ဆောင်ရွက်ပါက ပိုမိုမြန်ဆန်အောင်မြင်နိုင်မည်ဟုလည်း သိရသည်။ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပူးပေါင်းကာ မြို့ပြဖွံ့ဖြိုးရေးနှင့် မြို့ပြစီမံကိန်းရေးဆွဲမှုများကို ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

"ဂျပန်နိုင်ငံက ပေးအပ်မယ့် ဒေါ်လာ ရှစ်ဘီလီယံမှာ Grant Aid ပါမယ်။ Loan တွေပါမယ်။ နည်းပညာ ပံ့ပိုးကူညီမှုတွေ ပါပါမယ်။ သန်လျင်တံတားသစ် တည်ဆောက်ရေး၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းတွေ ပါဝင်ပါမယ်။ သန်လျင်တံတားသစ်တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၂၈၀ လောက်ကို ဂျပန်နိုင်ငံ JICA က ထောက်ပံ့ပေးအပ်နိုင်တဲ့ ပမာဏဖြစ်ပါတယ်။ စနစ်တကျ လေ့လာသုံးသပ်မှုတွေ၊ တွက်ချက်မှုတွေလုပ်ပြီး ဘယ်နေရာမှာ တည်ဆောက်မလဲ၊ တင်ဒါခေါ်ပြီး ဆောင်ရွက်တဲ့အခါ ဒီပမာဏထက်လည်း နည်းသွားနိုင်တာလည်း ရှိပါတယ်။ တံတားသစ်ကိုတော့ လက်ရှိတံတားဟောင်းအနီးမှာပဲ တည်ဆောက်ဖို့ များပါတယ်။ ကူညီထောက်ပံ့မှုတွေ လုပ်တဲ့အခါ ရှေ့၊အင့်ဆိုတာမျိုးမဟုတ်ဘဲ တည်ဆောက်ရေးလုပ်ငန်းအလိုက်၊ ကဏ္ဍအလိုက်ကို တစ်ဆင့်ခြင်း လုပ်ငန်းပြီးသွားတဲ့အပေါ်မှာ မူတည်ပြီး ပေးအပ်သွားတာ ဖြစ်ပါတယ်"ဟု JICA (Myanmar) ၏ Chief Representative Mr.Keiichiro Nakazawa က ရှင်းလင်းပြောကြားခဲ့သည်။

**(၀၀၁)**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂျာမန်အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဂျာမန်အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Johannes Singhammer နှင့်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ဂျပန်ဝန်ကြီးချုပ် အာဘေး အမေရိကန်ရွေးကောက်ခံသမ္မတနှင့်တွေ့ဆုံရန် အမေရိကန်သို့ထွက်ခွာ

**တိုကျို နိုဝင်ဘာ ၁၇**

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်နှင့် နိုဝင်ဘာ ၁၇ ရက်တွင် နယူးယောက်မြို့၌ တွေ့ဆုံမည်ဖြစ်သည်။ ဝန်ကြီးချုပ်အာဘေးသည် အမေရိကန်ရွေးကောက်ပွဲပြီးနောက် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်နှင့် ပထမဆုံးတွေ့ဆုံသည့် နိုင်ငံ့ခေါင်းဆောင်တစ်ဦးဖြစ်လာမည်ဖြစ်သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အမေရိကန်၊ ပီရူးနှင့် အာဂျင်တီးနားနိုင်ငံများသို့ ခုနစ်ရက်ကြာသွားရောက်လည်ပတ်မည်ဖြစ်သည်။

ဒေါ်နယ်ထရန့်အား အမေရိကန်ပြည်သူများက သမ္မတအဖြစ် ရွေးကောက်ပြီးသည့်နောက် ၎င်းသည် နိုင်ငံခေါင်းဆောင်အများအပြားနှင့် တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီးဖြစ်သည်။ သို့သော် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ပထမဆုံး လူချင်းတွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်-ဂျပန် မဟာမိတ်ဆက်ဆံရေးနှင့်ပတ်သက်ပြီး လုံခြုံရေးနှင့် သံတမန်ရေးဆိုင်ရာ မူဝါဒနှင့် ဦးတည်ချက်များကို ဂျပန်ဝန်ကြီးချုပ်အနေဖြင့် ဒေါ်နယ်ထရန့်အား ချပြမည်ဖြစ်ကြောင်း ခန့်မှန်းရသည်။ ထို့ပြင် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရန် ရည်ရွယ်ပြီး ဒေါ်နယ်ထရန့်နှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးမှုရှိစေရန် ၎င်းတို့နှစ်ဦး၏ ဆက်ဆံရေးကို စတင်ထူထောင်ရန် စီစဉ်ထားသည်။

ယခုကဲ့သို့ ခေါင်းဆောင်နှစ်ဦးတို့ ပထမဆုံးအကြိမ် တွေ့ဆုံဆွေးနွေးခြင်းသည် ခိုင်မာလျက်ရှိသည့် အမေရိကန်-ဂျပန် ဆက်ဆံရေး၏ သမိုင်းကြောင်းနှင့် အရေးပါမှုကို မီးမောင်းထိုးပြခြင်းဖြစ်သည်ဟု ဒေါ်နယ်ထရန့်၏ စီနီယာအကြံပေးပုဂ္ဂိုလ် ဂျက်ကင်းစတန်က အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားခဲ့သည်။

ဒေါ်နယ်ထရန့်အနေဖြင့် ရွေးကောက်ပွဲမတိုင်မီ မဲဆွယ်စည်းရုံးရေးကာလအတွင်း ၎င်းကတိပြုခဲ့သည့် ကိစ္စရပ်များကို ကနဦးအနေဖြင့် အကောင်အထည်ဖော်ဆောင်မည်ဖြစ်ကြောင်း ဂျက်ကင်းစတန်က ဆိုသည်။ ဒေါ်နယ်ထရန့်က ဂျပန်နိုင်ငံအတွင်းရှိ အမေရိကန်တပ်ဖွဲ့များ တပ်ဖြန့်ထားခြင်း၏ ကုန်ကျစရိတ်များကို ဂျပန်နိုင်ငံက တာဝန်ယူသင့်ကြောင်း ၎င်းမဲဆွယ်စည်းရုံးရေးကာလအတွင်း ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံပါဝင်သော "ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်နိုင်ငံများ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ်"မှ အမေရိကန်ကို အဖွဲ့ဝင်အဖြစ်မှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဒေါ်နယ်ထရန့်တို့ တွေ့ဆုံသည့်အစည်းအဝေးပွဲတွင် မည်သည့်ကိစ္စရပ်များကို အလေးပေးဆွေးနွေးကြမလဲဆိုသည်ကို ကမ္ဘာတစ်ဝန်းရှိ မီဒီယာများက စိတ်ဝင်စားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**





# အမေရိကန်သမ္မတ အိုဘားမား ဥရောပ၌ ဆက်လက်ခရီးလှည့်လည်



**ဘာလင် နိုဝင်ဘာ ၁၇**

အမေရိကန်သမ္မတ ဘာရက်အိုဘားမားသည် ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ နိုဝင်ဘာ ၁၆ ရက်တွင် ရောက်ရှိလာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရန့် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီးနောက် ဥရောပသို့ နောက်ဆုံးခရီးစဉ်အဖြစ် ရောက်ရှိလာသူ အိုဘားမားသည် ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကဲလ်နှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

မာကဲလ်သည် မိမိ၏ အရင်းနှီးဆုံး နိုင်ငံတကာ လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သည်ဟု အိုဘားမားက ဂျာမနီခရီးစဉ်မတိုင်မီ ပြောကြားခဲ့သည်။ အိုဘားမားသည် သမ္မတအဖြစ် ရှစ်နှစ်တာ တာဝန်ထမ်းဆောင်ချိန်အတွင်း ဂျာမနီနိုင်ငံနှင့်အတူ အတ္တလန္တိတ်သမုဒ္ဒရာဖြတ် မဟာမိတ်ဖွဲ့မှုကို တည်ဆောက်ခဲ့သူဖြစ်သည်။

ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကို ဖြေရှင်းနိုင်ရန် အိုဘားမားနှင့် မာကဲလ်တို့ ပူးပေါင်းလုပ်ကိုင်ခဲ့ကြပြီး အမေရိကန်နှင့် ဥရောပ လွတ်လပ်သော ကုန်သွယ်ရေးကို မြှင့်တင်နိုင်ရန်လည်းကောင်း၊ ရာသီဥတုပြောင်းလဲမှုပြဿနာကို ကိုင်တွယ်ဆောင်ရွက်ရာတွင်လည်းကောင်း နှစ်နိုင်ငံခေါင်းဆောင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ထရန့်သည် နိုင်ငံတကာ ကုန်သွယ်ရေးသဘောတူညီချက်များနှင့်ပတ်သက်၍ မဲဆွယ်စည်းရုံးရေးကာလအတွင်း ဝေဖန်တိုက်ခိုက်ခဲ့သူဖြစ်သဖြင့် အမေရိကန်နှင့်ဥရောပ မဟာမိတ်ဖွဲ့လုပ်ကိုင်ဖွဲ့မှု အနေအထား ပျက်ပြားသွားမည်ကို စိုးရိမ်ပူပန်မှုများ ပေါ်ထွက်နေချိန်အတွင်း အိုဘားမားက ဥရောပခေါင်းဆောင်များနှင့် တွေ့ဆုံခြင်းဖြစ်သည်။

စစ်အေးကာလအတွင်းနှင့် စစ်အေးခေတ်လွန်ကာလတို့တွင် အမေရိကန်နှင့်ဥရောပဆက်ဆံရေး ခိုင်မာတိုးတက်ခဲ့မှုသည် ဒေါ်နယ်ထရန့်၏လက်ထက်တွင် ပြန်လည်ပျက်ပြားသွားမည်ကို ဥရောပခေါင်းဆောင်များက စိုးရိမ်ပူပန်လျက်ရှိသည်။ **ရိုက်တာ။**

# အလက်ပိုမြို့တွင် လေကြောင်းတိုက်ခိုက်မှုကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံး

**ဒမတ်စကတ် နိုဝင်ဘာ ၁၇**

လွန်ခဲ့သော ၂၄ နာရီအတွင်း ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ အလက်ပိုမြို့တွင် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုအသစ်များ ပြန်လည်ပြုလုပ်ခဲ့ခြင်းကြောင့် လူပေါင်း ၁၁၀ ခန့် သေဆုံးခဲ့ကြောင်း ဆီးရီးယားအရေး တက်ကြွလှုပ်ရှားသူများက နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားကြသည်။

သူပုန်များ ထိန်းချုပ်ထားသည့် အလက်ပိုမြို့ အရှေ့ပိုင်းဒေသကို ဆီးရီးယားနှင့် ရုရှားလေယာဉ်များက လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သား ၉၀ ခန့် သေဆုံးခဲ့ရကြောင်း စကိုင်းနယူးစ် အာရေဗျရုပ်သံသတင်းတွင် ဖော်ပြသည်။

အလက်ပိုမြို့၏ အနောက်ဘက်ခြမ်းမှ ဘာတာပိုမြို့အား ပစ်မှတ်ထားကာ အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် အခြားအရပ်သား ၂၀ ခန့် သေဆုံးရကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

ယင်းပစ်ခတ်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရသူ ဦးရေ တိုးပွားလာပြီး သေဆုံးရသူ အရေအတွက်မှာလည်း မြင့်တက်လာဖွယ်ရှိကြောင်း၊ အလက်ပိုမြို့ အရှေ့ဘက်ခြမ်းဒေသတွင် ထိခိုက်ဒဏ်ရာရသူများအား ဆေးဘက်ဆိုင်ရာ ကုသစောင့်ရှောက်နိုင်မှု အခြေအနေမှာ ဆိုးရွားနေကြောင်း သတင်းများ၌ ဖော်ပြသည်။

နိုဝင်ဘာ ၁၇ ရက်တွင် အလက်ပိုမြို့ အရှေ့ပိုင်းရှိ ပစ်မှတ်များကို ဆီးရီးယားအစိုးရနှင့် ရုရှားတို့က လေကြောင်းမှ စီးနင်းတိုက်ခိုက်မှု အကြိမ် ၅၀ ကျော်နှင့် အမြောက်လက်နက်များဖြင့် ပစ်မှတ်ထား တိုက်ခိုက်မှုအကြိမ် ၃၀၀ ခန့် ပြုလုပ်ခဲ့ကြောင်း ဆီးရီးယားအရေး တက်ကြွလှုပ်ရှားသူတစ်ဦးက ပြောကြားသည်။

ဆီးရီးယားအစိုးရအား ဆန့်ကျင်နေသည့် သူပုန်များသည် အလက်ပိုမြို့ အရှေ့တောင်ဘက် ဆာဖရီဟာမြို့ရှိ အစိုးရတပ်ဖွဲ့စခန်းများအား ဒုံးကျည်များဖြင့် အကြိမ် ၄၀ ခန့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ပြောကြားပြီး ၎င်းတို့တိုက်ခိုက်ခဲ့သောနေရာမှာ အလက်ပိုမြို့ အနောက်ဘက် လူနေအိမ်ရာဒေသ အမှတ် ၁၀၇၀ ဖြစ်သည်ဟု သတင်းတွင် ဖော်ပြသည်။

သို့သော် အလက်ပိုမြို့အား လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ရုရှားနိုင်ငံက လွန်ခဲ့သည့်လကပင် အကြိမ်ကြိမ် ငြင်းဆိုခဲ့သည်။

**ဆင်ဟွာ။**



# ရထားလမ်းစီမံကိန်းငါးခုအတွက် ယွမ် ၂၀၀ ဘီလီယံ နီးပါး တရုတ်အစိုးရ သုံးစွဲမည်

**ပေကျင်း နိုဝင်ဘာ ၁၇**

တရုတ်နိုင်ငံအတွင်းရှိ မီးရထားလမ်းစီမံကိန်းငါးခုအတွက် ယွမ် ၁၉၄ ဒသမ ၅၈ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆ ဘီလီယံ) သုံးစွဲရန် တရုတ်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်က ယနေ့အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါကော်မရှင်က ခန့်မှန်းခြေ ယွမ် ၆၄ ဒသမ ၁၃ ဘီလီယံကုန်ကျမည့် အရှည် ၄၁၂ ကီလိုမီတာရှိသော ကျင်းစီပြည်နယ် ဂန်ကျိုးနှင့် ရှန်ဇန်းကြား ရထားလမ်းတစ်ခုတည်ဆောက်ရေးကို အတည်ပြုခဲ့ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန (MOT) က အွန်လိုင်းထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ ပေကျင်း-တီယန် ကျင်း-ဟီဘေးဒေသအတွင်း သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရန် ပေကျင်းနှင့် ဟီဘေးပြည်နယ် တန်ရှန်းကြား အရှည် ၁၄၈ ဒသမ ၇ ကီလိုမီတာရှိ ရထားလမ်းတစ်ခု တည်ဆောက်ရေးအတွက်လည်း ခွင့်ပြုချက်ပေးခဲ့ပြီး ယင်းစီမံကိန်းမှာ ယွမ် ၄၄ ဒသမ ၉ ဘီလီယံ ကုန်ကျမည်ဟု မျှော်မှန်းရကြောင်း MOT က ဆိုသည်။

အရှေ့မြောက်ပိုင်းဒေသကို သစ်လွင်လာစေမည့် နောက်ထပ်စီမံကိန်းမှာ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်ရှိ မူဒန်ကျင်းမြို့တော်နှင့် ကျားမူစီမြို့တော်ကြား အရှည် ၃၇၅ ကီလိုမီတာရှိသော ရထားလမ်းတည်ဆောက်ရေးစီမံကိန်းဖြစ်ပြီး အဆိုပါစီမံကိန်းမှာ ယွမ် ၃၈ ဒသမ ၅၆ ဘီလီယံကုန်ကျမည်ဟု မျှော်မှန်းရသည်။ တရားဝင်အချက်အလက်များအရ ၂၀၁၉ ခုနှစ်မတိုင်မီ ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံကဏ္ဍတွင် ယွမ် ၄ ဒသမ ၇ ထရီလီယံ သုံးစွဲရန် အစိုးရကစီစဉ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ။**

# မိုဆူးမြို့တောင်ဘက်တွင် အီရတ်ရဲတပ်ဖွဲ့ဝင်ဟောင်း ၃၀၀ ကျော်အား အိုင်အက်စ်စစ်သွေးကြွများ သတ်ဖြတ်ဟုဆို

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၇**

အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)စစ်သွေးကြွများသည် လွန်ခဲ့သည့် ရက်သတ္တ သုံးပတ်အတွင်းက အီရတ်ရဲတပ်ဖွဲ့ဝင် ၃၀၀ ကျော်အား သတ်ဖြတ်ကာ မိုဆူးမြို့၏ တောင်ဘက် ဟမ်မန်အယ် အယ်လေးမြို့၌ အစုလိုက် အပြုံလိုက် မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်မှာ သေချာသလောက်ရှိကြောင်း အီရတ်လူ့အခွင့်အရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က နိုဝင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

အဆိုပါ လူအစုအပြုံလိုက် မြှုပ်နှံသင်္ဂြိုဟ်ရာဒေသသို့ သွားရောက်သည့် ရိုက်တာသတင်းထောက်ကို ၎င်းဒေသရှိ ဒေသခံများက ပြောကြားရာတွင် တစ်ဖက်စွန်းရောက် သဘောထားတင်းမာသူ စစ်သွေးကြွများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်း သို့မဟုတ် ခေါင်းဖြတ်သတ်ဖြတ်ခြင်း ခံရသူ ၃၀၀ ကျော်အား အဆိုပါမြို့မှ စစ်သွေးကြွများ မဆုတ်ခွာမီ ရက်သတ္တပတ်အတွင်း အစုအပြုံလိုက် မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်ဟု ယုံကြည်ရကြောင်း ဖော်ပြသည်။

မိုဆူးမြို့ ဝန်းကျင်ရှိ ကျေးရွာများနှင့် မြို့များတွင် အီရတ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ဦးရေ ၂၀၀၀ ခန့်သည် ကွဲပြားစွာ ပျံ့နှံ့နေသည်။ လွန်ခဲ့သည့်လက အလက်ပိုမြို့ မြောက်ပိုင်းနှင့် တာအယ်ဖာမြို့များမှ စစ်သွေးကြွတို့ ဆုတ်ခွာစဉ် အရပ်သူအရပ်သားများကို ၎င်းတို့နှင့် အတူတကွ လိုက်ပါရန် အတင်းအကျပ်စေခိုင်းခဲ့သည်။

**ဆင်ဟွာ။**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးငွေရယူရန်ကိစ္စနှင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်း ဆောင်ရွက်ရေးရန်ပုံငွေမှ ချေးငွေရယူရန်ကိစ္စတို့နှင့် စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ဆွေးနွေးတင်ပြကြသည်။

ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃) တည်ဆောက်ရန် JICA ချေးငွေခွင့်ပြုနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က သန်လျင်မြို့နယ်တွင် သီလဝါအထူးစီးပွားရေးဇုန် ပေါ်ပေါက်လာပြီဖြစ်သည့်အတွက် ယာဉ်နှင့်ကုန်စည်စီးဆင်းမှုများတိုးတက်လာပြီး ယာဉ်ကြောပိတ်ဆို့မှု များပြားလာသည့်အပြင် လက်ရှိသန်လျင်တံတားအမှတ်(၁) မှာလည်း ခံနိုင်ဝန် ၃၂ တန်သာရှိသည့်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးငွေရယူပြီး သန်လျင်တံတားအမှတ်(၃) တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါ တံတားတည်ဆောက်ခြင်းဖြင့် နိုင်ငံ၏လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအပါအဝင် ကဏ္ဍစုံဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည့်အတွက် ဂျပန်ယမ်းငွေ ၃၁၀၅၁ သန်း ချေးယူခွင့်ပြုနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

တွံတေးတူးမြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေမှ ချေးငွေချေးယူခွင့်ရရှိရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးနှင့် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၃ သန်းနှင့် ညီမျှသော ကိုရီးယားငွေကို ချေးယူပြီး တွံတေးတူးမြောင်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် တွံတေးတူးမြောင်းအတွင်း ရေကြောင်းသွားလာမှု လုံခြုံစိတ်ချရစေခြင်း၊ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာစေခြင်း၊ ခရီးသွားလုပ်ငန်းတိုးတက်လာနိုင်စေခြင်း၊ ကမ်းပြိုကမ်းစားမှုနှင့် ရေကြီးရေလျှံမှုတို့မှ ကာကွယ်နိုင်သဖြင့် စိုက်ပျိုးမြေဆုံးရှုံးမှု လျော့နည်းစေခြင်းနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံစေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည် ဖြစ်သောကြောင့် ချေးငွေအား ချေးယူခွင့်ပြုနိုင်ပါရန် ရှင်းလင်းတင်ပြရာ ၎င်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသူရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့ပြင် အစည်းအဝေးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြကြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် သာမန်အသုံးစရိတ်ခေါင်းစဉ်၌ လစာနှင့် စရိတ်ချီးမြှင့်ငွေ၊ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန်ငွေ၊ နှစ်စဉ်ကြေးလိုငွေ၊ ပညာသင်ထောက်ပံ့ကြေး၊ အစားအစာနှင့် ရိက္ခာ၊ ကြော်ငြာခ၊ ပြည်ပအကူအညီရငွေတို့ ပါဝင်ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်၌ ကုန်သွယ်လုပ်ငန်းခွန်၊ မြေယာလျော်ကြေးပေးချေရန် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဖြည့်စွက်ငွေကျပ် ၉၉၄၁၁ ဒသမ ၉၂၀ သန်းအား ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်က ပြည်ထောင်စုလွှတ်တော်ရုံးအတွက် သာမန်အသုံးစရိတ် မူလခွင့်ပြုရန်ပုံငွေမှာ ကျပ် ၁၂၄၆ ဒသမ ၈၉၆ သန်း ဖြစ်ပါကြောင်း၊ သို့ရာတွင် (၃၇)ကြိမ်မြောက် AIPA အထွေထွေညီလာခံ အသုံးစရိတ်အတွက် ဖြည့်စွက်တောင်းခံငွေ ကျပ်သန်း ၁၄၀ ဖြစ်သည့်အတွက် ပြုပြင်ပြီး လျာထားချက်မှာ ကျပ် ၁၃၈၆ ဒသမ ၈၉၆ သန်း ဖြစ်ပါကြောင်း၊ AIPA အထွေထွေညီလာခံ အသုံးစရိတ်များကို ထည့်သွင်းတောင်းခံခဲ့ခြင်း မရှိပါကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်တွင် ဝန်ထမ်းအိမ်ရာ (၃)လုံးအတွက် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း ပေးချေရန် ၁၃၇ ဒသမ ၅၀၂ သန်းတို့အား အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြည့်စွက်ရန်ပုံငွေ တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# စုံညီခုံရုံးက အယူခံမှုအမှတ်(၁၉)၊ (၂၀)နှင့် (၂၁)တို့အား အပြီးသတ်အမိန့်ချမှတ်

**နေပြည်တော် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးကျော်မြင့် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)အပေါ် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးအောင်မျိုးဦး(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁၁/၂၀၁၅) ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၄) က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးအောင်မျိုးဦးက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၁၉/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။

ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးမှ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုပြီး မူလရွေးကောက်ပွဲခုံအဖွဲ့(၄)၏ ကန့်ကွက်လွှာအမှုအမှတ်(၁၁/၂၀၁၅) တွင် ၂-၉-၂၀၁၆ ရက်နေ့ကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်အား ပယ်ဖျက်၍ ၈-၁၁-၂၀၁၅ ရက်နေ့တွင် ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဒုတိယခိုင်လုံမဲအများဆုံးရရှိသူ ရမည်းသင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအောင်မျိုးဦး (အယူခံလျှောက်ထားသူ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား ယင်းမဲဆန္ဒနယ် အမှတ်(၂)၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း၊ တရားစရိတ်ငွေကျပ်တစ်သိန်းနှင့်တကွ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးကိုကိုနိုင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးထွန်းထွန်းဝင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ်(၁၀/၂၀၁၅)ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့(၄)ကချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးထွန်းထွန်းဝင်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ်(၂၀/၂၀၁၆) ဖြင့် လက်ခံခဲ့သည်။

ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ခုံအဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးမှ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုကို စရိတ်နှင့်တကွ ခွင့်ပြုပြီး မူလရွေးကောက်ပွဲခုံအဖွဲ့(၄)၏ ကန့်ကွက်လွှာအမှုအမှတ်(၁၀/၂၀၁၅) တွင် ၂-၉-၂၀၁၆ ရက်နေ့ကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်အမိန့်ကိုပယ်ဖျက်၍ ၈-၁၁-၂၀၁၅ ရက်နေ့တွင် ကျင်းပသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဒုတိယခိုင်လုံမဲအများဆုံးရရှိသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှအယူခံလျှောက်ထားသူ ဦးထွန်းထွန်းဝင်းအား ရမည်းသင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူဖြစ်ကြောင်း၊ တရားစရိတ်ငွေကျပ်တစ်သိန်းနှင့်တကွ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ဦးလွင်စိုးမင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးမြင့်အောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)က လျှောက်ထားသည့် ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁၂/၂၀၁၅) ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ရွေးကောက်ပွဲခုံအဖွဲ့ (၃)က ချမှတ်ခဲ့သည့် စီရင်ချက်(အမိန့်)အား ဦးလွင်စိုးမင်းက ကျေနပ်မှုမရှိသဖြင့် အယူခံမှုတင်သွင်းလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ်(၂၁/၂၀၁၆)ဖြင့် လက်ခံခဲ့သည်။

ယင်းအယူခံမှုအား ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ခုံအဖွဲ့ဝင်များအဖြစ် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ ပါဝင်သည့် စုံညီခုံရုံးမှ အယူခံမှုကိုခွင့်ပြုပြီး ရွေးကောက်ပွဲကန့်ကွက်လွှာ အမှုအမှတ် (၁၂/၂၀၁၅)တွင် ရွေးကောက်ပွဲခုံအဖွဲ့(၃)က ချမှတ်ခဲ့သည့် ၅-၉-၂၀၁၆ရက်စွဲပါ ဆုံးဖြတ်ချက်ကို ပယ်ဖျက်၍ ဦးမြင့်အောင်၏ ကန့်ကွက်လွှာကို တရားစရိတ်ကျပ်တစ်သိန်းနှင့်တကွ ပယ်သည့်အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်ပွဲခုံရုံးများမှ ဆုံးဖြတ်ချက်(အမိန့်) ချမှတ်ပြီးသော ရွေးကောက်ပွဲကန့်ကွက်လွှာအမှုပေါင်းမှာ နိုဝင်ဘာ ၁၇ ရက်အထိ ၃၉ မှုရှိပြီး အပြီးသတ်အမိန့်ချမှတ်ပြီး နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခဲ့သော အမှုပေါင်းမှာ ၃၃ မှုရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သမိုင်းဘာသာရပ်သာမက လက်ရှိသင်ကြားနေသော သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ဖြည့်စွက်သွားရန် စီစဉ်လျက်ရှိကြောင်း ပညာရေးဝန်ကြီးပြော

**နေပြည်တော် နိုဝင်ဘာ ၁၇**

အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီအနေဖြင့် သမိုင်းဘာသာရပ်တစ်ခုတည်းကိုသာမက လက်ရှိသင်ကြားနေသော သင်ရိုးညွှန်းတမ်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့အရ တင်ပြအတည်ပြုချက်ရယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုဝင်ဘာ ၁၇ ရက်တွင် ပြည်သူ့လွှတ်တော်သို့ ရှင်းလင်းပြောကြားသည်။

တောင်တွင်းကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းက ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကျောင်းသားဦးရေ မည်မျှရှိ၍ သမိုင်းဘာသာရပ်ပြဋ္ဌာန်းစာကို ပြန်လည်ပြုစုရေးသားရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့် ပတ်သက်၍ ပညာရေးဝန်ကြီးက ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

ဦးမင်းသိန်းက ၎င်း၏မေးခွန်းနှင့် စပ်လျဉ်း၍ "တက္ကသိုလ်ဝင်တန်းမှာ သမိုင်းပါတဲ့ ဘာသာတွဲ သင်ယူနည်းပါးလှပါတယ်။ တက္ကသိုလ်ဘွဲ့ရအသီးသီးနဲ့ ယနေ့လူငယ်၊ လူလတ်ပိုင်းတွေဟာ သမိုင်းဗဟုသုတ နည်းပါးကြပါတယ်။ သမိုင်းကို မသိရလေအောင် တမင်တကာများ ဖန်တီးထားသလားလို့ အချို့က သံသယဝင်နေကြပါတယ်။ သမိုင်းကို အနိုင်ရသူ အောင်မြင်သူက ရေးတယ်ဆိုတဲ့ ၁၇ ရာစုက နပိုလီယံရဲ့ အယူအဆဟာ အာဏာရှင်တို့အကြိုက် ဖြစ်ခဲ့ပါတယ်။ သမိုင်းစာပေများအပေါ် အဲဒီအချိန်ကာလအုပ်စိုးသူများရဲ့ ဩဇာသက်ရောက်နေတတ်ပါတယ်။ မြန်မာ့သမိုင်းမှာလည်း ကျောင်းသားလေးတွေ သင်ယူနေရတဲ့ သမိုင်းပြဋ္ဌာန်းစာတွေဟာ အုပ်စိုးသူအစိုးရရဲ့အလိုကျ ပြင်ဆင်တည်းဖြတ်တာတွေ လုပ်ခဲ့ကြပါလိမ့်မယ်။ သမိုင်းပါမောက္ခဆရာကြီး ဒေါက်တာသန်းထွန်းက သမိုင်းကို မအအောင်သင်ရတယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမယ့် သမိုင်းမှား သမိုင်းတု၊ ဝါဒဖြန့်သမိုင်းကို သင်ကြားရ၊ ဖတ်ရရင် ပိုအသွားနိုင်ပါတယ်။ ဓာတုဗေဒအီကွေးရှင်းတစ်ခုဟာ သိပ်အရေးကြီးသလို သမိုင်းဝါကျတစ်ကြောင်းကလည်း အလွန်အရေးကြီးပါတယ်" ဟု ပြောကြားသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံးရှိ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ဦးရေ စုစုပေါင်း ၄၁၅၄၈၆ ဦးရှိပြီး သမိုင်းဘာသာရပ်ပါသည့် ဘာသာတွဲကို သင်ယူနေသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁၆၄၀ ရှိပါကြောင်းနှင့် ပညာရေးဝန်ကြီးဌာနသည် တက္ကသိုလ်ဝင်တန်း တက်ရောက်မည့် ကျောင်းသား ကျောင်းသူများကို ဘာသာတွဲရွေးချယ်ရာတွင် မိမိစိတ်ကြိုက် ရွေးချယ်သင်ယူခွင့်ပေးထားကြောင်း ပညာရေးဝန်ကြီးက ပြန်လည်ဖြေကြားခဲ့သည်။

**အေဝမ်းစိုး။**

■

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာ ဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# အဓမ္မမှသည် ဓမ္မဆီသို့

**ခ မောင်စာဂ**

လူ့ဘောင်လောက ဖြစ်လာကြရာ ပုထုဇဉ်လူ့ဘဝ၊ ချစ်ခြင်းနှင့် မုန်းခြင်း၊ အကောင်းနှင့် အဆိုး၊ အမှန်နှင့် အမှား၊ တရားမှုနှင့် မတရားမှု၊ အတက်နှင့် အဆင်း၊ အမြင့်နှင့် အနိမ့်စသည် ဆန့်ကျင်ဘက်တရားများ ဒွန်တွဲလျက် လွန်ဆွဲနေကြသည်။

လာဘ်လာဘ(တံစိုးမဟုတ်) ပေါများခြင်းနှင့် နည်းပါးခြင်း၊ အခြွေအရံများပြားခြင်းနှင့် နည်းပါးခြင်း၊ ချီးမွမ်းခြင်းနှင့် ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်းနှင့် ဆင်းရဲခြင်း တည်းဟူသော လောကဓံတရားရှစ်ပါးနှင့် ဘတစ်ပြန် ကျားတစ်ပြန်ရင်ဆိုင်တွေ့ကြုံထွေးလုံးရစ်ပတ်နေကြရသည်။

**အဓမ္မတရားတွေ လွှမ်းမိုးသည့်အခါ**

အဓမ္မတရားတွေ လွှမ်းမိုးလာသည့်အခါ အဓမ္မဝါဒီတွေ၊ အဓမ္မသမားတွေ ကြီးစိုးလာသည့်အခါ လူ့ဘောင်လောက ကသောင်းကနင်းဖြစ်ရသည်။ ထိတ်ထိတ်လန့်လန့် ရှိကြရသည်။ လောဘ၊ ဒေါသ၊ မာန်မာနနှင့် အတ္တတွေ ကြီးထွားစေသည်။ ရက်စက်ကြမ်းတမ်း ယုတ်မာမှုတွေ ထူပြောစေသည်။ သဘာဝဘေးအန္တရာယ်အထွေထွေ ကြုံနေရတတ်သည်။ လူနေမှုဘဝ၊ အသိပညာကင်းမဲ့၊ ဆင်းရဲချို့တဲ့၊ မသာမယာ အောက်တန်းကျကျ နေကြထိုင်ကြရသည်။

**ဓမ္မတရားတွေ လွှမ်းမိုးသည့်အခါ**

ဓမ္မတရားတွေ လွှမ်းမိုးနေသည့်အခါ ဓမ္မဝါဒီတွေ၊ ဓမ္မသမားတွေ ကြီးစိုးနေသည့်အခါ လူ့ဘောင်လောက အေးအေးချမ်းချမ်း၊ သာသာယာယာရှိသည်။ ပျော်ပျော်ရွှင်ရွှင်၊ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်ကြရသည်။ သစ္စာတရားတွေ၊ မေတ္တာတရားတွေ၊ ကရုဏာတရားတွေ၊ အကြင်နာတရားတွေ ဖြစ်ထွန်းစေသည်။ သဘာဝကောင်းကျိုးချမ်းသာ အဖြာဖြာ ပေါ်ပေါက်လာစေတတ်သည်။ လူနေမှုဘဝ၊ မြင့်မားတိုးတက်၊ ဖွံ့ဖြိုးစည်ပင်၊ သာယာဝပြော၊ အဆင့်မြင့်မြင့် နေကြထိုင်ကြရသည်။

**အဓမ္မတရားတွေ ဖြစ်ပေါ်လာစေခြင်း၏ အခြေခံအကြောင်းတရားများ**

အဓမ္မတရားတွေ ဖြစ်ပေါ်လာစေခြင်း၏ အခြေခံအကြောင်းတရားများ အမျိုးမျိုးရှိပါလိမ့်မည်။ ဤသည်တို့ကား အဘယ်နည်း။ အဓမ္မတရားသည် နက်နက်ရှိုင်းရှိုင်း ရှိလှသည်။ နှစ်နှစ်ကာကာ ထိထိမိမိ တင်ပြနိုင်စွမ်းရှိမည် မဟုတ်ပါ။ နားလည်သလို ရိုးရိုးလေးပြောပါရစေ။ ငယ်ငယ်ကတည်းက ကြားခဲ့သိခဲ့ရသည့် ဆိုရိုးစကားအချို့အပေါ် အခြေခံ၍ အဖြေထုတ်ပါမည်။

**ကိုယ့်ထက်သာမနာလို**

မိမိသည်သာ တော်ချင်တတ်ချင်၊ အထက်က နေချင်သည်။ မိမိထက်ပို၍ တော်သွားမှာ၊ တတ်သွားမှာ၊ အထက်ကရောက်သွားမှာကို ကြောက်သည်၊ စိုးရိမ်သည်၊ ပူပန်သည်၊ မိမိထက် သာသွားလျှင် မနာလိုဝန်တိုစိတ်တွေ ကြီးထွားလာသည်။ ဤသို့သော စိတ်ထားမျိုးသည် ဓမ္မတရားကို ဖယ်ရှားကာ အဓမ္မတရားဆီသို့ ဦးတည်သွားတော့သည်။

**ကိုယ်နှင့် သဘောမတူ ကိုယ့်ရန်သူ**

လူတိုင်းလူတိုင်းတွင် အတွေးအခေါ်၊ အသိအမြင်၊ အယူအဆ၊ သဘောထားတွေ ကိုယ်စီကိုယ်စီရှိကြသည်။ အများပြည်သူ၊ နိုင်ငံတော်နှင့် လောကကောင်းကျိုးချမ်းသာများကို ဆောင်ကြဉ်းပေးမည့် အတွေးအခေါ်၊ အသိအမြင်၊ အယူအဆ သဘောထားများရှိဖို့လိုသည်။ အရာခပ်သိမ်းသည် အစဉ်အမြဲ ပြောင်းလဲဖြစ်ပေါ်လျက်ရှိရာ ကောင်းသောပြောင်းလဲဖြစ်ပေါ်မှု အစဉ်နှင့်အတူ လိုက်လျောညီထွေဖြစ်စေမည့် ကောင်းသောအတွေးအခေါ်၊ အသိအမြင်၊ အယူအဆ သဘောတရားများဖြစ်ဖို့လိုသည်။ မိမိ၏ အတွေးအခေါ်၊ အသိအမြင်၊ အယူအဆသဘောတရားသည်သာ ထာဝရမှန်ကန်သည်ဟူ၍ စွဲကိုင်မထားသင့်၊ အများပြည်သူ၊ နိုင်ငံတော်နှင့် လောကကောင်းကျိုးချမ်းသာများအတွက်ဆိုလျှင် အခြားသူများ၏အတွေးအခေါ်၊ အသိအမြင်၊ အယူအဆ သဘောတရားများကိုလည်း အလေးထား၍ ပေါင်းစပ်ဆောင်ရွက်ကြရပေမည်။ မိမိ၏ အတွေးအခေါ်၊ အသိအမြင်၊ အယူအဆ သဘောတရားများသည်သာ ထာဝရအမှန် တရားသေစွဲမှတ်ပြီး "ကိုယ့်နှင့်သဘောမတူ ကိုယ့်ရန်သူ" စိတ်ထားမျိုးသည် ဓမ္မတရားကို ဖယ်ရှားကာ အဓမ္မတရားဆီသို့ ဦးတည်သွားတော့သည်။

**ဘယ်သူသေသေ ငတေမာရင်ပြီးရော**

မည်သူ့ကိုမျှ မကြည့်၊ ကိုယ့်ကိုယ်ကိုယ်သာကြည့်သည်။ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်အုပ်စုအတွက်သာ ကြည့်သည်။ မည်သူတွေ မည်သို့ပင်ဖြစ်နေပါစေ၊ ဒုက္ခတွေ တွေ့ချင်သလို တွေ့ကြပါစေ၊ ဆင်းရဲချင်သလို ဆင်းရဲနေကြပါစေ၊ ဖြစ်ချင်သလို ဖြစ်နေကြပါစေ၊ ကိုယ်ကောင်းနေရင်ပြီးရော၊ ကိုယ်ချမ်းသာနေရင်ပြီးရော၊ ကိုယ်ကြီးပွားတိုးတက်နေရင်ပြီးရော၊ ကိုယ်သြဇာအာဏာတွေရှိနေရင်ပြီးရော စသည်စသည်ဖြင့် ကိုယ့်အတွက်၊ ကိုယ့်မိသားစု၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်အုပ်စုအတွက်သာ ကြည့်တတ်၊ မြင်တတ်သော စိတ်ထားမျိုးသည် ဓမ္မတရားကို ဖယ်ရှားကာ အဓမ္မတရားဆီသို့ ဦးတည်သွားတော့သည်။

**ပွဲလန့်တုန်း ဖျာခင်း**

ပွဲကြည့်ရာတွင် ထိုင်ကြည့်ဖို့ "မိမိဘာကြောင့် ဖျာမရရှိရတာလဲ။ သူများတွေ ဘာ့ကြောင့် ဖျာတွေရရှိကြတာလဲ"၊ စစ်ကြော၊ ဆင်ခြင်၊ သုံးသပ်ခြင်းမပြု။ ဖျာမရလိုက်သော်လည်း ပွဲကိုသက်သောင့်သက်သာ ကြည့်ရှုနိုင်ရေး၊ မည်သို့ စီမံဆောင်ရွက်သွားမည်ကိုလည်း မတွေး၊ မခေါ်၊ ငြိမ်းချမ်းသာယာပျော်ရွှင်နေသော ပွဲခင်းကို အထိတ်တလန့်ဖြစ်စေလိုသည်။ ဖြစ်အောင် ဖန်တီးလိုသည်။ အထိတ်တလန့်ဖြစ်လိုက်သည်နှင့် တရုန်းရုန်းဖြစ်ကာ "ပွဲလန့်သွားလျှင် ဖျာဝင်ခင်းမည်" ဟူသော စိတ်ထားမျိုးထားရှိသူသည် ဓမ္မတရားကို ဖယ်ရှားကာ အဓမ္မတရားဆီသို့ ဦးတည်သွားတော့သည်။

**မစားရသည့်အမဲ သဲနှင့်ပက်**

"ကိုယ်ဘာ့ကြောင့် သည်အမဲသားကို စားခွင့်မရလိုက်တာလဲ။ သူများတွေဘာ့ကြောင့် စားခွင့်ရသွားတာလဲ"။ စစ်ကြောဆင်ခြင်သုံးသပ်ခြင်းမပြု။ ကိုယ်မစားရလျှင်လည်း "ကိုယ်မစားထိုက်လို့ မစားရတာပဲ။ သူများတွေစားထိုက်လို့ စားရတာပဲ၊ စားပါစေပါ။" စေတနာ၊ မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားမထား။ တွေးခေါ်မြော်မြင်ခြင်းမရှိ၊ ကိုယ်မစားရအတူတူ သူများလည်း မစားရအောင်ဆိုပြီး သဲနှင့်ပက်တတ်သော စိတ်ထားမျိုးသည် ဓမ္မတရားကို ဖယ်ရှားကာ အဓမ္မတရားဆီသို့ ဦးတည်သွားတော့သည်။

**မင်းသားကြီးမလုပ်ရလျှင် ပတ်မကြီးထိုးဖောက်**

မင်းသားတော့ လုပ်ချင်ကြတာချည်းပါပဲ။ မင်းသား မလုပ်ဖူးသေးသူတွေရော၊ လုပ်ဖူးသူတွေပါ မင်းသားနေရာမှာ နေချင်ကြ၊ လုပ်ချင်ကြသူတွေများနေပါလိမ့်မည်။ သို့သော် ကိုယ်လုပ်ချင်ပါလည်း လုပ်၍မရ။ "အကြောင်းကြောင့် အကျိုးဖြစ်" ဆိုသလို၊ မင်းသား လုပ်ထိုက်ခွင့် အကြောင်းရှိလာလို့ လုပ်ခွင့်ရသည်။ လုပ်ထိုက်ခွင့် အကြောင်းမပါလို့ လုပ်ထိုက်ခွင့်မရ။ ဤသို့ အကြောင်းနှင့် အကျိုး၊ အကျိုးနှင့် အကြောင်း၊ အကြောင်းကြောင့် အကျိုးဖြစ်ရသည်ကို မတွေးမခေါ်၊ မဆင်ခြင်၊ "မင်းသားကြီးပဲ လုပ်မယ်၊ မင်းသားမလုပ်ရလျှင် ပတ်မကြီးကို ထိုးဖောက်မယ်"ဟူသော စိတ်ထားမျိုးသည် ဓမ္မတရားကို ဖယ်ရှားကာ အဓမ္မတရားဆီသို့ ဦးတည်သွားတော့သည်။

**လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် အတ္တလွန်ကဲခြင်းကြောင့်သာ**

လူ့ဘောင်လောကတွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားလေးပါး မပွားနိုင်ကြဘဲ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် အတ္တတွေ လွန်ကဲပြီး အစွန်းတစ်ဖက်သို့ ရောက်သွားကြခြင်းကြောင့်သာ အဓမ္မတရားတွေ ဖြစ်ထွန်းလာရသည်။ အဓမ္မဝါဒီတွေ၊ အဓမ္မသမားတွေ ပေါ်ပေါက်လာရသည်။ လောကကြီး မသာမယာ၊ အကျည်းတန်၊ အရုပ်ဆိုးရသည်။ တရားဥပဒေ စိုးမိုးရေး ပျက်ပြားရတော့သည်။

**ကောင်းသောပြောင်းလဲမှုဖြစ်စဉ်သို့**

ယနေ့မြန်မာနိုင်ငံ၏ ပြောင်းလဲမှုဖြစ်စဉ်သည် အချိန်အခါနှင့် အခြေအနေအရ ပြောင်းလဲ ပေါ်ပေါက်လာရခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ တစ်ဦးတစ်ယောက်က ဦးဆောင်သည့်စနစ်မှသည် ပြည်သူတွေလိုလားသော ပါတီစုံဒီမိုကရေစီခေတ်ဆီသို့ ပြောင်းလဲလာသည်ဟု ပြောကြရပေမည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးပေါ်လာသည်။ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် စသည်ဖြင့် လွှတ်တော် အသီးသီးပေါ်လာသည်။ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ အသီးသီး ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ ၂၀၁၇ ခုနှစ် ဧပြီလတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပါလိမ့်ဦးမည်။ ပြည်သူတွေက မိမိတို့၏ စိတ်ဆန္ဒနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ပေးခဲ့ကြသည်။ ရွေးချယ်ပေးကြရဦးမည်။

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေ စိုးမိုးရေးကို အဓိကအလေးထားဆောင်ရွက်မည်။ အများပြည်သူနှင့် နိုင်ငံတော်၏စီးပွား တိုးတက်ဖွံ့ဖြိုးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးစသည်တို့ကို တစ်ပြိုင်တည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် အတ္တစိတ်များလွန်ကဲကာ၊ "ကိုယ့်ထက်သာ မနာလို၊ ကိုယ်နှင့် သဘောမတူ ကိုယ့်ရန်သူ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော။ ပွဲလန့်တုန်း ဖျာခင်း၊ မင်းသားကြီး မလုပ်ရလျှင် ပတ်မကြီးထိုးဖောက်" စသည့်စိတ်ထားတွေ မပျောက်နိုင်ကြဘူးဆိုလျှင် မည်သည့်ခေတ်အခါရောက်ရောက် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံစီးပွား တိုးတက်ဖွံ့ဖြိုးရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲ၊ အဖျက်အမှောင့်၊ အတားအဆီးတွေနှင့် ရင်ဆိုင်တွေ့ကြုံနေရပေလိမ့်ဦးမည်။

**ဓမ္မတရားတွေ လွှမ်းမိုးသည့် နိုင်ငံတော်ကြီးဖြစ်ပါစေ**

အဓမ္မတရားတွေ ပယ်ဖျောက်ဖို့ဆိုလျှင်၊ သစ္စာတရားထားကြပါ။ မိမိတို့တွင် မကုန်နိုင်၊ မခန်းနိုင် ပိုင်ဆိုင်ထားကြသော မေတ္တာရေတွေပက်ဖျန်းပေးကြပါ။ ကရုဏာမိုးတွေ၊ အကြင်နာမိုးတွေ ရွာသွန်းဖြိုးပေးကြပါ။ ကိုယ့်ထက်သာလျှင် နာလိုတတ်ကြသည့် မုဒိတာတရား ပွားများပေးကြပါ။ အကြောင်းနှင့် အကျိုး၊ အကျိုးနှင့် အကြောင်း၊ ဖြစ်ပျက်အစဉ်ဆင်ခြင်လျက်၊ မဖွဲ့မပဋိပဒါနည်းကျစွာ အစွန်းတရားများကို ရှောင်ကြဉ်ပြီး ချစ်ခြင်း၊ မုန်းခြင်းမရှိ အညီအမျှရှုမြင်အပ်သည့် ဥပေက္ခာတရားထားပေးကြပါ။ သို့ဖြင့် အဓမ္မတရားတွေ ပပျောက်၍ ဓမ္မတရားတွေ လွှမ်းခြုံထားနိုင်ကြပေလိမ့်မည်။

ဓမ္မတရားတွေ လွှမ်းခြုံထားနိုင်လျှင် ဥပဒေစိုးမိုးရေးဟူသည် ဆိုဖွယ်ရာမရှိတော့။ သန့်ရှင်းသာယာ ဖြိုးစင်ဝင်းပသော လောကကြီးကို တွေ့မြင်ကြရပေလိမ့်မည်။ ပြည်သူတွေ မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အေးချမ်းသာယာဝပြောသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာမည်ကို ယုံကြည်မျှော်လင့်တောင့်တနေမိပါသည်ခင်ဗျာ။

အဓမ္မမှသည် ဓမ္မဆီသို့ ဖြောင့်ဖြောင့်တန်းတန်း အရောက်လှမ်းနိုင်ကြပါစေ။ ။

> **လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနနှင့် အတ္တစိတ်များလွန်ကဲကာ၊ "ကိုယ့်ထက်သာ မနာလို၊ ကိုယ်နှင့် သဘောမတူ ကိုယ့်ရန်သူ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော။ ပွဲလန့်တုန်း ဖျာခင်း၊ မင်းသားကြီး မလုပ်ရလျှင် ပတ်မကြီး ထိုးဖောက်" စသည်စိတ်ထားတွေ မပျောက်နိုင်ကြဘူးဆိုလျှင် . . . ။**

---

# စီးပွား/ကူးသန်း ပြည်ထောင်စုဝန်ကြီး နိုင်ငံခြားဧည့်သည်များအား သီးခြားစီတွေ့

**နေပြည်တော် နိုဝင်ဘာ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အမေရိကန်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Deputy Assistant Secretary for Asia Ms. Diane Farrell ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ အမေရိကန်နိုင်ငံမှ ပေးအပ်သည့် အကောက်ခွန်သက်သာခွင့် GSP အခွင့်အရေးနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ငွေကြေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးတို့တွင် ပူးပေါင်း ဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မွန်းလွဲ ၃ နာရီတွင် ဂျပန်-မြန်မာအသင်း၏ဥက္ကဋ္ဌနှင့် အောက်လွှတ်တော် အမတ်ဟောင်း Mr. Hideo WATANABE ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ သီလဝါ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန်အတွက် လမ်း၊ တံတား၊ လျှပ်စစ်မီးစသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကြုံတွေ့နေရသော အခက်အခဲများနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ မစ္စတာ အလက်ဇန္ဒားဖလ်မင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel တို့ ဦးဆောင်သည့် စီးပွားရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေး၊ Physical Infrastructure နှင့် Legal Infrastructure ဖွံ့ဖြိုးတိုးတက်ရေး၊ မူဝါဒများချမှတ်ဆောင်ရွက်ခြင်းများ အပါအဝင် ရေရှည်စီမံကိန်းများ ရေးဆွဲခြင်းနှင့် ပုဂ္ဂလိကနှင့်အစိုးရ စွမ်းဆောင်ရည် မြှင့်တင်ရေးတို့အတွက် အကူအညီ အထောက်အပံ့ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

စာအုပ်စာပေ
လူ့မိတ်ဆွေ

# ရှွေပြည်သာ၊ လှိုင်သာယာမြို့နယ်များ၌ လတ်တလောအခြေအနေအရ မော်တော်ဆိုင်ကယ်စီးနင်းခြင်းကို ခွင့်ပြုနိုင်ခြင်းမရှိသေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၏ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ် စသည့်မြို့သစ်များနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိသောမြို့နယ်များတွင် မော်တော်ဆိုင်ကယ်စီးနင်းခွင့်ပြုရန်နှင့် သက်ဆိုင်ရာမြို့နယ်အလိုက် မော်တော်ဆိုင်ကယ်စီးနင်းခွင့် လိုင်စင်များပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူဦးရေထူထပ်သော အဆိုပါမြို့နယ်များ၌ မော်တော်ဆိုင်ကယ်စီးနင်းမှုကြောင့် ပြည်သူများ ဘေးအန္တရာယ်ဖြစ်စေနိုင်သဖြင့် လတ်တလောအခြေအနေအရ မော်တော်ဆိုင်ကယ်စီးနင်းခြင်းကို ခွင့်ပြုနိုင်ခြင်း မရှိသေးပါကြောင်းနှင့် လိုင်စင်ထုတ်ပေးခြင်း မရှိသေးကြောင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြေကြားထားပါကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်ပါအတိုင်း ပြည်သူများ ဘေးအန္တရာယ်ဖြစ်စေနိုင်သဖြင့် လတ်တလောအခြေအနေတွင် မော်တော်ဆိုင်ကယ်စီးနင်းမှုအား ခွင့်ပြုနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ မုန်းချောင်းတစ်စိတ်တစ်ပိုင်းအား ကမ်းထိန်းနံရံ ပြုလုပ်ခြင်း၊ ကွေ့ကောက်၍ စီးဆင်းနေသော မုန်းချောင်းရှိ သဲသောင်များအား ဖြောင့်တန်းအောင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပွင့်ဖြူမြို့နယ် ဇီးတောကျေးရွာ မုန်းချောင်းရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် မကွေးတိုင်းဒေသကြီးအစိုးရ၏ ဖြည့်စွက်ရန်ပုံငွေကျပ် ၃၁၈ ဒသမ ၉၆ သန်း တောင်းခံထားပြီးဖြစ်ပါသဖြင့် ရန်ပုံငွေရရှိပါက ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ပွင့်လင်းရာသီတွင် လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် မုန်းချောင်းရေတိုက်စား ကမ်းပါးပြိုမှုဖြစ်ပွားသောကျေးရွာများ ကာကွယ်ရေးလုပ်ငန်းခေါင်းစဉ်ဖြင့် မကွေးတိုင်းဒေသကြီးအစိုးရက ရန်ပုံငွေကျပ်သန်း ၂၅၀ တင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိပါက ဦးစားပေးဆောင်ရွက်သင့်သည့် ကျေးရွာများအတွက် ကမ်းပြိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း



ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း၏ မင်္ဂလာဒုံမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမ အင်အားထပ်မံဖြည့်တင်းပေးရန်နှင့် စာသင်ခန်းများ ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာနရန်ပုံငွေမှ စုစုပေါင်းကျပ် ၆၅၉၀ ဒသမ ၁ သိန်းကို မင်္ဂလာဒုံမြို့နယ်အတွက် ခွဲဝေခွင့်ပြုပေးထားပါကြောင်းနှင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်၏ ပြည်မြို့နယ်ရှိ နည်းပညာတက္ကသိုလ်တွင် IT, MC နှင့် Petroleum Major များကို ပြန်လည်ခေါ်ယူပေးရန်နှင့် အခြား ခေတ်နှင့်လျော်ညီသော Major များ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နောင်တွင်ဆောင်ရွက်မည့် ပညာရေးစီမံကိန်းများကို အမျိုးသားပညာရေးကော်မရှင်၏ မူဝါဒနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့၏ လိုအပ်ချက်နှင့်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိပါကြောင်း၊ ပြည်မြို့ နည်းပညာတက္ကသိုလ်တွင် လိုအပ်သည့် ခေတ်မီနည်းပညာဘာသာရပ်များကို ဒေသ၏လိုအပ်ချက်နှင့်အညီ ပေါင်းစပ်ဖြည့်ဆည်းဖွင့်လှစ်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကျောင်းသားဦးရေမည်မျှရှိ၍ သမိုင်းဘာသာရပ်ပြဋ္ဌာန်းစာများကို ပြန်လည်စိစစ်ပြဋ္ဌာန်းရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံးအနေဖြင့် သမိုင်းဘာသာရပ်ပါဝင်သော ဘာသာတွဲလေးတွဲတွင် ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူဦးရေစုစုပေါင်းမှာ ၅၁၆၄၀ ဦးရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူ ၁၀၀ တွင် ၁၃ ဦးသည် သမိုင်းဘာသာကို သင်ကြားလျက်ရှိပါကြောင်း၊ အမျိုးသားပညာရေးဥပဒေအရ အမျိုးသားပညာရေး မူဝါဒကော်မရှင်နှင့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီတို့ကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းကော်မတီသည် သမိုင်းဘာသာရပ်သာမက အခြားဘာသာရပ်များကိုပါ စိစစ်၍ တည်းဖြတ်ခြင်း၊ ဖြည့်စွက်ခြင်း၊ ထပ်မံဆန်းသစ်ခြင်း၊ လိုအပ်သည်များ တိုးချဲ့ သင်ကြားခြင်းတို့ကိုပြုလုပ်ပြီး ပညာရေးဝန်ကြီးဌာနသို့ ညွှန်ကြားဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် ယနေ့အစည်းအဝေး၌ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးနှင့် ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်တို့၏ ပညာရေးဆိုင်ရာမေးခွန်းများကိုလည်း ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက အိမ်အကူအလုပ်သမားများအပါအဝင် အလုပ်သမားများခန့်ထားရာတွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ အလုပ်သမားမှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များမှ အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များမလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုများကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

**(သတင်းစဉ်)**

■

# ကလေးဝ၊ မင်းကင်းနှင့် မော်လိုက်မြို့နယ်များကို ဒေသစရိတ်ခံစားခွင့်ရ မြို့နယ်များအဖြစ် ထည့်သွင်းစိစစ်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

လောကမဉ္ဇူ စေတီကုန်းသည် ၂၀၁၅ ခုနှစ် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ အကျုံးဝင်သော ရှေးဟောင်းစေတီကုန်းဖြစ်သော်လည်း စစ်ကိုင်းမြို့တွင် ထိန်းသိမ်း စောင့်ရှောက်ထားသော ရှေးဟောင်းအဆောက်အအုံ စာရင်းဝင်အဖြစ် သတ်မှတ်ထိန်းသိမ်းထားခြင်း မရှိပါကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဖြေကြားသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျော်သောင်း၏ စစ်ကိုင်းမြို့ရှိ မတစ်လုံးကျေဆရာတော် တောင်တွင်းပုဂ္ဂိုလ်ကျော် ခင်ကြီးဖျော်၏ အထိမ်းအမှတ် လောကမဉ္ဇူ ဘုရားကုန်းအား သမိုင်းမှတ်တမ်းအနေဖြင့် လည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှု သမိုင်းအမွေအနှစ်တစ်ရပ်အနေဖြင့် လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက စေတီကုန်းအား ရှေးဟောင်းအဆောက်အအုံ စာရင်းဝင်အဖြစ် သတ်မှတ်ပါက ပြည်သူများအတွက် အခက်အခဲမဖြစ်ရန် ဒေသခံပြည်သူ လူထုထံသို့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့မှတစ်ဆင့် လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းချက်များကို အသိပေးစည်းရုံးခြင်း၊ ယဉ်ကျေးမှု အမွေအနှစ်များကို ချစ်ခင်မြတ်နိုး တန်ဖိုးထားရန် အသိပေး ဆွဲဆောင်ခြင်းများ ဆောင်ရွက်ပြီးမှ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံအဖြစ် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများအတိုင်း သတ်မှတ် ထိန်းသိမ်းနိုင်မည်ဖြစ်ပါကြောင်း။



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်

၂၀၁၅ ခုနှစ် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ အကျုံးဝင်သဖြင့် ၎င်းဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း၊ သက်ဆိုင်ရာ ဂေါပကအဖွဲ့နှင့် ဒေသခံများက သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးပါက ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ ဇုန်သတ်မှတ်ထိန်းသိမ်း ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကိုကိုနိုင်၏ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ ဝေးလံခေါင်သီပြီး ရေလမ်းခရီးကိုသာ အဓိကထား သွားလာနေရသည့် ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မော်လိုက်မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေရသည့် နိုင်ငံ့ဝန်ထမ်းများအတွက် ထိုက်သင့်သော ဒေသစရိတ် ခံစားခွင့်ရ မြို့နယ်များအဖြစ် ထပ်မံဖြည့်စွက် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ၁၉၉၃ ခုနှစ် ဒေသစရိတ် ခံစားခွင့်များ သတ်မှတ်စဉ် မြို့နယ်အသီးသီး၏ လူမှုရေးခက်ခဲမှု အခြေအနေများ ပြောင်းလဲမှုရှိနေခြင်းကြောင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ၂၀၁၂ ခုနှစ် မတ်လ ၁၅ ရက်တွင် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် လည်းကောင်း ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများကို လေ့လာစိစစ်ပြီး ဒေသစရိတ် ခံစားခွင့်ရှိသော မြို့နယ်၊ မြို့နယ်ခွဲများအဖြစ် ထပ်မံဖြည့်စွက်ပြင်ဆင်၍ ဒေသစရိတ်များ ခံစားခွင့်ပြုရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးဝ၊ မင်းကင်းနှင့် မော်လိုက်မြို့နယ်များ ပါဝင်ခဲ့ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်

ပြည်ထောင်စု အစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ် ဇွန်လ ၂၁ ရက်တွင် ပြန်လည် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုအဆင့် စိစစ်ရေးကော်မတီအနေဖြင့် ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများကို နှစ်နှစ်လျှင်တစ်ကြိမ် ပြန်လည်စိစစ်ရမည်ဖြစ်၍ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်အဆင့် စိစစ်ရေးကော်မတီများမှ သတ်မှတ်ထားသော အမှတ်ပေးစနစ်နှင့်အညီ လက်တွေ့မြေပြင်တွင် အမှန်တကယ်လိုအပ်သည့် အခြေအနေကို စိစစ်တင်ပြပြီး ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်တွင် ဒေသစရိတ် ခံစားခွင့်ရှိသော ဒေသများကို ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့စိစစ်ရာတွင် စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ရေလမ်းခရီး အဓိကထား သွားလာနေရသည့် ကလေးဝ၊ မင်းကင်းနှင့် မော်လိုက်မြို့နယ်များကို ထည့်သွင်းစိစစ်သွားမည်ဖြစ်ပါကြောင်း၊ စိစစ်တွေ့ရှိချက်အပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးဖေချစ်၏ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာတွင် ၁၉၇၃ ခုနှစ်ကတည်းက မြေလွတ် ၁၄၃ ဧကပေါ်၌ ယာယီနေထိုင်လုပ်ကိုင်စားသောက်ခွင့်ပြုထားသော အိမ်ထောင်စု ၁၄၅ စုတို့အား တရားဝင်နေထိုင်ခွင့်နှင့် နိုင်ငံတော်အစိုးရထံ မြေခွန်စသော အခွန်အခများ ပေးဆောင်ခွင့်ပြု၊ မပြု သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ထိန်စွန်းကျေးရွာအနီးရှိ စားကျက်မြေပေါ်တွင် ကျူးကျော်နေထိုင်သည့် မြေနေရာအား ထိန်စွန်းကျေးရွာ တိုးချဲ့မြေအဖြစ် သတ်မှတ်နိုင်ရန် စားကျက်မြေပယ်ဖျက်ခြင်းလုပ်ငန်းကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှန်အောရ်တို့၏ တိုင်းရင်းသားရေးရာနှင့် ပြည်ထဲရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လက်ခံရရှိကြောင်းနှင့် အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# ချက်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားစလဗ် ဟာဗယ်လ်၏ မွေးနေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့တက်ရောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှတ်တရစကားပြောကြား

**နေပြည်တော် နိုဝင်ဘာ ၁၇**

ချက်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားစလဗ် ဟာဗယ်လ်၏ အကြိမ် (၈၀) မြောက် နှစ်ပတ်လည်မွေးနေ့ အထိမ်းအမှတ်အခမ်းအနား (80 th Anniversary of Birth of the Former Czech President , Mr.Vaclav Havel ) ကို နေပြည်တော်ရှိ The Lake Garden Hotel , Irrawaddy Ballroom ၌ ယနေ့ ညနေ ၆ နာရီခွဲတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာချက်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ယာရိုးဆလဗ်ဒိုလဲချက်ခ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ချက်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားစလဗ် ဟာဗယ်လ်နှင့်စပ်လျဉ်း၍ အမှတ်တရစကားပြောကြားသည်။

ယင်းနောက် ချက်သမ္မတနိုင်ငံ ပရာဟာမြို့မှ ဗားစလဗ် ဟာဗယ်လ် စာကြည့်တိုက် ဒါရိုက်တာ မစ္စတာ မီခဲလ်ရန်ကော့စကီးက ဗားစလဗ် ဟာဗယ်လ် ရုပ်ရှင်အကြောင်း ရှင်းလင်းတင်ပြပြီး ဗားစလဗ် ဟာဗယ်လ်၏ Living in Freedom ရုပ်ရှင်ပြသသည်။

ချက်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားစလဗ် ဟာဗယ်လ်ကို ၁၉၃၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ချက်ကိုစလိုဗားကီးယားနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ၁၉၉၀ ခုနှစ်တွင် ပါလီမန်မှ တစ်ဆင့် သမ္မတအဖြစ်ထပ်မံရွေးကောက်တင်မြှောက်ခံရသည်။ ၁၉၉၂ ခုနှစ်တွင် သမ္မတရာထူးမှနုတ်ထွက်ခဲ့ကာ ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ချက်နှင့် စလိုဗက်ဟူ၍ နှစ်နိုင်ငံခွဲပြီးနောက် ချက်သမ္မတနိုင်ငံ၏ ပထမဆုံးသမ္မတ ဖြစ်လာခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ချက်သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ဒုတိယအကြိမ် ထပ်မံရွေးချယ်တင်မြှောက်ခံရသည်။ ၂၀၀၃ ခုနှစ်တွင် သမ္မတတာဝန်မှအနားယူပြီးနောက် နိုင်ငံရေးဖြစ်စဉ်ဝေဖန်သုံးသပ်ခြင်းများ ဆက်လက်လုပ်ဆောင်ခဲ့ပြီး လူ့အခွင့်အရေးနှင့် လွတ်လပ်မှုအတွက် တက်ကြွစွာလှုံ့ဆော်ခဲ့ကာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကွယ်လွန်ခဲ့သည်။

ချက်သမ္မတနိုင်ငံ သမ္မတဟောင်း မစ္စတာ ဗားစလဗ် ဟာဗယ်လ်သည် ပြဇာတ်ရေးဆရာ၊ စာစီစာကုံးရေးဆရာ၊ အတွေးအခေါ်ပညာရှင်၊ လူ့အခွင့်အရေးကာကွယ်သူ၊ ပင်္ဂိုညာဉ် ၇၇ ၏ ပြောရေးဆိုခွင့်ရှိသူ၊ နိုင်ငံရေးအကျဉ်းသားဟောင်း၊နိုင်ငံရေးအပြောင်းအလဲများ၏ ခေါင်းဆောင်ပုဂ္ဂိုလ်၊ ချက်ကိုစလိုဗားကီးယားနိုင်ငံနှင့် ချက်သမ္မတနိုင်ငံ၏ သမ္မတ၊ ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်၊ တက်ကြွစွာပါဝင်ဆောင်ရွက်သော နိုင်ငံသားအဖြစ် ထင်ရှားသူတစ်ဦးဖြစ်သည်။

**(သတင်းစဉ်)**

## ပြည်သူ့အတွက် မီဒီယာ

- သတင်းအမှန် သိစေရန် ကြံဆောင်ကြိုးပမ်းပြု။
- ပြည်သူ့အသံ ကြားစေရန် ရည်သန် လုံ့လပြု။
- (၃)ရပ် မဏ္ဍိုင် တည့်မတ်ရန် ပြန်လှန် ထောက်ကူပြု။
- အမျိုးသားမာန် နိုးကြားရန် ထက်သန်စေ့ဆော်ပြု။
- နိုင်ငံလူမျိုး ဘုံအကျိုး တိုးလျက် ရှေ့ဆောင်ပြု။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

### ❁ ဆူဇူကီးဖလားမှ

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်သို့တက်ရောက်ရန် ကြိုးပမ်းလျက်ရှိသော်လည်း ဗီယက်နမ်အသင်းနှင့် အဖွင့်ပွဲအပါအဝင် ပွဲစဉ်တိုင်းမှာ အရေးပါလျက်ရှိသည်။ ယခုလအတွင်းယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း၏ ခြေစွမ်းအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် ရုန်းကန်ရဖွယ်ရှိနေပြီး ပွဲစဉ်တိုင်းတွင် ရလဒ်ကောင်း ရယူနိုင်ရန် လိုအပ်နေသည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်က စတင်ကျင်းပခဲ့ပြီး တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲအမည်များဖြင့် ကျင်းပခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် (၁၀)ကြိမ်တွင် ထိုင်းနှင့် စင်ကာပူအသင်းတို့က လေးကြိမ်စီ၊ ဗီယက်နမ်နှင့် မလေးရှားအသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ မြန်မာအသင်းသည် ဆူဇူကီးပြိုင်ပွဲတွင် အောင်မြင်မှုကြီးကြီးမားမားမရှိဘဲ ၂၀၀၄ ပြိုင်ပွဲတစ်ကြိမ်သာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ဖူးပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**သတင်း၊ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း တတိယနှစ် လုပ်ငန်းအစီအစဉ်မိတ်ဆက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း၏ တတိယနှစ်လုပ်ငန်းအစီအစဉ်ကို နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများသို့ မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ မဟာဗျူဟာစီမံကိန်းလက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မဟာဗျူဟာစီမံကိန်းလက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အဖွဲ့ဝင်များက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၆ ခုနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြခြင်း၊ အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများက ပြန်လည်ဆွေးနွေးခြင်းနှင့် ယင်းအပေါ် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် မဟာဗျူဟာစီမံကိန်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ADB၊ Allen & Overy၊ British Council၊ Embassy of Denmark၊ ICJ၊ IDLO၊ JICA၊ Justice Base၊ UNDP၊ UNICEF၊ USAID၊ USAID-PSDA၊ USAID-PRLP နှင့် UNODC စသည့် နိုင်ငံတကာမိတ်ဖက်အဖွဲ့ အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးစနစ် တိုးတက်စေရန် ဆောင်ရွက်သည့် သုံးနှစ်တာ စီမံကိန်းတစ်ရပ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီး စီမံကိန်း၏ ရည်မှန်းချက်များနှင့်အညီ နှစ်စဉ်လုပ်ငန်းအစီအစဉ် ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းဒုတိယနှစ် (၂၀၁၆ ခုနှစ်) လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ စီမံကိန်းတတိယနှစ် (၂၀၁၇ ခုနှစ်) အတွက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်အတွက် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

### ❂ ပြည်ထောင်စုအဆင့်မှ

ဆက်လက်၍ "နိုင်ငံရေးဆွေးနွေးပွဲတွေ စနစ်တကျ ဆောင်ရွက်နိုင်အောင်၊ ပစ်ခတ်တိုက်ခိုက်မှုတွေ လျှော့ချနိုင်အောင် ဆွေးနွေးသွားမယ်။ နောက်တစ်ချက်ကတော့ ဖြစ်ပေါ်လာတဲ့ အခြေခံအကြောင်းရင်းတွေနဲ့ပတ်သက်ပြီး နောင်ထပ်မံ မဖြစ်ပွားနိုင်အောင် တကယ့်အခြေခံအကြောင်းရင်း အစစ်အမှန်တွေကို ရှာဖွေဖို့လိုပါတယ်။ ရှာဖွေပြီးတော့မှ နှစ်ဖက်ညှိနှိုင်းပြီး ဖြေရှင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့နောက် JMC-U ဒုတိယဥက္ကဋ္ဌ (၁) စောအိုင်းဇက်ဖိုးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် "ဒီနေ့ဆိုရင် NCA စာချုပ်ချုပ်ခဲ့တာ တစ်နှစ်၊တစ်လနဲ့ နှစ်ရက်ရှိသွားပါပြီ။ ဒီစာချုပ်မှာပါဝင်ပြီး လက်မှတ်ထိုးခဲ့ကြတဲ့ ခေါင်းဆောင်ကြီးတွေနဲ့တကွ ကျွန်တော်တို့ သက်ဆိုင်ရာ အဖွဲ့အစည်း အစုအဖွဲ့တွေကနေ ဒီစာချုပ်ကို တာဝန်ယူ တာဝန်ခံရမှာဖြစ်သလို စာချုပ်ပါ အချက်အလက်တွေကို အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အစည်းအဝေးကို သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ JMC-S ခေါင်းဆောင်များက လေ့လာသူများအဖြစ်တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ နည်းပညာအထောက်အကူပြုကော်မတီ (JMC-TSC) ယာယီရုံးအဖွဲ့၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အစီရင်ခံစာတင်ပြခြင်း၊ JMC-TSC အလုပ်အဖွဲ့နှင့် UNDP တို့အကြား ညှိနှိုင်းရေးဆွဲထားသော ဘတ်ဂျက်(မူကြမ်း)ကို ဆွေးနွေးအတည်ပြုခြင်း၊ လုပ်ထုံးလုပ်နည်း(SOP) များ ဆွေးနွေးအတည်ပြုခြင်း၊ JMC-U ၏ သတ္တမအကြိမ်နှင့် အဋ္ဌမအကြိမ် အစည်းအဝေး ကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများ ဆွေးနွေးခြင်း၊ JMC-S (ချင်း) ဖွဲ့စည်းရေး ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အပေါ် စိစစ်အတည်ပြုရေးအဖွဲ့၏ အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် အထွေထွေဆွေးနွေးမှုများအဖြစ် JMC-U ဒုတိယဥက္ကဋ္ဌ(၂)တာဝန်လွှဲပြောင်းခြင်း၊ နယ်မြေသတ်မှတ်မှုကိစ္စဆွေးနွေးခြင်း၊ မိုင်းရှင်းလင်းရေးကိစ္စဆွေးနွေးခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ရာ ယနေ့ အစည်းအဝေးတွင် (JMC-TSC) ယာယီရုံးအဖွဲ့၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အစီရင်ခံစာတင်ပြခြင်းနှင့် JMC-U ၏ သတ္တမအကြိမ်နှင့် အဋ္ဌမအကြိမ် အစည်းအဝေး ကြားကာလအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်မှုများ အဓိကထားဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏီတ)၊ဓာတ်ပုံ-ဖေဇော်**

# မောင်တောမြို့တွင် ပြန်လည်စည်ကားလာ၊ မကြာမီ နဂိုအတိုင်းပြန်လည်အသက်ဝင်လာမည်ဟု မျှော်လင့်နေ

**မောင်တော နိုဝင်ဘာ ၁၇**

မောင်တောမြို့ မြို့မအနောက်ရပ်ကွက်ရှိ ဆောက်လုပ်ရေးလမ်း လက်ဖက်ရည်ဆိုင်တန်းတွင် မိမိတို့သတင်းအဖွဲ့ရောက်ကတည်းက နေ့စဉ် နံနက် ၇ နာရီကျော်လောက်မှစတင်ပြီး နံနက် ၉ နာရီခန့်အထိ လာရောက်စားသောက်သူများနှင့် စုစုဝေးဝေးရှိနေသည်ကို မြင်တွေ့ရသည်။ မွန်းလွဲပိုင်း ၂ နာရီ၊ ၃ နာရီဝန်းကျင်တွင်တစ်ကြိမ် ပြန်လည်စည်စည်ကားကားတွေ့ရသည်။

နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်း မြို့ထဲလှည့်လည်စဉ် ဦးဥတ္တမလမ်းဘက်ရှိ လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်တို့တွင်လည်း အလားတူ စည်စည်ကားကားတွေ့ရသည်။ ပိတ်ထားဆဲဆိုင်များ ရှိသေးကြောင်း၊ ယခင်ကတော့ ယခုထက် ပိုမိုစည်ကားကြောင်း နယ်မြေခံ ဦးကျော်ထူးမွန်က ပြောသည်။ ညနေပိုင်းတွင်လည်း နံနက်ပိုင်းကလောက်မဟုတ်သော်လည်း ဈေးရောင်းဈေးဝယ်များ အသင့်အတင့် တွေ့ရသည်။

မြို့မစည်ပင်သာယာဈေးမှာ နံနက် ၆ နာရီခွဲ၊ ၇ နာရီခန့်ကတည်းက စဖွင့်သည်ဟုဆိုသော်လည်း နံနက် ၈ နာရီကျော်မှ ဆိုင်များစုံလင်လာသည်ကို ယခုရက်များအတွင်း သတိထားမိသည်။ မောင်တောအနီးဝန်းကျင်ရှိ ကျေးရွာများမှ ဈေးဝယ်များလာရောက်မှု နည်းပါးသေးသည့်အတွက် မွန်းလွဲပိုင်းဆိုင်ပိတ်လိုက်ကြကြောင်း၊ ဈေးပိတ်ချိန်မှာ ညနေ ၆ နာရီခန့်ဖြစ်ကြောင်း သိရသည်။

"လူသုံးကုန်ပစ္စည်းတွေဖြစ်တဲ့ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ အိပ်ရာခင်း၊ ဖက်လုံး၊ ဖျာ အသုံးအဆောင်ပစ္စည်းတွေကို ပြည်တွင်းဖြစ်ရော၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝင်လာတာတွေပါ အကုန်တင်ပြီး ရောင်းပါတယ်။ ပြီးခဲ့တဲ့လက အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုမဖြစ်ပွားခင် နယ်တွေက လာဝယ်ကြတော့ တော်တော်လေး ရောင်းရပါတယ်။ အရင်နှစ်တွေကဆို အခုလို ဆောင်းရာသီအဝင်မှာ ရောင်းအား အတော်လေးကောင်းခဲ့တယ်။ ဒီနှစ် အခုလိုဖြစ်လိုက်တာ ကျွန်တော်တို့အတွက် စီးပွားရေးအတော်ထိခိုက်ပါတယ်။ အခုဆိုရင် တစ်နေ့တစ်နေ့ကို ဝယ်လိုအားက အရင်ထက် ထက်ဝက်မက လျော့နည်းသွားတယ်။ ဈေးဝယ်သူမရှိတော့ ဆိုင်ဖွင့်ချိန်လည်း နောက်ကျမှဖွင့်ပြီး နေ့လယ်ပိုင်းဆို ၂ နာရီလောက်ဆိုင်ပိတ်ပါတယ်"ဟု မြို့မဈေးမှ ဦးအောင်လောင်က ပြောသည်။

မြို့မစည်ပင်သာယာဈေးတာဝန်ခံ ဦးဘသန်းက "ဈေးမှာ ဆိုင်ခန်းပေါင်း ၄၅၃ ခန်းရှိပြီး ဆိုင်ခန်း ၃၀၀ ကျော် ဖွင့်ပါတယ်"ဟု ပြောသည်။

ဈေးလမ်းတစ်လျှောက်ရှိ ရွှေဆိုင်များ၊ ကုန်မာဆိုင်များ၊ ရေထွက်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ စားသောက်ကုန်ဆိုင်များအပါအဝင် ဆိုင်အားလုံး၌လည်း နံနက်ပိုင်းစည်ကားမှုရှိပြီး နဂိုအတိုင်း မကြာမီ ပြန်လည်အသက်ဝင်လာမည်ဟု မျှော်လင့်နေကြသည်။

"အခုနောက်ပိုင်း မြို့ပေါ်ရွှေဆိုင်တွေအနေနဲ့ ရောင်းအားသိသိသာသာကျသွားတယ်။ အရင်ကထက် လေးပုံတစ်ပုံလောက်ပဲ ရောင်းရတယ်။ အရင်ကဆိုရင် ညနေအထိဆိုင်ဖွင့်ပေမယ့် အခုတော့ မနက် ၁၁ နာရီလောက်ဆိုရင် ဆိုင်ပိတ်ပါတယ်။ ဒီဈေးတန်းမှာ စုစုပေါင်း ရွှေဆိုင် ၁၅ ဆိုင်လောက်ရှိပေမယ့် တချို့ဆိုင်တွေက အခုချိန်ထိ မဖွင့်သေးပါဘူး။ မြို့ပေါ်ရွှေဆိုင်တွေအနေနဲ့ မောင်တောမြောက်ပိုင်းကို အားထားပြီး ရောင်းခဲ့ရတာပါ။ ဒီနေ့ ရွှေဈေးက ၁၅ ပဲရည်က ငွေကျပ် ၈၃၀၀၀၀၊ ၁၆ ပဲရည်က ၈၆၈၀၀၀ ရှိပါတယ်"ဟု ရွှေနှင့် ရတနာရောင်းဝယ်ရေးဆိုင်ရှင်တစ်ဦးဖြစ်သူ ဦးဒေါန်နော်ဇော်က ပြောသည်။

အနော်ရထာလမ်းတွင် ကားများ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်၊ ဆိုက်ကားများ၊ ခြေကျင်ဖြတ်သန်းသွားလာနေသူများဖြင့် မပြတ်လှုပ်ရှားမှုရှိနေပြီး သာမန်နေထိုင်မှု ပုံစံမျိုးသာရှိကာ ကြောက်ရွံ့ထိတ်လန့်မှု၊ စိုးရိမ်မှုတစ်စုံတစ်ရာမရှိသည်ကို တွေ့မြင်ရသည်။ အမှတ်(၄) အခြေခံပညာအလယ်တန်း ကျောင်းခွဲ ရှေ့မှဖြတ်သန်းစဉ် ကျောင်းတက်ချိန် မရောက်သေးသဖြင့် ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာ ကစားခုန်စားပြုလုပ်နေကြသည်ကို တွေ့ရသည်။

မောင်တောမြို့အထွက် လယ်ကွင်းများ၊ သုံးမိုင် - သာစည်ရွာနှင့် လေးမိုင်သွားလမ်းဘေးရှိ လယ်ကွင်းများတွင်လည်း စပါးရိတ်သိမ်းသူများ၊ ကျွဲ၊ နွားများဖြင့် ရိတ်သိမ်းခြွေလှေ့သူများကို စုစုဝေးဝေးလှုမ်းတွေ့ရသည်။

မောင်တောမြို့အထွက်ရှိ ဆောက်လုပ်ဆဲ ခရိုင်တရားရုံး၊ မြို့နယ်ပညာရေးမှူးရုံးနှင့် အခြားအဆောက်အအုံများတွင်လည်း လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နေကြသည်ကို မြင်ရသည်။

သာစည်ကျေးရွာရှိ ဒေါ်မဦးက ပဲ၊ မုန်လာ၊ ငရုတ်၊ ဂေါ်ဖီ၊ ရုံးပတီ၊ ခရမ်းစသည့် အသီးအနှံများ စိုက်ပျိုးထားကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုကို လိုလားကြောင်း ပြောပြသည်။

ဘူးသီးတောင်ဘက်သို့ မောင်တောမှ ဆိုင်ကယ်ကယ်ရီများအပါအဝင် ခရီးသည်တင်ကားများလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုပြေးဆွဲနေသည်ကို ယနေ့လှည့်လည်စဉ် တွေ့မြင်ခဲ့ရသည်။

ညနေပိုင်းတွင် မောင်တောမြို့ မြောက်ပိုင်းရှိ ရွှေဇားရွာကြီးနှင့် အောင်ဇလကျေးရွာတို့သို့ ရောက်သည်။ ရွှေဇားချောင်းကို ဖြတ်ကျော်ဖောက်လုပ်ထားသည့် ရွှေဇားတံတားကို ဖြတ်သန်းလျှင် ရွှေဇားကျေးရွာသို့ရောက်သည်။ ရွှေဇားရွာမှာ ရွာကြီးဖြစ်ပြီး အစ္စလာမ်ဘာသာဝင်များ နေထိုင်ကြသည်။

အောင်ဇလကျေးရွာအဝင်တွင် ကျေးရွာနေ ဦးအောင်လှတို့အဖွဲ့နှင့် တွေ့ရာ ၎င်းတို့က ကျေးရွာအခြေအနေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအခြေအနေတို့ကို ပြောပြသည်။

အောင်ဇလကျေးရွာတွင် အိမ်ခြေ ၁၂၀ ခန့်ရှိပြီး တိုင်းရင်းသားများနေထိုင်ကြသည်။ လူဦးရေ ၅၀၀ ကျော်ရှိပြီး ရေလုပ်ငန်း၊ ပန်းထိမ်လုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ကျေးရွာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိပြီး ရွာထိပ်တွင် စေတီတစ်ဆူတည်ထားသည်။

ကျေးရွာအနေဖြင့် လတ်တလောတွင် ရေလုပ်ငန်းများ ခေတ္တရပ်ဆိုင်းထားရသဖြင့် စားဝတ်နေရေး အခက်အခဲရှိကြောင်း၊ ယခင်က ရေလုပ်ငန်းမှ တစ်နေ့လျှင် ကျပ်တစ်သောင်းကျော် ဝင်ငွေရရှိကြောင်း၊ ပန်းထိမ်လုပ်ငန်းမှာလည်း ယခင်လက်ကျန်အလုပ်လေးကို လုပ်ကိုင်နေရသဖြင့် အလုပ်အကိုင်မကောင်းကြောင်း ရွာသားများက ပြောသည်။ ရွာထဲမှ ဖြတ်သန်းစဉ် ဈေးဆိုင်ငယ်များတွင် ဈေးဝယ်နေသူများ၊ မုန့်ဆိုင်တွင်ထိုင်၍ စားသောက်နေသူများကို တွေ့ရပြီး ပိုက်ကျော်ခြင်းခတ် ကစားနေသူများဖြင့် ပုံမှန်တွေ့နေကျ ကျေးလက်မြင်ကွင်းအတိုင်း မြင်တွေ့ရသည်။

"ပြီးခဲ့တဲ့လက ဖြစ်စဉ်ဖြစ်ပွားခဲ့ပေမယ့် ကျွန်တော်တို့ရွာက ပုံမှန်အတိုင်းပါပဲ။ ရွာမှာ နယ်ခြားစောင့် လုံခြုံရေးကင်းအဖွဲ့တွေလည်းရှိပါတယ်။ ၂၀၁၂ ခုနှစ်တုန်းကလည်း ဘာမှသိပ်မထူးခြားပါဘူး။ အေးအေးချမ်းချမ်းပါပဲ"ဟု ဦးလှုဝက ပြောသည်။

ရွှေဇားတံတားထိပ်ရှိ ရွှေဇားရွာတွင်လည်း ပုံမှန်သွားလာလှုပ်ရှားနေသူများကို တွေ့မြင်ခဲ့ရသည်။

**(ကိုသက်နှင့်အဖွဲ့၊ ဓာတ်ပုံ-မင်းထက်၊ ဖိုးထောင်)**



မောင်တောမြို့ မင်းဘားကြီးလမ်းတွင်
ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။




မောင်တောမြို့ မြို့မအနောက်ရပ်ကွက်ရှိ ဆောက်လုပ်ရေးလမ်း လက်ဖက်ရည်ဆိုင်တန်းတွင်
လာရောက်စားသောက်သူများနှင့် စုစုဝေးဝေးတွေ့ရစဉ်။



မောင်တောမြို့ မြို့မစည်ပင်ဈေးအတွင်း
ဈေးရောင်း ဈေးဝယ်များဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးအား သွားရောက်လေ့လာ

**စစ်တွေ နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ်စစ်တွေမြို့၌ ရောက်ရှိနေသော ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးရုံကြီး အရေးပေါ်ဌာန၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် ဒေသခံတိုင်းရင်းသားများနှင့် စစ်တွေမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများမှ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေကြသူများအားတွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

ဆက်လက်၍ ဆေးရုံတက်ရောက်နေကြသည့် စစ်တွေမြို့နယ် သက်ကယ်ပြင်၊ ဒါးပိုင်၊ ဘုမေကယ်ဆယ်ရေးစခန်းများမှ လူနာများအားလည်းကောင်း၊ မြေပုံမြို့နယ်၊ ပေါက်တောမြို့နယ် ကယ်ဆယ်ရေးစခန်းများမှ လူနာများအားလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဆေးရုံကြီးအတွင်းရှိ မျက်စိကုသဆောင်၊ အောက်ဆီဂျင်ဓာတ်ငွေ့ ထုတ်ယူသုံးစွဲခန်း၊ CT Scanner စက်များတပ်ဆင်ထားမှု၊ သားဖွားခန်းနှင့် ကလေးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုရာ ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဦးရွှေသိန်းက လိုက်လံရှင်းလင်းပြသခဲ့သည်။

ကော်မရှင်အဖွဲ့သည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့မှ လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

■

# မောင်တောမြို့နယ်မှာ ငါး၊ ပုစွန် အခြောက်ခံတဲ့လုပ်ငန်းတွေ၊ ရေခဲစက်တွေ တည်ထောင်ပေးနိုင်ဖို့ ငါး၊ ပုစွန်သားပေါက် လုံလုံလောက်လောက်ကူညီထောက်ပံ့ပေးနိုင်ဖို့ ဌာနအနေနဲ့ ကူညီဆောင်ရွက်ပေးသွားမှာပါ

ဦးနိုင်ဝင်းသိန်း

**ရခိုင်ပြည်နယ် မောင်တောမြို့တွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုကြောင့် အခြေခံစားသောက်ကုန်များနှင့် သားငါးတို့မှာ သိသိသာသာရှားပါးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဈေးနှုန်းများ အဆမတန်မြင့်မားခဲ့သည်။**

**ယခင်က ရေငန် ငါး၊ ပုစွန်ပေါများသောဒေသသည် အဆိုပါကာလတွင် သားငါး၊ ပုစွန်ထုတ်လုပ်မှုမှာ အဆမတန်ကျဆင်းခဲ့သောကြောင့် ပြည်သူများ အခက်အခဲကြုံတွေ့နေရမှုအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဝင်းသိန်းအား သတင်းအဖွဲ့အနေဖြင့် မောင်တောခရိုင်ဒေသအတွင်း ငါး၊ ပုစွန် တိုးချဲ့ဆောင်ရွက်မှု အနာဂတ်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ရေးသားဖော်ပြလိုက်ပါသည်-**

**မေး။ အကြမ်းဖက်မှုဖြစ်ပွားပြီးတဲ့နောက်ပိုင်း မောင်တောမြို့ပေါ်နဲ့ ကျေးလက်ဒေသတွေမှာ သား၊ ငါးပုစွန်ထုတ်လုပ်မှုတွေ အဆမတန် ကျဆင်းခဲ့ရတယ်လို့ သိရပါတယ်။ လက်ရှိအချိန်မှာရော သား၊ ငါး၊ ပုစွန်ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး ဘယ်လိုအခြေအနေရှိပါသလဲ။**

ဖြေ။ အဲဒီတုန်းက မောင်တောမြို့နဲ့အနီးဝန်းကျင်မှာ ငါး၊ ပုစွန်ထုတ်လုပ်မှု အဆမတန်ကျဆင်းခဲ့တယ်ဆိုတာမှန်ပါတယ်။ အဲဒီနောက်ပိုင်း အရေးပေါ်အခြေအနေကလည်း ထုတ်ပြန်ထားတာဆိုတော့ လူတွေက ဘာပဲလုပ်လုပ် အကြောက်တရားနဲ့ လုပ်ကိုင်နေကြရတာ။ အဲဒါကြောင့် ထုတ်လုပ်မှု ကျဆင်းခဲ့ပေမယ့် အခုရက်ပိုင်းအတွင်းမှာတော့ ရေငန်ပုစွန်ရော၊ သား၊ ငါးတွေပါ ဈေးကွက်ထဲ ပြန်ဝင်လာပါပြီ။ ဒါပေမယ့် အရင်ကလောက်တော့ မဝင်သေးဘူးပေါ့။ နောက်ပိုင်းဆိုရင်တော့ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိသွားမှာပါ။

**မေး။ အခုလိုဖြစ်တာ မောင်တောခရိုင်အတွင်း ရေချိုငါး ရှားပါးမှုနဲ့ရော ဆိုင်ပါသလား၊ ရေချိုငါး ရှားပါးမှုကို ကာကွယ်နိုင်အောင် ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ ဘယ်လိုစီမံဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ။ ပြောရရင် ဒီမောင်တောမြို့မှာက ဟိုအရင်ကတည်းက ရေငန်ငါး၊ ရေငန်ပုစွန်ကိုပဲ အဓိကထား မွေးမြူထုတ်လုပ်ရောင်းချနေကြတာပါ။ ဒီဒေသက ပင်လယ်နဲ့နီးတော့ ရေငန်ပုစွန်နဲ့ ပင်လယ်ရေငန်ငါးပဲရှိခဲ့တာ။ ရေချိုငါး မွေးမြူတဲ့ အကျင့်မရှိသလို စားသုံးတဲ့အလေ့အထမရှိသလောက်နည်းနေသေးတယ်။ မောင်တောဒေသက ကမ်းရိုးတန်းဒေသနဲ့ ပင်လယ်ထိစပ်နေတော့ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းတွေပဲ များများစားစားရှိခဲ့တာ။ အခု ရခိုင်ပြည်နယ်မှာ ရေငန်ပုစွန်မွေးမြူရေးကန် တစ်သိန်းကျော်ရှိပါတယ်။ ရေချိုငါးမွေးမြူရေးကတော့ တစ်ထောင်မကျော်သေးပါဘူး။ ဘူးသီးတောင်ဆို ရေချိုငါးမွေးကန် အရင်က ၁၀၀ လောက်ပဲရှိခဲ့တာ။ အခု ၃၀၀ ကျော်အထိ တိုးလာပြီ။ မောင်တောမှာဆိုလည်း အရင်က ရေချိုငါးမွေးတာ ၁၀ ကန်တောင်မရှိခဲ့ဘူး။ အခု နောက်ပိုင်းတော့ ရေချိုငါးမွေးမြူနိုင်အောင်နဲ့ ရေငန်ပုစွန်သားဖောက်စခန်းတွေ များများစားစား တိုးချဲ့နိုင်အောင်လုပ်နေပါတယ်။



မောင်တောမြို့ရှိ ရေချိုငါး၊ ပုစွန်မွေးမြူရေးကန်အတွင်း ရေလုပ်သားများ၏ လုပ်ငန်းခွင် တစ်နေရာ။

သားဖောက်စခန်းတွေ များပြားလာမှ မွေးမြူရေးလုပ်ငန်းတွေကိုလည်း ယခုထက် ပိုမိုအကောင်အထည်ဖော်ပေးနိုင်မှာဖြစ်ပါတယ်။

**မေး။ ရေချိုငါးမွေးမြူရေးကန်တွေကို လုပ်ငန်းတိုးချဲ့ဖို့ စီစဉ်ထားတယ်လို့သိရတယ်။ ဘယ်လိုတိုးချဲ့ပြီး ဘယ်အချိန်လောက် စတင်အကောင်အထည်ဖော်ဖြစ်မလဲ။**

ဖြေ။ ဒေသတွင်း ငါး၊ ပုစွန် စားနပ်ရိက္ခာဖူလုံစွာ ရရှိနိုင်ဖို့နဲ့ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းရရှိစေဖို့ ကျွန်တော်တို့ မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ဆောင်ရွက်နေပါတယ်။ ကျေးရွာတိုင်းရဲ့ အနီးအနား ဝန်းကျင်တွေမှာ ရေချိုငါးမွေးမြူနိုင်ဖို့ကို အဓိကအားထားလုပ်ဆောင်မှုအနေနဲ့ ကျေးရွာတစ်ရွာချင်းစီမှာ မွေးမြူရေးကန် ငါးဧကစီ တူးဖော်ပေးနိုင်ဖို့ လျာထားပါတယ်။ အဲဒီလို တူးဖော်ပေးလိုက်ခြင်းအားဖြင့် ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိသလို ဝင်ငွေလည်း အထိုက်အလျောက်ရရှိလာမှာဖြစ်တယ်။ ဒေသတွင်း ရေချိုငါးထုတ်လုပ်မှုလည်း ပိုမိုများလာမှာဖြစ်သလို ငါးစားနှုန်းလည်း ယခုထက် ပိုမိုများပြားလာမှာ ဖြစ်ပါတယ်။

**မေး။ လက်ရှိ ရေငန်ပုစွန်မွေးမြူမှုက ဒေသတွင်းမှာ ဘယ်လောက်ရှိပါသလဲ။ ရေငန်ပုစွန်မွေးမြူမှုအပေါ်မှာရော ထပ်မံတိုးမြှင့်ဆောင်ရွက်ဖို့ ရှိပါသလား။**

ဖြေ။ ရေငန်ပုစွန်မွေးမြူမှုက ဒေသတွင်းမှာ လက်ရှိ ဧက ၁၅၀၀၀ လောက်ရှိပါတယ်။ ဒေသတွင်းဖွံ့ဖြိုးဖို့က ရေငန်ပုစွန်မွေးမြူရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်ရမှာပါ။ ရေငန်ပုစွန်ဖွံ့ဖြိုးဖို့က မွေးမြူတဲ့ကန်တွေကို စက်ယန္တရားတွေနဲ့ ဆယ်ယူတာတွေ၊ ကန်ပေါင်မြှင့်တင်ပေးတာတွေ၊ ပုစွန်သားပေါက် ဖြန့်ဖြူးပေးတာတွေ လုပ်ဆောင်ရမှာဖြစ်တယ်။ အခုဆိုရင် အလယ်သံကျော်မှာပဲ ရေငန်ပုစွန်သားဖောက်စခန်းရှိတာ။ မွေးမြူရေးကန်တွေ ထပ်ချဲ့မယ်၊ ထပ်တိုးမယ်ဆိုရင် ရေငန်ပုစွန်သားဖောက်စခန်းက မဖြစ်မနေ လိုအပ်လာဦးမှာပါ။ ဒါကြောင့် နောက်ထပ် ရေငန်ပုစွန်သားဖောက်စခန်း ငါးခုကို ထပ်မံတိုးချဲ့ဖွင့်ပေးဖို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ဝန်ကြီးဌာနကိုတင်ပြထားပါတယ်။

**မေး။ မောင်တောမြို့အတွင်းမှာ ရေငန်ပုစွန်နဲ့ငါး တစ်နှစ်ထွက်ရှိမှု ဘယ်လောက်ရှိပါသလဲ။ ပြည်ပတင်ပို့နိုင်မှု အခြေအနေလေးရောသိပါရစေ။**

ဖြေ။ မောင်တောမြို့နယ်အတွင်းမှာ ရေငန်ပုစွန်မွေးမြူတဲ့ လုပ်ငန်းရှင်က ၂၅၇၀ ကျော်ရှိပါတယ်။ ဧက ၁၅၃၀၀ ကျော်ရှိပါတယ်။ ဘူးသီးတောင်မှာက ၃၀၀ လောက်ရှိတော့ ခရိုင်တစ်ခုလုံးဆိုရင်တော့ ၁၅၆၀၀ ကျော် လောက် ရှိပါတယ်။ ကန်အနေနဲ့ဆိုရင်တော့ တစ်သိန်းကျော်လောက်ရှိပါတယ်။ ငါးဆိုလည်း မြန်မာနိုင်ငံကထွက်တဲ့ ငါးမြစ်ချင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ အရှေ့အလယ်ပိုင်းက တစ်နှစ် အမေရိကန်ဒေါ်လာသန်း ၁၅၀ ဖိုးလောက် နှစ်စဉ် ဝယ်ယူနေပါတယ်။ အဲဒါကြောင့် ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့ကနေ ဘင်္ဂလားဒေ့ရှ်ကို တင်ပို့ရင် လမ်းခရီးကြန့်ကြာတဲ့အတွက် အရည်အသွေးကျဆင်းတယ်။ အဲဒီလိုအချိန်ကြာမြင့်ပြီး အရည်အသွေးကျဆင်းတော့ တစ်ဖက်နိုင်ငံမှာ ဈေးကောင်း မရဘူး။ ဒါကြောင့် ငါးမြစ်ချင်းလို ငါးမျိုးကို ဒီဒေသမှာ မွေးမြူနိုင်အောင် ငါးသားဖောက်စခန်းလေးတွေတည်ပါတယ်။ ငါးသားဖောက်စခန်းက သားပေါက်တွေကို မွေးမြူနိုင်အောင် ဖြန့်ဝေပေးမယ်။ ဒီက ဘင်္ဂလားဒေ့ရှ်နဲ့ နီးတော့ အရည်အသွေးကောင်းကောင်းနဲ့ ရောက်သွားတော့ ဈေးပိုရပါတယ်။ မောင်တောအနေနဲ့ ရေထွက်ပစ္စည်းပြည်ပတင်ပို့နိုင်မှုက တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းလျာထား ဆောင်ရွက်ခဲ့ပါတယ်။ အရင်နှစ်တွေကတော့ ၇ ဒသမ ၃ သန်း အထိ ရခဲ့ပါတယ်။ အခုနောက်ပိုင်းတော့ ၄ ဒသမ ၃ သန်းလောက်ပဲရတော့တယ်။ ဒါက ရေထွက်ပစ္စည်းအားလုံးအပါအဝင်ပေါ့။ ရေငန်ပုစွန်တစ်မျိုးတည်းဆိုရင်တော့ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်လောက် ရပါတယ်။

**မေး။ မောင်တောခရိုင်အတွင်းမှာ ငါး၊ ပုစွန်စားနပ်ရိက္ခာဖူလုံဖို့အတွက် အခုလို လုပ်ငန်းတွေတိုးချဲ့ဖို့ ပြင်ဆင်သလို အခြားအကောင်အထည်ဖော်ဆောင်ရွက်မယ့် လုပ်ငန်းတွေရှိရင်လည်း ပြောပြပေးပါဦး။**

ဖြေ။ မောင်တောခရိုင်အတွင်း ရွာပေါင်း ၉၆ ရွာမှာ ငါးမွေးကန် ငါးဧကစီကို အကောင်အထည်ဖော်ပြီးရင် မွေးမြူနိုင်ဖို့အတွက် ငွေအရင်းအနှီးတွေကိုလည်း အတိုးနှုန်းသက်သက်သာသာနဲ့ ဘဏ်တွေက ချေးပေးနိုင်အောင် ချိတ်ဆက်ထားပါတယ်။ ပြီးတော့ ငါး၊ ပုစွန် အခြောက်ခံတဲ့လုပ်ငန်းတွေ၊ အရည်အသွေးထိန်းသိမ်းနိုင်အောင် ရေခဲစက်တွေ တည်ထောင်ပေးနိုင်ဖို့၊ ငါးသားပေါက်၊ ပုစွန်သားပေါက် လုံလုံလောက်လောက် ကူညီထောက်ပံ့ပေးနိုင်ဖို့ကို ဌာနအနေနဲ့ ကူညီဆောင်ရွက်ပေးသွားမှာပါ။ ရေငန်ပုစွန်သားဖောက်စခန်း သုံးခု၊ သရုပ်ပြမွေးကန် နှစ်ခု အဲဒါတွေကိုလည်း နောက်ထပ်ဖြည့်ဆည်းပေးဖို့ နိုင်ငံတော်ကို တင်ပြထားပါတယ်။ တန်ဖိုးငွေအားဖြင့်တော့ ရင်းနှီးမြှုပ်နှံငွေကျပ်သန်းပေါင်း ၁၂၀၀ ကျော်လောက် ကုန်ကျမှာပါ။ ငါးကန်ဆိုလည်း ၉၆ ရွာကို တစ်ရွာ ငါးဧကစီဆိုရင် စုစုပေါင်း ဧက ၄၈၀ ရှိပါတယ်။ တစ်ဧက တူးဖော်မယ်ဆိုရင် ကုန်ကျစရိတ်က ငွေကျပ် ၇၅ သိန်းလောက်တော့ ကုန်ကျမှာဖြစ်တဲ့အတွက် စုစုပေါင်းငွေကျပ်သန်းပေါင်း ၃၆၀၀ ကျော် ကုန်ကျမှာဖြစ်ပါတယ်။ ဒါတွေအားလုံး လုပ်ဆောင်ပေးဖို့ နိုင်ငံတော်ကို တင်ပြထားပြီဖြစ်ပါတယ်။ ခွင့်ပြုမိန့်ကျတာနဲ့ အမြန်ဆုံးအကောင်အထည်ဖော်မှာပါ။



ဦးနိုင်ဝင်းသိန်း(ဒုတိယညွှန်ကြားရေးမှူး၊ မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး)



ရေငန်ပုစွန်မွေးမြူရေးကန် တစ်ကန်အား တွေ့ရစဉ်။

တွေ့ဆုံမေးမြန်း - မောင်စိန်လွင်နှင့်အဖွဲ့
ဓာတ်ပုံ - ဖိုးထောင်နှင့် ခရိုင်ငါးလုပ်ငန်းဦးစီး

# မောင်တောနှင့် ဘူးသီးတောင်ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်မောင်းများက ဝင်ငွေအရနည်း၍ အမြန်တည်ငြိမ်အေးချမ်းစေရန် ဆန္ဒရှိ



**မောင်တော နိုဝင်ဘာ ၁၇**

မောင်တောမြို့အထွက် စစ်ဆေးရေးဂိတ်ကို ယနေ့နံနက်ပိုင်းတွင် ခေတ္တဝင်ရောက်လေ့လာရာ မောင်တောနှင့် ဘူးသီးတောင်ပြေးဆွဲသည့် ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များ၊ ကျေးရွာများမှ ဈေးရောင်း ဈေးဝယ်လာကြသည့် သုံးဘီးကားများ မပြတ်ဖြတ်သန်းသွားလာနေသည်ကိုတွေ့ရပြီး ယခင်ကထက် သွားလာမှုနည်းပါးသေးကြောင်း၊ ဝင်ငွေလည်း နည်းပါးသွားကြောင်းနှင့် အမြန်တည်ငြိမ်အေးချမ်းစေရန်ဆန္ဒရှိကြောင်း ခရီးသွားများ၊ ယာဉ်မောင်းများက ပြောသည်။

ဟိုင်းလတ်ခရီးသည်တင်ယာဉ်မောင်း ကိုရဲထွန်းအောင်က "ဒီနေ့မှ ကျွန်တော်က ပြန်ပြေးဆွဲတာပါ။ ကျွန်တော် အခု မနက် ဘူးသီးတောင်ကနေ ထွက်လာတာပါ။ ဒီနေ့ တစ်ခေါက်ပဲ ဆွဲဖြစ်မှာပါ။ ခရီးသည်က အရင်လောက်မများတော့ ဒီတစ်ခေါက်တောင် ဆန်နဲ့မီးသွေး တင်လာရပါတယ်။ တစ်ခေါက်ကို တစ်သောင်း၊ တစ်သောင်းခွဲလောက်ပဲ ရပါတယ်။ အရင်ကတော့ တစ်နေ့ကို သုံးလေးငါးသောင်းအထိ ရပါတယ်။ ဘူးသီးတောင်-မောင်တောပြေးဆွဲတာက စုစုပေါင်း ယာဉ်အစီး ၃၀ လောက်ရှိပါတယ်"ဟု ပြောသည်။

"ဒီနေ့ ကျွန်တော့်မှန်လုံကားမှာ ခရီးသည် ခြောက်ယောက်ပဲပါပါတယ်။ အသွားအလာ နည်းကြသေးပါတယ်။ အခုပါလာတဲ့ ခရီးသည်တောင် အမျိုးသားတွေချည်းပါ။ တစ်ယောက်ကို ခရီးစဉ်အပေါ် မူတည်ပြီး ငွေကျပ် ၁၀၀၀-၁၂၀၀ ယူပါတယ်။ ကျွန်တော်က အခု မောင်တောကနေ ဘူးသီးတောင်ကို ပြန်မှာပါ။ မနက်က ဘူးသီးတောင်ကနေ ထွက်လာတာပါ။ ကျွန်တော်က ငါးခူရဇာတိပါ။ မိဘတွေက ဝန်ထမ်းအငြိမ်းစားတွေဖြစ်ပြီး အစ်မတွေက ကျောင်းဆရာမပါ။ ငါးခူရကို နယ်မြေအခြေအနေအပေါ် မူတည်ပြီး ပြန်သွားမှာပါ။ ဒါက ကျွန်တော့် ကိုယ်ပိုင်ကားပါ။ ဒီလို မှန်လုံယာဉ်ခရီးသည်တင်အမြန်ယာဉ် ၁၀ စီးလောက်ရှိပါတယ်" ဟု ကိုဇင်ကိုငြိမ်းက ပြောသည်။

လေးမိုင် မကျီးကုန်းကျေးရွာမှ သုံးဘီးကားယာဉ်မောင်း ကိုကျော်လှသိန်းက "ဒီနေ့မနက် စောစောကတည်းက ရွာက ဟင်းသီးဟင်းရွက်ရောင်းဝယ်မယ့်သူတွေနဲ့ မောင်တောကို တက်လာတာပါ။ ပဲ၊ ဖရုံ၊ ငရုတ်၊ ခရမ်းသီး စတဲ့ ဟင်းသီးဟင်းရွက်တွေကို ကျွန်တော်တို့ရွာကနေ ဒီမှာလာရောင်းတာပါ။ အသွားအပြန်တစ်ယောက်ကို ငွေကျပ် ၆၀၀ ယူပါတယ်။ တစ်နေ့ ဆီဖိုးနုတ်ပြီး ကျွန်တော့်အတွက် ငွေကျပ် ၈၀၀၀၊ ၉၀၀၀ လောက်တော့ ကျန်ပါတယ်။ အရင်ကဆို မြို့ပေါ် အပြန်ကုန်လည်းပါတော့ ဒီထက် ပိုက်ဆံပိုရပါတယ်။ ကျွန်တော်တို့ဒေသက မြို့နဲ့ လည်းနီးပြီး အထိုက်အလျောက်အေးချမ်းမှုရှိတာမို့ နေ့တိုင်းပြေးဆွဲပေးပါတယ်"ဟု ပြောသည်။

"ကျွန်မက ရွာမှာစိုက်ပျိုးတဲ့အသီးအနှံတွေနဲ့ စပါးလေးနည်းနည်း မြို့ပေါ်သွားရောင်းတာပါ။ အရင်ကလို ရောင်းမကောင်းသေးပါဘူး။ စပါးဈေးကလည်း အရင်လို မဟုတ်ဘူး။ အပြန်တော့ မြို့ပေါ်က အိမ်မှာလိုတဲ့ ပစ္စည်းလေးနည်းနည်း ပြန်ဝယ်လာပါတယ်။ ကျွန်မတို့ဒေသမှာ ဟိုမြောက်ပိုင်းဒေသတွေလို မဟုတ်ပါဘူး။ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းပါပဲ" ဟု သုံးမိုင်သာစည်ကျေးရွာမှ ဒေါ်မြနှစ်က ပြောသည်။

**(ကိုသက်နှင့် အဖွဲ့၊ ဓာတ်ပုံ-မင်းထက်၊ ဖိုးထောင်)**

**❐ အကြမ်းဖက်သင်တန်းမှ**

အော်ပြီးသွားပါတယ်။ တောင်ကြားမှာ သင်တန်းပေးပါတယ်။ ရိုဟင်ဂျာပေးမယ်ပြောပြီး မပေးဘူး၊ မပေးတဲ့အတွက် ငါတို့သိပ်ကြာသွားမယ်။ တိုက်ပွဲဝင်ရမယ်။ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ကျွန်တော်က ဓားကိုင်ပြီးတော့ ရွာမှာရှိပါတယ်။ ရွာတွေကို မီးရှို့တာတွေရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်က ဝင်လာတဲ့လူတွေနဲ့ ရွာကလူဆိုးတွေက ရှို့တာပါ။ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ရွာသားတွေ တစ်အိမ်တစ်ယောက် ဓားကိုင်ပြီးတော့ ထွက်ပါတယ်။ ဓားကိုင်ပြီးတော့ အကုန်လုံးရွာလမ်းပေါ်ထွက်ကြပါတယ်" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

အလားတူ မောင်တောမြို့နယ် **ရေတွင်းကျွန်းကျေးရွာ**မှ ဖမ်းဆီးထိန်းသိမ်းရမိသည့် **အီအာဟာ**အား မေးမြန်းစစ်ဆေးရာ "၁၃ ရက်နေ့မှာ အကြမ်းဖက်သူတွေက မီးတိုက်တာပါ။ ကျွန်တော်မြင်တာကတော့ အိမ် ၁၀၀ ကျော်လောက် မီးထဲပါသွားပါတယ်" ဟု ဖြေကြားခဲ့ကြောင်း သိရသည်။

ထို့အတူ ဖမ်းဆီးထိန်းသိမ်းထားသည့် **ကြိမ်ချောင်း(မြောက်ရွာ)**နေ **ဆော်ဒူအာမိန်**အား မေးမြန်းစစ်ဆေးရာ "ကျွန်တော်တို့ တုတ်၊ ဓားကိုင်ပြီး လူတွေစုနေတာဟာ စစ်တပ်တွေ၊ ရဲတွေလာရင်တိုက်ပြီးတော့ သေနတ်တွေလုဖို့ပါ။ ဓားရယ်၊ တုတ်ရယ်၊ လေးခွရယ်ပါပါတယ်။ စစ်တပ်ကို ဓားနဲ့ခုတ်မယ်ဆိုပြီးတော့ လူအများကြီးစုနေတာပါ။ တိုက်ပွဲမဖြစ်ခင် ညက လူကြီးပိုင်းတချို့ကိုပါခေါ်ပြီး တောထဲဝင်သွားပါတယ်။ ရွာကိုမီးရှို့တာ အကြမ်းဖက်သမားတွေ မီးရှို့တာပါ။ ရှို့ပြီးတော့ အနောက်ဘက်ကို ထွက်သွားကြတာပါ"ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။

စစ်ဆေးမေးမြန်းချက်များအရ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် ဒေသနေမွတ်စလင်အသိုင်းအဝိုင်းအား တစ်အိမ်တစ်ယောက်မဖြစ်မနေ လိုက်ပါစေပြီး မလိုက်လျှင် လည်လှီးသတ်ဖြတ်မည်ဟု ခြိမ်းခြောက်ကာ တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များအား ရွာတွင်းဝင်လာလျှင် ဓားဖြင့်ခုတ်ရန် စောင့်ဆိုင်းနေကြကြောင်း၊ ကျေးရွာများအား မီးရှို့သူများမှာလည်း အကြမ်းဖက် စီးနင်းတိုက်ခိုက်သူများပင်ဖြစ်ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားရှိသည်။

**(သတင်းစဉ်)**



# မောင်တောမြို့နယ်တွင် အကြမ်းဖက်မသင်္ကာသူ ၅၉ ဦး ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျားခေါင်းတောင်ကျေးရွာ၊ ဂွဆုံကျေးရွာနှင့် ဒါးကြီးဇားကျေးရွာများသို့ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးတစ်ဦး ဦးဆောင်သည့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီက ဝင်ရောက်ရှင်းလင်းရာ အကြမ်းဖက်သမားဟု ယူဆရသော မသင်္ကာသူ ၅၉ ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မသင်္ကာသူ ၅၉ ဦးမှ ဂွဆုံကျေးရွာနေ ရှော်ရှီးတာမောက်(၅၂)နှစ်(ဘ)အာဘီ အပါအဝင် ဂွဆုံကျေးရွာမှ ၂၀ ဦး၊ ကျားခေါင်းတောင်ကျေးရွာမှ ကိုးဦးတို့အား ညနေ ၅ နာရီ ၃၅ မိနစ်တွင် အမှတ်(၃) နယ်ခြားစောင့် ကွပ်ကဲမှုအဖွဲ့မှူးရုံးတွင် လည်းကောင်း၊ ဂွဆုံကျေးရွာနေ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် ဟာမတ်ဒူလာ(၁၅)နှစ် (ဘ)နူလာရာလ်လောင် အပါအဝင် ဂွဆုံကျေးရွာမှ ၁၅ ဦး၊ ကျားခေါင်းတောင်ကျေးရွာမှ ၁၂ ဦး၊ ဒါးကြီးဇားကျေးရွာမှ တစ်ဦး၊ ဦးဆိန်ကျကျေးရွာမှ တစ်ဦးတို့အား ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမှတ်(၄) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးတွင် လည်းကောင်း ခေတ္တထိန်းသိမ်းပြီး လိုအပ်သည်များစိစစ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**



# အကြမ်းဖက်မှု မသင်္ကာ၍ ထိန်းသိမ်းထားသူနှစ်ဦး ကျန်းမာရေးမကောင်းသဖြင့် ဆေးကုသပေးလျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် နိုဝင်ဘာ ၁၂ ရက်က ပွင့်ဖြူချောင်းကျေးရွာအတွင်းမှ ဖမ်းဆီးရမိသော မသင်္ကာဖွယ်ရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၄၁ ဦးတွင် ပါဝင်သူ ဝက်ပြင်ကျေးရွာနေ မာမက်တာဟတ် (၂၈)နှစ် (ဘ) ဂူရာမျာသည် မောင်တောမြို့မရဲစခန်း၌ ထိန်းသိမ်းထားစဉ် ကျန်းမာရေးချို့တဲ့သဖြင့် ယမန်နေ့ ညနေ ၄ နာရီက မောင်တောမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။**(ဓါတ်ပုံ)**

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြဇင်ကျေးရွာတွင် အမှတ်(၂)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုရဲအုပ်တစ်ဦး ဦးစီးသည့် ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က နယ်မြေရှင်းလင်းစဉ် ၎င်းကျေးရွာနေ အဒူဟာမီ၏ နေအိမ်အတွင်းမှ တုတ်၊ ဓားများ ကိုင်ဆောင်ထားသည့် မသင်္ကာသူ ၁၄ ဦးအား စစ်ဆေးဖမ်းဆီးရမိခဲ့သဖြင့် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဌာနချုပ်(ကျီးကန်းပြင်)တွင် ထိန်းသိမ်း ထားစဉ် လောင်းဒုံကြက်ချောင်းကျေးရွာနေ အီဒီရက်စ်(၂၅)နှစ်(ဘ) ရှောင်ရှူအာလောင်သည် သွေးအားနည်းရောဂါ ခံစားနေရသဖြင့် ဆေးတပ်စုမှ ဆေးကုသပေးလျက်ရှိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောဒေသအတွင်းလုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၇**

ရခိုင်ပြည်နယ် မောင်တောဒေသအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများအတွက် စစ်တွေမြို့ ROYAL RESORT @ ROYAL BEACH စေတနာရှင်မိသားစုများက စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက်မွန်းလွဲပိုင်းက စစ်တွေမြို့ရှိ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ အလိုတော်ပြည့်ဆရာတော်ကြီးထံမှ ဩဝါဒခံယူပြီး အလှူရှင်များက ဆန်အိတ် ၃၀၀၊ ငါးခြောက် ပိဿာ ၃၀ နှင့် အလှူငွေကျပ်သိန်း ၅၀ တို့ကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ အဆိုပါ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို မောင်တောဒေသရှိ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် ဒေသခံပြည်သူများထံသို့ ဆက်လက်ပို့ဆောင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြဝတီ)**

# မေးခွန်းထုတ်စရာဖြစ်လာပြန်တဲ့ မက်ဂန်မာကယ်လ်



ဝေလမင်းသားဟယ်ရီရဲ့ အသစ်စက်စက်ချစ်သူလေး မက်ဂန်မာကယ်လ်ရဲ့ မတော်မလျော်ပုံတွေဟာ လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ယိုစိမ့်ထွက်ပေါ်လာခဲ့တာကြောင့် ယခင်ကတည်းက လူမျိုးစပ်တစ်ဦးဖြစ်တဲ့ မက်ဂန်နဲ့ တော်ဝင်သွေးတို့ပေါင်းစပ်မှုမှာ မေးခွန်းထုတ်စရာအခြေအနေဖြစ်နေရတဲ့အပေါ် ထောက်ပြစရာတွေပိုမိုများပြားလာခဲ့ရပါတယ်။

အာဖရိကန်-အမေရိကန်လူမျိုးစပ်တစ်ဦးဖြစ်တဲ့ မိခင်က မွေးဖွားလာခဲ့တဲ့ အသက် (၃၅)နှစ်အရွယ် မော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ မက်ဂန်မာကယ်လ်ရဲ့ အဆိုပါဓာတ်ပုံတွေဟာ နော့တီဂေါ့ဇစ်ဆိုတဲ့ ဝက်ဘ်ဆိုက်ဒ်တစ်ခုကနေ စတင်ဖော်ပြခြင်း ခံခဲ့ရ တာဖြစ်ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းဓာတ်ပုံဟာ မက်ဂန်က ချစ်သူဆီပေးပို့ခဲ့တဲ့ပုံတွေဟုတ်မဟုတ်နဲ့ ယင်းပုံတွေကို ဓာတ်ပုံအထူးပြုလုပ်ချက်တွေနဲ့ ဖန်တီးထားခြင်းရှိ၊ မရှိကိုတော့ မသိရှိရသေးကြောင်းနဲ့ အဆိုပါဓာတ်ပုံတွေနဲ့ပတ်သက်ပြီး မက်ဂန်မာကယ်လ်ဘက်က တစ်စုံတစ်ရာ တုံ့ပြန်ပြောဆိုခြင်းမျိုးမရှိသေးကြောင်းလည်း သိရပါတယ်။

## ဘရစ်တနေစပီးယားစ်ရဲ့ တေးဗီဒီယိုသစ် စမ်းသပ်ထုတ်လွှင့်

ပေါ့ပ်နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ ဘရစ်တနေစပီးယားစ်ရဲ့ တေးအယ်လ်ဘမ်သစ်မှာပါဝင်မယ့် နောက်ဆုံးတေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ “ Slumber Party ”ရဲ့ တေးဗီဒီယိုကို ပြီးခဲ့တဲ့ အင်္ဂါနေ့ ညသန်းခေါင်အချိန်မှာ အမြည်းသဘော စတင်ထုတ်လွှင့်ခဲ့ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါတေးသီချင်းဟာ အသက် (၃၄)နှစ်အရွယ် ဘရစ်တနေစပီးယားစ်ရဲ့ မကြာမီထွက်ရှိမယ့် တေးအယ်လ်ဘမ် “Glory” မှာ ပါဝင်မယ့် နောက်ဆုံးတေးသီချင်းတစ်ပုဒ်ဖြစ်ကာ တေးဗီဒီယိုအစအဆုံးကို သောကြာနေ့က စတင်ပြီး အွန်လိုင်းမီဒီယာတွေပေါ်ကနေ ထုတ်လွှင့်သွားရန်စီစဉ်ထားကြောင်းလည်း သိရပါတယ်။

ယင်းတေးသီချင်းမှာ အာရန်ဘီအဆိုတော် တီနာရှီက ပါဝင်အားဖြည့်သီဆိုထားပြီး ယင်းတေးဗီဒီယိုမှာ ဘရစ်တနေစပီးယားစ်က အနီရောင်သားမွေးကုတ်အင်္ကျီကို ဝတ်ဆင်ထားကာ ဆွဲဆောင်မှုရှိစွာ လှပလို့နေပါတယ်။ ယခုထုတ်လွှင့်သွားမယ့် တေးအယ်လ်ဘမ်သစ် “Glory”ဟာ ယခင်ထုတ်လွှင့်ခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့်ရဲ့ အောင်မြင်ခဲ့တဲ့ တေးအယ်လ်ဘမ်တွေနဲ့ နှိုင်းယှဉ်ပါက ပရိသတ်ရှေ့မှောက်ရောက်ဖို့ အချိန်ကြန့်ကြာနေခဲ့တာပဲဖြစ်ပါတယ်။



## နှစ်မကုန်ခင် ပရိသတ်ရှေ့မှောက် အရောက်ပြန်လာမယ့် “BIGBANG”

တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့တွေထဲက နာမည်ကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “BIGBANG”ဟာ ယခု ၂၀၁၆ ခုနှစ် မကုန်ခင် တေးဗီဒီယိုသစ်နဲ့အတူ ပရိသတ်ရှေ့မှောက်အရောက်ပြန်လာဖို့ စီစဉ်ထားပြီးဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဖွဲ့ရဲ့ တေးဗီဒီယိုသစ်ထွက်ရှိမယ့် အချိန်အတိအကျကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေမယ့် လာမယ့် ဒီဇင်ဘာလလယ်ပိုင်းကို နောက်ဆုံးထားထွက်ရှိသွားမှာဖြစ်ကြောင်းနဲ့ မကြာမီမှာ ယင်းတေးဗီဒီယိုသစ်အတွက် ဓာတ်ပုံတွေနဲ့ ပိုစတာတွေကို မီဒီယာတွေကနေ တစ်ဆင့် ထုတ်ဖော်ပြသပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

မကြာသေးမီက “BIGBANG” တေးဂီတအဖွဲ့ဟာ အဖွဲ့ရဲ့ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ပြီး ယခုသီတင်းပတ်အစပိုင်းမှာ အဆိုပါ တေးဗီဒီယိုသစ်အတွက် ရိုက်ကူးရေးလုပ်ငန်းတွေကို စတင်နေပြီဖြစ်ပါတယ်။



## ဆူဇီနဲ့ လီဂျွန်ဆပ်တို့ရဲ့ရုပ်ရှင်သစ် “While You Sleep”

တောင်ကိုရီးယားရဲ့ ပေါ့ပ်အဆိုတော်တစ်ဦးအဖြစ်သာမက ထိပ်တန်းမင်းသမီးတစ်ဦးအဖြစ်ပါ ရပ်တည်လျက်ရှိတဲ့ ဆူဇီနဲ့ စူပါမင်းသားတစ်ဦးဖြစ်တဲ့ လီဂျွန်ဆပ်တို့ဟာ ရုပ်ရှင်သစ် “ While You Sleep ”မှာ ဆုံစည်းကြတော့မှာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယခုရိုက်ကူးသွားမယ့်ရုပ်ရှင်ဟာ လီဂျွန်ဆပ်ရဲ့နာမည်ကျော်ရုပ်ရှင်တွေဖြစ်တဲ့ “I Hear Your Voice”နဲ့ “Pinocchio”တို့အတွက် ဇာတ်ညွှန်းရေးပေးခဲ့တဲ့ ဇာတ်ညွှန်းဆရာ ပါ့ခ်ဟေယွန်းက တာဝန်ယူရေးသားပေးမှာဖြစ်ပြီး ပါ့ခ်ဟာ ဆူဇီရဲ့ရုပ်ရှင် “Dream High”ရဲ့ဇာတ်ညွှန်းကို ရေးသားပေးခဲ့သူလည်း ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်နဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေကိုတော့ လတ်တလောအချိန်အထိ ထုတ်ပြန်ခဲ့ခြင်းမရှိသေးပါဘူး။

## အာရှအနုပညာရှင်များဆုပေးပွဲအောင်မြင်စွာကျင်းပပြီးစီး



တောင်ကိုရီးယားရဲ့ အထင်ကရ အနုပညာဆုပေးပွဲ တစ်ပွဲဖြစ်တဲ့ အာရှအနုပညာ ဆုပေးပွဲ(Asia Artist Awards)ကို ယခုနှစ်မှာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၆ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ကွမ်ဟီးတက္ကသိုလ်က ငြိမ်းချမ်းရေးခန်းမမှာ အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အဆိုပါဆုပေးပွဲမှာ အနုပညာနဲ့ပတ်သက်တဲ့ ဆုအမျိုးအစားပေါင်းများစွာပေးအပ်ချီးမြှင့်ခဲ့ရာ အဆိုပါဆုတွေဟာ ဂီတနယ်ပယ်မှာသာမက သရုပ်ဆောင်နယ်ပယ်မှာပါ ထူးချွန်တဲ့ အနုပညာရှင်တွေကို ရွေးချယ်ပေးအပ်ခဲ့တာဖြစ်ပါတယ်။

ယခုနှစ်အတွက် အကောင်းဆုံး အာရှအနုပညာရှင်ဆုကို မင်းသားပါ့ခ်ဟေးဂျင်နဲ့ မင်းသမီးပါ့ခ်ရှင်ဟေးတို့က အသီးသီးဆွတ်ခူးနိုင်ခဲ့ကြပါတယ်။ အကောင်းဆုံးကြယ်ပွင့်ဆုကိုတော့ အဆိုတော်နဲ့ သရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်တဲ့ ဆူဇီနဲ့ မင်းသား ပါ့ခ်ဘိုဂန်းတို့က ရရှိခဲ့ပါတယ်။ အာရှကြယ်ပွင့်ဆုကိုတော့ “Girls' Generation”အမျိုးသမီးတေးဂီတအဖွဲ့ဝင် ‘ယွန်အ’က ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။

ယခုနှစ်ဆုပေးပွဲမှာ တောင်ကိုရီးယားရဲ့ ထိပ်တန်းအနုပညာရှင်တွေဖြစ်ကြတဲ့BTS၊ BLACKPINK၊ EXO၊ TWICE၊ VIXX၊ MAMAMOO၊ ဟွမ်ချီယို၊ AOA၊ SEVENTEEN၊ Dynamic Duo တို့နဲ့ အခြားအနုပညာရှင်တွေ ပါဝင်ဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၁၈-၁၁-၂၀၁၆(သောကြာနေ့)**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၉း၃၅ အနုပညာသတင်းအစီအစဉ်
- ၁၀း၃၅ Weekly Sport Info
- ၁၁း၁၅ “စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းရွာက ခုံဖိနပ်အကြောင်း”
- ၁၁း၃၅ အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာတိုင်နေ့ရက်များ” (အပိုင်း-၃၅)
- ၁း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ပန်းရွှေကြာ” (အပိုင်း-၄၃)
- ၂း၀၀ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့ [ရန်တိုင်းကျော်(အဖြူရောင်သွေးသစ်)နှင့် စောမင်းအောင် (ဒို့ရိုးရာ)]
- ၂း၁၀ မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ ဒါရိုက်တာ-အောင်မြင့်မြတ်)
- ၂း၄၀ လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ
- ၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “တုံ့မယူလို” (အပိုင်း-၄၄)
- ၄း၅၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ဘွန်ဗ္ဗောကြက်သူခိုး”
- ၅း၁၅ Football Magazine
- ၅း၃၅ Hyper Sport
- ၆း၂၀ ရုပ်ရှင်ရိုက်မယ် (လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်) (ငါတို့စွမ်းတယ်)(We Are Able)
- ၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ “တုံ့မယူလို” (အပိုင်း-၄၅)
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၈း၃၅ “မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု၊ အသိပညာပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအကြောင်း သိကောင်းစရာစကားဝိုင်း” (ပထမပိုင်း)
- ၉း၀၀ ပြည်တွင်းသတင်း
  - -မိုးလေဝသအခြေအနေ
  - -နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ပန်းရွှေကြာ” (အပိုင်း-၄၄)
  - -တမ်းတမ်းတတဖြစ်ခဲ့ရသောရုပ်ရှင်တေးသီချင်းများ(အပိုင်း-၁၇)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

**၁၈-၁၁-၂၀၁၆(သောကြာနေ့)**

- ၆း၀၃ တရားတော်
- ၇း၁၅ မေတ္တာပို့
- ၇း၂၅ ဓမ္မပူဇာတေး
- ၈း၁၀ စိုက်ပျိုးသုတ
- ၈း၂၅ DVD Hits
- ၈း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
- ၉း၂၀ အမှတ်တရနေ့ရက်လေးများ
- ၉း၄၀ ကျန်းမာသုတ
- ၉း၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၁၀း၁၅ Books Guide
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၁း၁၀ ဘောလုံးကန်ကြမယ်
- ၁၁း၂၀ မြန်မာ့ရှုခင်း
- ၁၁း၃၅ Sportcast
- ၁၁း၄၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၁း၅၅ ဇာတ်လမ်းတို
- ၁၂း၁၀ မြန်မာသံစဉ်ချိုနားဝင်
- ၁၂း၂၅ Cooking Art
- ၁၂း၃၅ DVD Hits
- ၄း၂၅ ခံစားနားဆင်လက်ာဝတ်ရည်တေးသံစဉ်
- ၄း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၄း၄၅ Sportcast
- ၅း၂၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၅း၃၅ ရောင်စုံဖြာဝေဂျပန်မြေ
- ၅း၄၅ လည်မယ် . . . စားမယ်ကမ္ဘာတစ်ခွင်ဝယ်
- ၆း၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
- ၆း၃၀ “ ရွှာ“ ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ-မိုးဇော်ကို
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - - လျှို့ဝှက်ခြင်း၏နောက်ကွယ် အပိုင်း(၂)
  - - VOA အင်္ဂလိပ်စာသင်ခန်းစာ
  - - သံစဉ်များနှင့်ကမ္ဘာ
  - - Lucky Door

# မက်ဆီ ကစားသမားဘဝ ဘာစီလိုနာတွင်သာ အဆုံးသတ်လိမ့်မည်ဖြစ်



ဘာစီလိုနာ ဥက္ကဋ္ဌ ဘာတိုမူက မက်ဆီအနေဖြင့် ဘာစီလိုနာအသင်းတွင်သာ ကစားသမားဘဝ အဆုံးသတ်ရန် သတ်တမ်းတိုး စာချုပ်သစ်လက်မှတ်ရေးထိုးလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မက်ဆီနှင့် ဘာစီလိုနာ လက်ရှိ ချုပ်ဆိုထားသည့် စာချုပ်သည် ၂၀၁၈ ခုနှစ် နွေရာသီတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ဘာစီလိုနာဘက်မှ စာချုပ်သစ်ကမ်းလှမ်းမှုကို မက်ဆီက ငြင်းပယ်ခဲ့ခြင်းကြောင့် ဘာစီလိုနာမှ မက်ဆီထွက်ခွာနိုင်ဖွယ်ရှိသည်ဟူသော မှန်းဆချက်များ ထွက်လာခဲ့သည်။

ဘာစီလိုနာနှင့် နီးစပ်သော အသိုင်းအဝိုင်းကမူ မက်ဆီအနေဖြင့် စာချုပ်သစ် လက်မှတ်ရေးထိုးလိမ့်မည်ကို ကလပ်အသင်းဘက်မှ ယုံကြည်မှုအပြည့်ရှိကြောင်း ပြောကြားခဲ့သလို ဘာတိုမူကလည်း ယင်းသို့ တစ်ထပ်တည်းပင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ဘာတိုမူက ဂျပန်နည်းပညာကုမ္ပဏီ ရာကူတန်နှင့် စပွန်ဆာ လေးနှစ်စာချုပ် ချုပ်ဆိုပွဲအခမ်းအနားတွင် ဘာစီလိုနာသည် ကစားသမားကောင်းမြောက်မြားစွာနှင့် ဖွဲ့စည်းထားသည့် အသင်းဖြစ်ပြီး လီယွန်နယ် မက်ဆီကဲ့သို့ ကမ္ဘာသိ ကစားသမားတစ်ဦးကိုလည်း ပိုင်ဆိုင်ထားသောကြောင့် ဂုဏ်ယူမိကြောင်း မက်ဆီနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့သည်။

နောက်နှစ်ဘောလုံးရာသီမှစတင်၍ ဘာစီလိုနာအသင်းဂျာစီ အရှေ့ဘက် ကာတာအဲဝေးလ်နေရာတွင် ရာကူတန် လိုဂိုကို အစားမြင်တွေ့ရမည်ဖြစ်ပြီး ယင်းအတွက်ကြောင့် ဘာစီလိုနာအသင်း တစ်နှစ် စပွန်ဆာကြေး ယူရို ၅၅ သန်းရရှိမည်ဖြစ်သည်။

မေလှဲ့သင်း ရေးသားသည်

# မသင့်လျော်သည့် ပုံရိပ်များ ထွက်ပေါ်ခဲ့သည့်အတွက် အင်္ဂလန်အသင်း တာဝန်ရှိသူများကို ဝိန်းရွန်းနီ တောင်းပန်





နိုင်ငံတကာပွဲစဉ်များ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ကာလအတွင်း အင်္ဂလန်အသင်းပိုင်ဟိုတယ်မှ အင်္ဂလန်အသင်းခေါင်းဆောင် ဝိန်းရွန်းနီ၏ မသင့်လျော်သည့်ဓာတ်ပုံများကို ထွက်ပေါ်လာပြီးနောက် ယင်းကိစ္စရပ်နှင့် ပတ်သက်၍ အင်္ဂလန်အသင်းတာဝန်ရှိသူများကို ရွန်းနီက ပြန်လည်တောင်းပန်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ အသက်(၃၁)နှစ်အရွယ်ရှိ ရွန်းနီ၏ကိုယ်စားထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ယင်းပုံရိပ်များကို မသင့်လျော်သည့်ပုံရိပ်များဟူသော စကားလုံးသုံးနှုန်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အင်္ဂလန်အသင်းက စကော့တလန်အား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီး နောက်တစ်နေ့ စနေနေ့ည ညဉ့်နက်ချိန်( နိုဝင်ဘာ ၁၂ ရက်) အထိ ရွန်းနီ ပါတီပွဲတွင် အရက်သေစာသောက်စားနေသည့် ပုံရိပ်များကို The Sun သတင်းဌာနက ဖွင့်ချခဲ့ခြင်းဖြစ်သည်။ ယင်းနောက် အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)က ကစားသမားများ၏ အားလပ်ချိန်မူဝါဒများနှင့် ပတ်သက်၍ ပြန်လည်စိစစ်ရတော့မည်ဖြစ်ကြောင်း တုံ့ပြန်ခဲ့သော်လည်း ကျူပီအာ အသင်းမန်နေဂျာ ဟော်လိုဝေးက အရက်မကြိုက်သည့်သူမရှိခြင်းကြောင့် ရွန်းနီ အရက်သောက်သည်မှာ ဆန်းကြယ်သည့်ကိစ္စမဟုတ်ကြောင်း ရွန်းနီဘက်မှ ကာကွယ်ပြောကြားပေးခဲ့သည်။ အင်္ဂလန်ကစားသမား ၁၀ ဦး တနင်္ဂနွေနေ့ နံနက် ၄ နာရီခွဲအထိ ကလပ်တက်ခဲ့ခြင်းကြောင့် အက်ဖ်အေအနေဖြင့် မူဝါဒရေးရာ ပြန်လည်သုံးသပ်ရတော့မည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၇ ရက်ထုတ် The Sun သတင်းစာတွင် ဖော်ပြပါရှိသည်။

ရွန်းနီကိုယ်စား ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် "ရွန်းနီရဲ့ အခုလို ပုံရိပ်ကို ပရိသတ်တွေ မြင်တွေ့ခဲ့ရတဲ့အတွက် သူ စိတ်မကောင်းဖြစ်နေရပါတယ်။ အဲဒီနေ့ဟာ တစ်သင်းလုံးက ကစားသမားတွေရော ဝန်ထမ်းတွေရော နားရက်အဖြစ် သတ်မှတ်ပေးထားတဲ့ရက်ပါ။ ဒါပေမယ့် သူ့လိုအနေအထားအရ (အင်္ဂလန်အသင်းခေါင်းဆောင်တစ်ယောက်အနေအထား) ဒီလိုပုံရိပ်တွေက ဘယ်သူတစ်ဦးတစ်ယောက်အတွက်မှ မသင့်လျော်ဘူးလို့ သူက သုံးသပ်အဖြေထုတ်ပါတယ်။ ဒီအတွက် အသင်းနည်းပြ ဆောက်ဂိတ်ကိုရော နည်းစနစ်ဒါရိုက်တာ ဒန်အက်ရှ်ဝို့ကိုပါ တောင်းပန်ခဲ့ပြီးဖြစ်ပါတယ်"ဟု ဖော်ပြပါရှိသည်။

ရွန်းနီသည် နိုဝင်ဘာ ၁၅ ရက်က ယှဉ်ပြိုင်ခဲ့သည့် စပိန်အသင်းနှင့် နှစ်ဂိုးစီ သရေကျခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲကို အသေးစားဒူးဒဏ်ရာကြောင့် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ပေ။ အက်ဖ်အေက "အင်္ဂလန်အသင်းနှင့် သက်ဆိုင်သူများအားလုံးသည် သင့်လျော်သည့် အပြုအမူကို အမြဲလုပ်ဆောင်ရန် တာဝန်ရှိသည်" ဟူသော ကြေညာချက်အပြီး ရွန်းနီ၏ ယခုတောင်းပန်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

# ကျွန်တော့်ရဲ့ အကောင်းဆုံးအသင်းဖော်က စီရိုနယ်လ်ဒိုမဟုတ်ပါဘူး၊ ရှိုင်ယန်ဂစ်ပါ

ရီးယဲလ်မက်ဒရစ်အသင်းစူပါစတား ဂါရတ်ဘေးလ်ကို သူ၏အကောင်းဆုံးအသင်းဖော် မည်သူဖြစ်သလဲဟူသောမေးခွန်းကို ရုပ်သံဌာနတစ်ခုက မေးမြန်းခဲ့ရာ ဂါရတ်ဘေးလ်က မန်ယူနှင့် ဝေလအသင်းဂန္ထဝင်ကွင်းလယ်ကစားသမား ရှိုင်ယန်ဂစ်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။ ဂါရတ်ဘေးလ်မှာ လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းတွင် ကမ္ဘာ့ထိပ်တန်း ကစားသမားများနှင့် လက်တွဲကစားနေရသော်လည်း သူနှင့် တွဲဖက်ကစားခဲ့ဖူးသည့် ကစားသမားများတွင် ရှိုင်ယန်ဂစ်သာ အရည်အသွေးအမြင့်မားဆုံးကစားသမားဖြစ်ကြောင်း အံ့အားသင့်ဖွယ်ရာ ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂါရတ်ဘေးလ်သည် ရီးယဲလ်တွင် စီရိုနယ်လ်ဒိုကဲ့သို့ ဖီဖာဘလွန်းဒီအောဆု သုံးကြိမ်ရရှိထားသူနှင့် တွဲဖက်ကစားနေရသလို လူကာမိုဒရစ်၊ တိုနီခရူးစ်၊ ဘင်ဇီမာတို့ကဲ့သို့ နာမည်ကျော်မြောက်မြားစွာနှင့် ကစားခွင့်ရရှိနေသူဖြစ်သည်။ ဘေးလ်မှာ ရှိုင်ယန်ဂစ်နှင့် ဝေလအသင်းတွင် နှစ်ကြိမ်သာ အတူတွဲဖက်ကစားခွင့်ရရှိခဲ့သော်လည်း သူနှင့် တွဲဖက်ကစားခဲ့သည့် ထာဝရအကောင်းဆုံးအသင်းဖော်မှာ ရှိုင်ယန်ဂစ်ဟု ယုံကြည်ကြောင်း ဖွတ်လော်ကာရုပ်သံအစီအစဉ်အတွက် အမေးအဖြေကဏ္ဍတွင် ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဂါရတ်ဘေးလ်က "ကျွန်တော့်အတွက်တော့ ရှိုင်ယန်ဂစ်ပါပဲ။ သူလို ဂန္ထဝင်ကစားသမားရဲ့ ပွဲစဉ်တွေကြည့်ပြီး ကျွန်တော်ကြီးပြင်းလာရတဲ့အတွက် ကျွန်တော့်အတွက်တော့ သူက သူရဲကောင်းဆိုလည်း ဟုတ်ပါတယ်။ သူဟာ ဝေလအသင်းမှာ ကျွန်တော် ပါဝင်ကစားခွင့်ရတော့လည်း ကျွန်တော့်ကို ကူညီခဲ့သူပါ" ဟု ပြန်လည်ဖြေကြားခဲ့သည်။

ဘေးလ်က ရှိုင်ယန်ဂစ်နှင့် နှစ်ကြိမ်သာ တွဲဖက် ကစားခွင့်ရခဲ့သော်လည်း ယင်းကာလသည် သူ၏ အိပ်မက်များ အမှန်တကယ်အကောင်အထည်ပေါ်လာခြင်းပင်ဖြစ်ကြောင်း ဆိုခဲ့သည်။ ၂၀၀၇ ခုနှစ် ဝေလအသင်းက ဆမ်မာရီနိုအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရသည့် ပွဲစဉ်တွင် ဂါရတ်ဘေးလ်ရော ရှိုင်ယန်ဂစ်ပါ ဝေလအသင်းအတွက် သွင်းဂိုးတစ်ဂိုးစီ သွင်းယူနိုင်ခဲ့ကြသည်။

ယခုကဲ့သို့ ဘေးလ်၏ ဝန်ခံချက်သည် ရီးယဲလ်အသင်းအတွက် ချန်ပီယံလိဂ်ဖလား နှစ်ကြိမ် အတူတကွရယူခဲ့ကြသည့် ထာဝရအကောင်းဆုံး ကစားသမားတစ်ဦးအဖြစ်အများက လက်ခံထားသူ အသင်းဖော် စီရိုနယ်လ်ဒိုအနေဖြင့် အံ့အားသင့်လိမ့်မည်ဖြစ်ကြောင်း ဂိုးလ်ဒေ့ါကွန်းက သုံးသပ်ဖော်ပြသည်။ မန်ယူဂန္ထဝင်နည်းပြကြီး ဖာဂူဆန်ကမူ သူ ၂၆ နှစ်တာ ကိုင်တွယ်ခဲ့သည့် မန်ယူအသင်းတွင် အရည်အချင်း အပြည့်ဝဆုံး ကစားသမားတစ်ဦးကို ရွေးချယ်ပြပါဆိုလျှင် စီရိုနယ်လ်ဒိုသာလျှင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



# ကမ္ဘာ့ထိပ်တန်းနေရာကို ဘရာဇီး ပြန်လည်ရောက်ရှိလာပြီ

ဂျာမနီနောက်ခံလူ ဟမ်းမဲလ်က ဘရာဇီးအသင်းသည် လူငယ် သွေးသစ်ကစားသမားများဖြင့် ခြေစွမ်းထက်နေပြီး လွန်ခဲ့သည့်နှစ်နှစ်တာကာလက ဘရာဇီးအသင်းနှင့် လုံးဝမတူတော့ဘဲ ကမ္ဘာ့ထိပ်တန်းနေရာကို ပြန်လည်ရောက်ရှိလာပြီဟု ပြောကြားလိုက်သည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား အကြိုဗိုလ်လုပွဲ ဂျာမနီက ဘရာဇီးအသင်းကို ခုနစ်ဂိုး-တစ်ဂိုးနှင့် အနိုင်ရရှိခဲ့သည့် သမိုင်းဝင်ပွဲစဉ်တွင် ဟမ်းမဲလ်မှာ ဂျာမနီအသင်းသားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။ ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်ကပင် ဂျာမနီနည်းပြ ဂျိုအားချင်းလိုက ဘရာဇီးအသင်းလက်ရှိ ကစားဟန်ကို ကြည့်ရှုခြင်းဖြင့် ဘရာဇီးသည် လွန်ခဲ့သည့်နှစ်နှစ်တာကာလက ဖြစ်ပေါ်ခဲ့သည့် အရှုံးဒဏ်ကို အလုံးစုံချေဖျက်နိုင်ခဲ့ပြီးဖြစ်သည်ကို သိရှိနိုင်ကြောင်း ချီးကျူးစကားဆိုခဲ့သည်။

ဘရာဇီးအသင်းသည် လက်ရှိတွင် အကောင်းဆုံးပုံစံရရှိနေပြီး နိုင်ပွဲဆက်နေရာ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရန် အကောင်းဆုံး အလားအလာကို ပိုင်ဆိုင်ထားသည်။ ဘရာဇီးအသင်းသည် ၂၀၀၂ ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ဂျာမနီအသင်းကို တိုက်စစ်မှူး ရိုနယ်လ်ဒို၏ သွင်းဂိုးနှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ဖူးသည်။ ဟမ်းမဲလ်ကမူ အသင်းတစ်သင်းသည် ကျရှုံးချိန်ကို ဖြတ်ကျော်ပြီးသည့်အခါ ပိုကောင်းသည့် အသင်းတစ်ခုဖြစ်လာတတ်ကြောင်း၊ ယခုလည်း ဘရာဇီးအသင်းမှာ ယင်းသို့ စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

## ဘောလခဲမြို့တွင် ထိခိုက်ကင်းဝေးဖွံ့ဖြိုးရေး သင်တန်းဖွင့်



**ဘောလခဲ နိုဝင်ဘာ ၁၇**
ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရွှေသဟာလူမှုဖူလုံရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ထိခိုက်ကင်းဝေးဖွံ့ဖြိုးရေး သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွှေသဟာလူမှုဖူလုံရေးအဖွဲ့မှ စီမံကိန်းဒါရိုက်တာ ဒေါ်ဇင်မာထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် ယခုဖွင့်လှစ်သည့်သင်တန်းကို တက်ရောက်ခြင်းဖြင့် ဒေသအတွင်း ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းကျဆင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိဖြစ်ပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့သည်။

**ကိုစိုင်း(လွိုင်ကော်)**

# ရိုးရာမပျက် ပျော်ရွှင်စွာဆင်နွှဲ ရွှေမိုင်းယောင်းသားတို့၏ ထပ်လုံစေတီတော်ဘုရားပွဲ ကုသိုလ်ပြုသူများဖြင့် အထူးစည်ကား

**မိုင်းယောင်း နိုဝင်ဘာ ၁၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း ထပ်လုံစေတီတော်ဘုရားပွဲ (ပွဲဒွေန်းကြိမ်း) ကို ဆီမီးမျှောပွဲ (လွယ်ကထွန်) နှင့်အတူ ရွှေမိုင်းယောင်းမှ ဒေသခံပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ပွင့်ပြီးသည့်ဘုရားရှင်တိုင်း ရဟန္တာအရှင်သူမြတ်များခြံရံလျက် ကြွရောက်လာလေ့ရှိပြီး အလွန်မြင့်မြတ်သည့် မဟီယင်္ဂနတောင်ကုန်းပေါ်တွင် တည်ထားကိုးကွယ်တော်မူသည့် ထပ်လုံစေတီတော်ကို ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံကေတော်ရှစ်ပင်နှင့် ဘယ်ဘက်ပါးရိုးတို့ကို ထီးရိုးဝါးကြုတ်ထဲထည့်တော်မူပြီး နဂါးမင်း၏ သံအတိပြီးသော ဌာပနာဖလားတော်၊ နံ့သာကြုတ်၊ ပတ္တမြားကြုတ်၊ ရွှေကြုတ်၊ ငွေကြုတ်တော်များနှင့် ဝန်းရံပြီး အကျယ်ရှစ်တောင်၊ အနက်ဆယ့်နှစ်တောင် ပန္နက်ထဲ ပူဇော်ထည့်ထားတော်မူပြီးလျှင် တန်ဆောင်မုန်းလပြည့်နေ့၌ ဗြဟ္မာမင်းနှင့် နဂါးမင်း၏ ကျောက်ဖြာအမိုးတော်၊ ရဟန္တာလေးပါး၏ ဟိမဝန္တာက မဟာကျောက်တုံးကြီးလေးတုံးနှင့် သာသနာနှစ်ငါးထောင်တိုင်အောင် ဆီမီးထွန်းညှိပူဇော်ပေးထားပြီး စကြဝတေးမင်း၏ ယက္ခဘီလူးလေးကောင်ဖြင့် စေတီတော်၏ အရပ်လေးမျက်နှာအား စောင့်ရှောက်ပေးထားတော်မူ၏။ သိကြားမင်း၏ သီရိလက်္ာအုတ်များဖြင့် စေတီတော်အောက်ခြေပိုင်း အဆင့်ပြီးသည်အထိ တစ်ညတည်းနှင့် တည်ထားပေးတော်မူပြီး ဖရာဆုလင်္ဂဝုတ္တိမင်းကြီးနှင့် တိုင်းသူပြည်သားအပေါင်းတို့က ကဆုန်လပြည့်နေ့အထိ ဗုဒ္ဓသာသနာတော် အရှည်တည်တံ့အောင် ရည်ရွယ်ပြီး စနစ်တကျ တည်ထားသည်ကို ဖူးတွေ့ရကြောင်း ထပ်လုံစေတီတော်သမိုင်းနှင့် အလောင်းတော်မင်းသား၏ ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံသော တောင့်တတိုင်းပြည့်ဝသည့် ပတ္တမြားကျောက်မျက်တစ်လုံးဖြင့် ဖန်ဆင်းထားသော မိုင်းယောင်းထက်စောပြီး အလွန်သာယာစည်ကားသည့် မိုင်းယောင်းနွှဲသမိုင်းအကြောင်းကို မြို့မိမြို့ဖတစ်ဦးမှ ရှင်းပြခဲ့သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ရဟန္တာအရှင်သူမြတ်လေးပါး၏ ခရမ်းကျောက်ရောင်အဆင်းရှိသည့် မင်္ဂလာမြေများနှင့်အတူ အိန္ဒိယနိုင်ငံအရှေ့ဘက်ပိုင်းရှိ ရွှေညောင်ပင်၏ အကိုင်းပွားဖြစ်တော်မူသည့် တန်ခိုးကြီးပြီး ထင်ရှားကျော်ကြားသည့် မိုင်းယောင်းမြို့၏ သမိုင်းဝင်ရွှေညောင်ပင်နှင့် မင်္ဂလာဖားတစ်ကောင်ကို ပေါက်တူးဖြင့် ပေါက်မိရာမှ တရားပေါက်သွားသည့် ဈာန်ရကိုရင်ကြီးတောရကျောင်း (ဖပီလုံပါဘွန်း) ကျောင်းတော်တို့တွင်လည်း ဒေသခံပြည်သူများနှင့်အတူ အနယ်နယ်အရပ်ရပ်က ကုသိုလ်ပြုသူများဖြင့် စည်ကားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## တွန်းဇံမြို့နယ်အတွင်းရှိ မော်တော်ဆိုင်ကယ်များနှင့် ယာဉ်မောင်းလိုင်စင်များ ဆောင်ရွက်ပေး

**တွန်းဇံ နိုဝင်ဘာ ၁၇**
ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းရှိ မှတ်ပုံတင်မည့် မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် (က) ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် တွန်းဇံမြို့အားကစားခန်းမ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ချင်းပြည်နယ်ဦးစီးမှူး ဦးဇော်မျိုးဝင်း ဦးဆောင်သောအဖွဲ့နှင့် တွန်းဇံမြို့နယ် မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်စိစစ်ရေးအဖွဲ့တို့ပူးပေါင်း၍ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

တွန်းဇံမြို့နယ်အတွင်းရှိ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို မှတ်ပုံတင်ပေးခြင်းနှင့် မော်တော်ဆိုင်ကယ်ယာဉ်မောင်းလိုင်စင်မရှိသော ပြည်သူများအား ယာဉ်မောင်းလိုင်စင်(က)တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ ချင်းပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ လာရောက်ဆောင်ရွက်ပေးမှုကြောင့် တွန်းဇံမြို့နယ်အတွင်းရှိ ပြည်သူများသည် အချိန်ကုန်မှုသက်သာခြင်း၊ ငွေကုန်ကျမှုသက်သာခြင်း၊ မိမိတို့ဝယ်ယူအသုံးပြုသော မော်တော်ဆိုင်ကယ်များကို အချိန်တိုအတွင်း မှတ်ပုံတင်ခွင့်ရရှိခြင်းနှင့် အချိန်တိုအတွင်း ယဉ်မောင်းလိုင်စင်(က) များ ရရှိမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်ဆည် နိုဝင်ဘာ ၁၇**
ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်များ စာဖတ်ရှိန်မြှင့်တင်ရေးကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက အနောက်ငါးဆူကျေးရွာ ရွှေပန်းဝတ်ရည်စာကြည့်တိုက်၌ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါစာကြည့်တိုက်ကို ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စောလွင်က စာပေဖတ်ရှုရခြင်းအကြောင်းနှင့် ကျေးရွာအခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ကဗျာ၊ ကာတွန်း၊ ပုံပြင်များ ပြောဟောခဲ့ပြီး ကျေးရွာရှိ စာပေဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူလေးများက လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

**ခင်မောင်လွင်**

# မိုးမြေပဲများပေါ်ချိန်တွင် မြေပဲဆွတ်အလုပ်သမားများ အဆင်ပြေ

**ကနီ နိုဝင်ဘာ ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်တွင် မြေပဲစိုက်တောင်သူများမှာ ဒေသအခေါ် ပင်ထောင်မြေပဲမျိုး၊ ထွက်တိုး ဆင်းပဒေသာ(၁၁) မြေပဲမျိုးများနှင့် အခြားထွက်တိုး မိုးမြေပဲများကို နှစ်စဉ်တွင်ကျယ်စွာစိုက်ပျိုးခဲ့ကြရာ ယခုနှစ်တွင် မိုးမြေပဲများပေါ်ချိန်တွင် မြေပဲဈေးလျော့နည်းသော်လည်း မြေပဲဆွတ်သမားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မြေပဲစိုက်တောင်သူတွေ မိုးမြေပဲများဖြစ်ထွန်းအောင်မြင်ပြီး မြေပဲပေါ်ချိန်ဈေးများ လျော့နည်းနေပြီး အခက်ကြုံရသော်လည်း မြေပဲဆွတ်ချိန်တွင် လက်လုပ်လက်စားအလုပ်သမားများ အဆင်ပြေလျက်ရှိသည်။

"မြေပဲနုတ်အလုပ်သမားတွေကတော့ တစ်ရက်ကို ငွေကျပ် ၅၀၀၀ ရပြီး ကျွန်မတို့ မြေပဲဆွတ်သူတွေကတော့ မြေပဲအတောင့်ယူမယ်ဆိုရင် ငါးစုတစ်စုရပါတယ်။ တစ်ရက်ကို မြေပဲဆွတ်ခ ငွေနဲ့ဆို ၄၅၀၀ ကျပ်အထိရလို့ ဒီနှစ်က မြေပဲစိုက်တောင်သူတွေ ပဲများအထွက်ကောင်း၍ ကျွန်မတို့လို မြေပဲဆွတ်လက်လုပ်လက်စား အလုပ်သမားတွေလည်း အဆင်ပြေပါတယ်" ဟု မြေပဲဆွတ်သူတစ်ဦးက ပြောသည်။

**သန်းဌေးအောင်(ကနီ)**





မြန်မာ့မီးရထား ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပါ အချက်အလက်များ သိရှိနိုင်ရန်အတွက် သာစည်ဘူတာ ရထားရဲတပ်ဖွဲ့ အမှတ်(၆)တပ်ခွဲ ရထားရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပါ လက်ကမ်းစာစောင်များကို ရထားစီးခရီးသည်များအား သာစည်ဘူတာ အမှတ် (၁) စင်္ကြန်တွင် ဖြန့်ဝေပေးလျက်ရှိကြောင်းသိရသည်။

မောင်ကို(သာစည်)

## စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ရေတာရှည်မြို့နယ်တွင် ပဲပိစပ်နှင့် စပါးစိုက်ခင်း ဧက (၂၀၀) နီးပါး ရေဝင်နစ်မြုပ်

**ရေတာရှည် နိုဝင်ဘာ ၁၇**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် နတ်တောင်ကျေးရွာအုပ်စုနှင့် ကက္ကူကျေးရွာအုပ်စုအတွင်းရှိ ပဲပိစပ်စိုက်ခင်းများနှင့် ရိတ်သိမ်းခါနီး စပါးစိုက်ခင်း ဧက (၂၀၀)နီးပါးမှာ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းမှစတင်၍ စစ်တောင်းမြစ်ရေများဝင်ရောက်ကာ နစ်မြုပ်လျက်ရှိကြောင်း သိရသည်။

"စစ်တောင်းမြစ်ရေက မနေ့က မွန်းလွဲပိုင်းလောက်တက်လာတာ အတော်မြန်တယ်။ ကျွန်တော်တို့ နတ်တောင်ကွင်းဘက်က ပဲပိစပ်စိုက်ခင်းတွေတော့ အကုန်မြုပ်ကုန်ပြီ။ ကက္ကူကွင်းဘက်တွေလည်း ရေတွေဖွေးနေတာပဲ" ဟု စစ်တောင်းမြစ်ကမ်းပါးနှင့်မလှမ်းမကမ်းနေရာတွင် နေထိုင်သူတစ်ဦးကပြောသည်။

ယင်းအပြင် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ဘုရားကျေးရွာအုပ်စုအတွင်းရှိ မြစ်ကြောင်းတစ်လျှောက် ပဲစိုက်ခင်းများမှာလည်း ရေဝင်နစ်မြုပ်မှုများရှိနေပြီး မြစ်အရှေ့ဘက်ကမ်း ကျေးရွာများမှဒေသခံများမှာ ရေပြင်အတိုင်း ဖြတ်ကူးကာသွားလာနေကြရသည်ကို မြင်တွေ့ခဲ့ရပြီး မြစ်ရေမှာ လတ်တလောပြန်လည်ကျဆင်းမည့်အနေအထားမျိုးမတွေ့သေးသည့်အပြင် ဆက်တိုက်တိုးလာနေကြောင်း သိရသည်။

စစ်တောင်းမြစ်ရေမြင့်တက်လာမှုကြောင့် နတ်တောင်ကျေးရွာအုပ်စု ကွင်းအမှတ် (၇၄၂) တွင် ပဲနှင့်စပါးခင်း ၃၅ ဧက၊ ကက္ကူကျေးရွာအုပ်စု ကွင်းအမှတ် (၇၀၇)၊ (၇၀၈) ကွင်းများ၌ ဧက ၁၅၀ ကျော်နစ်မြုပ်လျက်ရှိကြောင်း သိရပြီး တောင်သူများအနေဖြင့် စိုက်ခင်းများနစ်မြုပ်လျက်ရှိ၍ ပျက်စီးဆုံးရှုံးမည်ကို များစွာစိုးရိမ်လျက်ရှိကာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဖွဲ့က ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်း၍ ရဲလုပ်ပိုင်ခွင့်ကျင့်သုံးခြင်း၊ ရဲလုပ်ငန်းစံနှုန်းများ အလုပ်ရုံဆွေးနွေး




**မန္တလေး နိုဝင်ဘာ ၁၇**
မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီတို့ ပူးပေါင်း၍ ရဲလုပ်ပိုင်ခွင့်ကျင့်သုံးခြင်းအတွက် ရဲလုပ်ငန်းစံနှုန်းများ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၆ လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရဲသူရိန်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ဒေသဆိုင်ရာရဲနှင့်လုံခြုံရေးတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှု ကိုယ်စားလှယ်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်၊ စီမံခန့်ခွဲမှုဆိုင်ရာအကြောင်းအရာများ PSF & MAG Program Officer ဒေါ်ဆုရည်နှင်းက အိုင်စီအာရ်စီ၏အခန်းကဏ္ဍ၊ လုပ်ငန်းတာဝန်နှင့် လုပ်ဆောင်ချက်များကိုလည်းကောင်း၊ အိုင်စီအာရ်စီ ရန်ကုန်ကိုယ်စားလှယ်က အိုင်စီအာရ်စီနှင့်ရဲတပ်ဖွဲ့၊ရဲတပ်ဖွဲ့များ တွေ့ကြုံရသော စိန်ခေါ်မှုအခက်အခဲများနှင့် အကန့်အသတ်များ၊ ရဲလုပ်ပိုင်ခွင့် ကျင့်သုံးခြင်းကို လမ်းညွှန်သောစံ၊ စံနှုန်းများ၊ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်းဆိုင်ရာများကိုလည်းကောင်း ဒေသဆိုင်ရာရဲနှင့်လုံခြုံရေးတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှု ကိုယ်စားလှယ်က အင်အားသုံး ဖြိုခွင်းခြင်းနှင့် လက်နက်အသုံးပြုခြင်း၊ ငြိမ်ဝပ်ပိပြားရေးဆောင်ရွက်ခြင်း၊ အဓိကရုဏ်း များထိန်းသိမ်းခြင်း၊ သေနတ်ထိမှန်ဒဏ်ရာဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဟန်ထွန်း၊ အမှတ် (၃) လုံခြုံမှုရဲတပ်ဖွဲ့ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးကျော်အေးနှင့် အမှတ် (၄)၊ (၁၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူးများ၊ မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးစိန်ထွန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊သင်တန်းသားရဲအရာရှိများ တက်ရောက်ခဲ့သည်။

**သီဟကိုကို(မန္တလေး)**

## မတ္တရာမြို့နယ်၌လူစုလူဝေး စနစ်တကျကိုင်တွယ်ထိန်းသိမ်း ဆင့်ပွားသင်တန်းဖွင့်

**မတ္တရာ နိုဝင်ဘာ ၁၇**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ရေနံ့သာ နယ်မြေရဲစခန်း၌ လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းခြင်း(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၆)ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါစခန်းအတွင်းရှိ ခန်းမဆောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မတ္တရာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်သိန်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်း ဖွင့်ပွဲအခမ်းအနားသို့ သင်တန်းမှူး၊ မတ္တရာမြို့နယ်ရဲတပ်ဖွဲ့မှ ရဲစခန်းမှူးများ၊ အရာရှိများ၊ နည်းပြများ၊ သင်တန်းသားများ၊ တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတက်ရောက်ခဲ့သည်။

အဆိုပါ လူစုလူဝေး စနစ်တကျ ကိုင်တွယ် ထိန်းသိမ်းခြင်း သင်တန်းအား နိုဝင်ဘာ ၁၅ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## မိုးနှောင်းချည်မျှင်ရှည်ဝါတောင်သူလက်တွေ့ကွင်းသရုပ်ပြ

**နွားထိုးကြီး နိုဝင်ဘာ ၁၇**
သိပ္ပံနည်းကျစိုက်ပျိုးထားသော မိုးနှောင်းချည်မျှင်ရှည်ဝါ(ရွှေတောင်-၈)တောင်သူလက်တွေ့ကွင်းသရုပ်ပြပွဲ Field Day ကို နိုဝင်ဘာ ၁၅ ရက်က နွားထိုးကြီးမြို့နယ် ကြောင်နံအုပ်စု မင်းရွာကျေးရွာ မိုးကောင်းသောက် တောင်သူဦးသန်းအောင် ကွင်းအမှတ်(၄၂၆)၊ ဦးပိုင်အမှတ်(၁၃၈/၁) ၌ ကျင်းပခဲ့သည်။

သရုပ်ပြပွဲ၌ ဝါသီးနှံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းပြီး တောင်သူဝင်ငွေတိုးစေရန်နည်းလမ်းများ၊ ဝါမျိုးကောင်းမျိုးစေ့များ၊ ဝါနှံတွင် ကျရောက်တတ်သော ပိုးမွှားရောဂါကာကွယ်ရန်နည်းလမ်းများနှင့်ဝါသီးနှံတွင်ထည့်သွင်းရမည့်မြေသြဇာနှင့်ရွက်ဖျန်းမြေသြဇာများအကြောင်းကို တာဝန်ရှိသူများက အသီးသီးဆွေးနွေးခဲ့သည်။ ယင်းနောက်တက်ရောက်လာသော တောင်သူများမှ GAP စနစ်ဖြင့် စိုက်ပျိုးထားရှိမှုကို လက်တွေ့ကြည့်ရှုလေ့လာပြီး ရွှေတောင်(၈) ဝါမျိုးနှင့်ပတ်သက်၍ သိလိုသော အချက်အလက်များကိုမေးမြန်းဆွေးနွေးခဲ့သည်။ သရုပ်ပြပွဲသို့ မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်လင်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်အေးအေး၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မာမာတင့်၊ နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေး မြို့နယ်ဦးစီးမှူး ဒေါ်ခင်ထားနွယ်နှင့်ဝန်ထမ်းများ၊ တာဝန်ကျမြေစာရင်းဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ SMU သုံးရွာမှ တောင်သူ ၅၂ ဦး စုစုပေါင်း ၂၀၁ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော် (ပြန်/ဆက်)**

## ငွေချည်(၉)ချည်မျှင်ရှည်ဝါစိုက်ခင်း တောင်သူပညာပေး ကွင်းသရုပ်ပြသ

**ပေါက် နိုဝင်ဘာ ၁၇**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ငွေချည်(၉) ချည်မျှင်ရှည်ဝါစိုက်ခင်းတောင်သူပညာပေး ကွင်းသရုပ်ပြရှင်းလင်းပွဲကို နိုဝင်ဘာ ၁၅ ရက်က သံပုရာအိုင့်ကျေးရွာအုပ်စု ယာကြီးပြင်ကျေးရွာ ကွင်းအမှတ် -၁၅၇၆၊ ဦးပိုင်-၅/၇ တောင်သူ ဒေါ်ကောင်း၏ သုံးဧကစံပြစိုက်ခင်း၌ ကျင်းပခဲ့သည်။

သရုပ်ပြပွဲတွင် တိုင်းဒေကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန်းက ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိရာ မိမိတို့ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးသွားကြရန်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဆွေက ငွေချည်(၉)ချည်မျှင်ရှည်ဝါသည် ပိုးမွှားရောဂါဒဏ်ခံနိုင်ခြင်း၊ ဂွမ်းအရည်အသွေးကောင်းမွန်ခြင်း၊ တစ်ဧကေ ဝါပိဿာ ၁၀၀၀ အထက်ထွက်ရှိရေး ၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ သိပ္ပံနည်းကျစိုက်ပျိုးရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယခုနှစ်ဝါစိုက်ရာသီတွင် မိုးကောင်းသည့်အတွက် ဝါပင်များပိုမိုဖြစ်ထွန်းအောင်မြင်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက လိုအပ်သည့်နည်းပညာများ ကူညီပံ့ပိုးပေးခဲ့သဖြင့် ယခုနှစ်တစ်ဧကေ ဝါပိဿာချိန် ၁၀၀၀ အထက် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း ယာကြီးပြင်ကျေးရွာနေ တောင်သူဦးထွားကျော်က ပြောသည်။

လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဝါစိုက်တောင်သူ ၁၅၀ ကျော်နှင့်အတူ ဝါစိုက်ခင်းအား ကြည့်ရှုလေ့လာခဲ့ပြီး တောင်သူများ၏ သိရှိလိုသည်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

## မန္တလေးမြို့တွင် ညနေတိုင်း ဝိုင်းခြင်းခတ်သည့်အလေ့အထဖြစ်လာ

**မန္တလေး နိုဝင်ဘာ ၁၇**
မန္တလေးမြို့တွင် အပျော်တမ်းခြင်းအသင်းအဖွဲ့များ ထူထောင်ကာ ညနေတိုင်းဝိုင်းခြင်းခတ်ကစားလာကြသည်။ ခြင်းအသင်းဝင်လိုသူ ခြင်းခတ်ကစားလိုသူမှာ ယူနီဖောင်းဝတ်ဆင်ကာစနစ်တကျခတ်ကစားရသည်။ ဝင်ကြေးမလိုဘဲ ခြင်းခတ်လေ့ကျင့်ကာ နေ့စဉ်ခတ်ကစားသည့် ဓလေ့ကလေးဖြစ်ပေါ်လာသည်။ ဝင်ကြေးမရှိသလို အပျော်တမ်းခြင်းအသင်းဖြစ်ကာ စည်းလုံးမှုရှိကြသည်။ လူကြီးလူငယ်များ ပါဝင်ခတ်ကစားသည်ကို တွေ့မြင်နေရသည်မှာချစ်စရာဓလေ့ကလေးဖြစ်နေသည်။ ခြင်းဝိုင်းများမှာ မဟာဒူး၊ တဲ့ဖဝါး၊ စလွယ်ကြီး၊ ဝိုက်ကြီး၊ တဲ့ဖနောင့်၊ မဟာကြီး၊ ညွန့်ဒူး၊ ရင်လိန်ဖဝါး၊ ရင်လိမ်ဖနောင့်၊ မဟာညွန့်စသော ခြင်းကြီး ၁၀ မျိုးကို အမျိုးအစားစုံစုံလင်လင်ခတ်ကစားလေ့ရှိသည်။ တစ်ဦးက ခြင်းကြီးဆယ်မျိုးကို ဝိုင်းလယ်မှ အစွမ်းပြခတ်ကစားနိုင်ရန်ဘေးမှ ခြင်းထောက်ကာ ပံ့ပိုးပေးမှုမှာချစ်စရာပင်ဖြစ်သည်။ မတတ်သူများကိုလည်း တတ်ကျွမ်းအောင် လေ့ကျင့်ပေးကြသည်။

ပတ်ဒူး၊ ပခုံးထမ်းဖီလာဖဝါး၊ စောင်းစလွယ်၊ ပခုံးထမ်းဖီလာဖနောင့်၊ ဖီလာစလွယ်၊ မဟာနွယ်၊ ပတ်စလွယ်၊ ပတ်ဖဝါး၊ ပတ်ဖနောင့်၊ ပတ်မဟာဟာညွန့်ဟူသော ခြင်းလတ်ဆယ်မျိုးခတ်ကစားခြင်းကိုလည်း သတ်မှတ်သည့်အချိန်အတွင်း စုံလင်စွာခတ်ကစားနိုင်အောင်ကြိုးပမ်းပြီး လေ့ကျင့်ခတ်ကစားလေ့ရှိသည်။ညနေတိုင်းအပျော်တမ်းခြင်းဝိုင်းကို အားပေးကြည့်ရှုသူများလည်း ရှိသည်။အပျော်တမ်းခြင်းအသင်းမှာ တစ်ခါတစ်ရံ သုံးဝိုင်းအထိ ခတ်ကစားကြသည်။

ခြင်းဝိုင်းကို ခြင်းပရိသတ်က စိတ်ဝင်စားကြသည်။ ခြင်းကြီး၁၀ မျိုး၊ ခြင်းလတ် ၁၀မျိုး၊ လက်ရွေးစင် ခေတ်ဆန်း ၁၀ မျိုးဖြစ်သည့် မန္တလာ၊ မြင်းစီးဖနောင့်၊ သမင်လည်ပြန်ဖနောင့်၊ ရုပ်ထိပ်တင်ခြေဖျား၊ ဒူးဝိုက်ကြီး၊ ရုပ်ဒူး၊ မန္တလာဖီလာစလ အားပေးကြသည်။ လက်ရှိကာလ မန္တလေးမြို့တွင် အပျော်တမ်းခြင်းအသင်းကလေးများ ခတ်ကစားလာသည့်အလေ့အထဖြစ်လာခဲ့သည်။အားကစားပြုလုပ်ခြင်းဖြင့် အခြားအသောက်အစား အပျော်အပါးဘက်အားနည်းလာကြောင်းသိရသည်။

**တိမ်တမန်**



## ထနောင်းတိုင်ကျေးရွာ၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဟောပြော

**မြင်းခြံ နိုဝင်ဘာ ၁၇**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ထနောင်းတိုင်ကျေးရွာနေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဟောပြောပွဲကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ၁ နာရီက အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်ခဲ့သည်။

လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးဟောပြောပွဲတွင် မြင်းခြံခရိုင်လျှပ်စစ်မန်နေဂျာ ဦးကျော်မျိုးအောင်က လျှပ်စစ်သွယ်တန်းမှုဆိုင်ရာများ၊ အန္တရာယ်ဖြစ်စေသော အကြောင်းများကို ဟောပြောခဲ့သည်။

မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်က မြို့နယ်အတွင်းဖြစ်ပွားခဲ့သော လျှပ်စစ်အန္တရာယ်များအကြောင်းကို ရှင်းလင်းဆွေးနွေး ပြီးနောက် လက်ထောက်မန်နေဂျာ (အင်ဂျင်နီယာ) ဦးစိုးဝင်းက လျှပ်စစ်မီးသုံးစွဲလျှင် လိုက်နာရမည့်အချက်များ၊ ပြစ်မှုပြစ်ဒဏ်များကို ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲအခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ကျေးရွာရပ်မိ၊ ရပ်ဖများနှင့် ပြည်သူများ၊ တိုက်နယ်ဆေးရုံဆရာဝန်၊ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများအား လျှပ်စစ်အန္တရာယ်သတိပေးလက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြောင်းသိရသည် ။

**ဇော်မင်းနိုင် (မြင်းခြံ)**

## လူကုန်ကူးမှုအသိပညာပေးမြှင့်တင်ပွဲ ရွေ့လျားယာဉ်ဖြင့် လှည့်လည်ဟောပြော

**လွိုင်ကော် နိုဝင်ဘာ ၁၇**
ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မိုးမောင်သန်း၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် တန်ဆောင်တိုင်ပွဲတော်ကျင်းပရာ သီရိမင်္ဂလာတောင်တော်(တောင်ကွဲစေတီ) နှင့် မိုးကောင်းဘုရားကြီးရှေ့၌ ပွဲတော်ကာလရက်များတွင် လွိုင်ကော်တပ်စု (၄) လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့နှင့် Save The Children အဖွဲ့တို့ပူးပေါင်း၍ လူကုန်ကူးမှု အသိပညာပေးမြှင့်တင်ပွဲကို ကယားပြည်နယ်ရဲတပ်ဖွဲ့၏ မှုခင်းပညာပေးပြခန်းယာဉ်ပေါ်တွင် ကျင်းပဟောပြောခဲ့သည်။

အဆိုပါမှုခင်းပညာပေး ပြခန်းယာဉ်ပေါ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး သင်လည်းပူးပေါင်းပါဝင်ပေး ဆောင်ပုဒ်နှင့် အသိပညာပေး ဗီနိုင်းများ၊ ကာတွန်းများကို နောက်ခံထားလျက် ကယားပြည်နယ်မှ TO SOLO တီးဝိုင်းနှင့်အတူ အသိပညာပေးမြှင့်တင်ခဲ့ရာတွင် လွိုင်ကော်တပ်စု (၄) လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များက လူကုန်ကူးမှုအသိပညာပေး ဉာဏ်စမ်းမေးခွန်းများမေးမြန်းပြီး အဖြေမှန်သူများကို ဆုလက်ဆောင်များချီးမြှင့်ခဲ့ပြီး အဆိုတော်များက လူကုန်ကူးမှုအသိပညာပေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ Save The Children လူငယ်အဖွဲ့များက လူကုန်ကူးမှုအသိပညာပေးသရုပ်ဖော်တင်ဆက်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လွိုင်ကော်တပ်စုလေးနှင့်အတူ ယာဉ်ထိန်းရဲတပ်ဖွဲ့ ဒုခွဲ (၂) ကလည်း ဉာဏ်စမ်းမေးခွန်းများမေးမြန်းပြီး အဖြေမှန်သူများကို ဆိုင်ကယ်စီးဦးထုပ်နှင့် ဆုလက်ဆောင်များ စုစုပေါင်း ၂၅၀ ခန့် ချီးမြှင့်ပေးခဲ့သည်။

**ကိုစိုင်း (လွိုင်ကော်)**

## အီတလီစီးရီးအေရင်ခုန်သံ-၁၃

# မီလန်ဒါဘီပွဲစဉ်မှာ နိုင်ပွဲရဖို့ခက်ခဲနေတဲ့ အင်တာမီလန်

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်-၁၃ ကိုလာမယ့် နိုဝင်ဘာလ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ မီလန်ဒါဘီပွဲစဉ်ဖြစ်တဲ့ အေစီမီလန်နဲ့ အင်တာမီလန်တို့ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိလာဖို့ သေချာနေပါတယ်။**

**ရှိုင်း မင်း မင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ဇက်ကို(ရိုးမား) | - ၁၀ ဂိုး |
| အစ်ကာဒီ(အင်တာမီလန်) | - ၁၀ ဂိုး |
| အင်မိုဘို လာဇီယို) | - ၉ ဂိုး |
| ဘာလော့တီ(တိုရီနို) | - ၈ ဂိုး |
| မိုယာမက်ဆာလာ(ရိုးမား) | - ၈ ဂိုး |



### အီတလီစီးရီအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၁၂ | ၁၀ | ၀ | ၂ | ၂၅ | ၉ | ၁၆ | ၃၀ |
| ၂ | ရိုးမား | ၁၂ | ၈ | ၂ | ၂ | ၂၉ | ၁၂ | ၁၇ | ၂၆ |
| ၃ | အေစီမီလန် | ၁၂ | ၈ | ၁ | ၃ | ၁၉ | ၁၅ | ၄ | ၂၅ |
| ၄ | လာဇီယို | ၁၂ | ၆ | ၄ | ၂ | ၂၃ | ၁၃ | ၁၀ | ၂၂ |
| ၅ | အတ္တလန္တာ | ၁၂ | ၇ | ၁ | ၄ | ၁၉ | ၁၃ | ၆ | ၂၂ |
| ၆ | နာပိုလီ | ၁၂ | ၆ | ၃ | ၃ | ၂၁ | ၁၃ | ၈ | ၂၁ |
| ၇ | တိုရီနို | ၁၂ | ၅ | ၄ | ၃ | ၂၇ | ၁၆ | ၁၁ | ၁၉ |
| ၈ | ဖီအိုရင်တီးနား | ၁၁ | ၄ | ၅ | ၂ | ၁၄ | ၁၁ | ၃ | ၁၇ |
| ၉ | အင်တာမီလန် | ၁၂ | ၅ | ၂ | ၅ | ၁၆ | ၁၄ | ၂ | ၁၇ |
| ၁၀ | ဂျီနိုအာ | ၁၁ | ၄ | ၄ | ၃ | ၁၃ | ၁၁ | ၂ | ၁၆ |
| ၁၁ | ကယ်ဂလီယာရီ | ၁၂ | ၅ | ၁ | ၆ | ၂၀ | ၂၉ | -၉ | ၁၆ |
| ၁၂ | ချီယေဗို | ၁၂ | ၄ | ၃ | ၅ | ၁၂ | ၁၄ | -၂ | ၁၅ |
| ၁၃ | အူဒီးနီးစ် | ၁၂ | ၄ | ၃ | ၅ | ၁၆ | ၁၉ | -၃ | ၁၅ |
| ၁၄ | ဆမ်ဒိုးရီးယား | ၁၂ | ၄ | ၃ | ၅ | ၁၃ | ၁၇ | -၄ | ၁၅ |
| ၁၅ | ဘိုလော့နာ | ၁၂ | ၃ | ၄ | ၅ | ၁၁ | ၁၈ | -၇ | ၁၃ |
| ၁၆ | ဆာစူအိုလို | ၁၂ | ၄ | ၁ | ၇ | ၁၄ | ၂၂ | -၈ | ၁၃ |
| ၁၇ | အမ်ပိုလီ | ၁၂ | ၂ | ၄ | ၆ | ၆ | ၁၃ | -၇ | ၁၀ |
| ၁၈ | ပက်စ်ကာရာ | ၁၂ | ၁ | ၄ | ၇ | ၉ | ၂၀ | -၁၁ | ၇ |
| ၁၉ | ပါလာမို | ၁၂ | ၁ | ၃ | ၈ | ၉ | ၂၃ | -၁၄ | ၆ |
| ၂၀ | ခရိုတိုနီ | ၁၂ | ၁ | ၂ | ၉ | ၁၀ | ၂၄ | -၁၄ | ၅ |

### ချီယေဗို - ကယ်ဂလီယာရီ
**ည ၇း၃၀ (၁၉-၁၁-၁၆)**

ချီယေဗိုခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါတယ်။ စီးရီးအေပြိုင်ပွဲအတွင်း နောက်ဆုံး ကစားခဲ့တဲ့ ငါးပွဲဆက်တိုက်အနိုင်မရခဲ့ပါဘူး။ ဒါပေမယ့် ချီယေဗိုကအိမ်ကွင်းပွဲတွေမှာတော့ တိုက်စစ်ကစားပုံကအစ ပိုမိုကောင်းမွန်တတ်တာကို သတိပြုရမှာဖြစ်ပါတယ်။ ဒ့ါအပြင် လက်ရှိအချိန်မှာ ကယ်ဂလီယာရီရဲ့ ခြေစွမ်းပိုင်းကလည်း အားနည်းမှုတွေရှိနေကာ အဝေးကွင်းမှာလည်းတစ်ပွဲသာနိုင်တဲ့အထိ အားပျော့တတ်လို့ ချီယေဗိုနိုင်ပွဲကပ်ရနိုင်ပါတယ်။

### ဂျူဗင်တပ် - ပက်စ်ကာရာ
**နံနက် ၂း၁၅ (၂၀-၁၁-၁၆)**

ဂျူဗင်တပ်က ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ဒီပွဲစဉ်မှာ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲနေပါတယ်။ ဒါပေမယ့်လည်းအိမ်ကွင်းဖြစ်နေတာကြောင့် ဂျူဗင်တပ်တို့နိုင်ပွဲရအောင်တော့ ဂရုတစိုက်ကစားသွားမှာသေချာနေပါတယ်။ ဒ့ါအပြင် ပက်စ်ကာရာကလည်းခြေစွမ်းပိုင်းအားနည်းမှုတွေများနေကာ ၁၂ ပွဲ ကစားပြီးချိန်အထိ တစ်ပွဲသာအနိုင်ရယူထားနိုင်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာဂျူဗင်တပ်က သာနိုင်ပွဲရသွားဖို့ရှိနေပါတယ်။

### အတ္တလန္တာ - ရိုးမား
**ည ၇း၃၀ (၂၀-၁၁-၁၆)**

အတ္တလန္တာကလက်ရှိ ခြေစွမ်းပိုင်းအရ ကောင်းမွန်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ လေးပွဲဆက်တိုက်အနိုင်ရခဲ့သလို အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပြီး အိမ်ကွင်းမှာနှစ်ပွဲ သာရှုံးနိမ့်ခဲ့ပါသေးတယ်။ ရိုးမားကတော့လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း အရကောင်းမွန်နေပေမယ့် ယူရိုပါလိဂ်ကစားရမှာဖြစ်တာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ခက်ခဲလာနိုင်ပါတယ်။ ဒါကြောင့်လည်းရိုးမား နိုင်ရင်တောင်ဂိုးမပြတ်နိုင်ပါဘူး။

### ခရိုတိုနီ - တိုရီနို
**ည ၇း၃၀ (၁၉-၁၁-၁၆)**

တန်းတက်ခရိုတိုနီက အခုအချိန်အထိ အမှတ်ပေးဇယားအောက်ဆုံးက နေရုန်းထွက်နိုင်ခြင်း မရှိသေးပါဘူး။ ဒီပွဲစဉ်ကလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့် တိုရီနိုကို အသာရဖို့တော့ခက်ပါတယ်။ တိုရီနိုက နောက်ဆုံးကစားခဲ့ ငါးပွဲမှာတစ်ပွဲသာရှုံးနိမ့်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းကောင်းမွန်နေလို့ ဒီပွဲမှာ ခရိုတိုနီကိုထိန်းချုပ်နိုင်ဖို့ရှိနေပါတယ်။ အဝေးကွင်းအနည်းငယ် အားနည်းတတ်ပေမယ့် ဒီပွဲမှာတိုရီနိုပဲအနိုင်ရမယ်။

### လာဇီယို - ဂျီနိုအာ
**ည ၇း၃၀ (၆-၁၁-၁၆)**

လာဇီယိုက အိမ်ကွင်းပွဲတွေမှာရုန်းအားကောင်းမွန်မှုရှိတတ်ပါတယ်။ အိမ်ကွင်းမှာ ခြောက်ပွဲကစားပြီးချိန်မှာ တစ်ပွဲသာရှုံးနိမ့်ခဲ့ရပြီး လေးပွဲတိတိအနိုင်ရယူနိုင်ခဲ့ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလည်း ရှုံးပွဲမရှိခဲ့တဲ့အထိ ခြေစွမ်းပိုင်းတည်ငြိမ်နေပါတယ်။ ဂျီနိုအာကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာနိုင်တဲ့အထိ ခြေစွမ်းပိုင်းကကျဆင်းနေသလို အဝေးကွင်းမှာလည်းခြေစွမ်းပိုင်းပိုမို အားနည်းတတ် ပါတယ်။ ဒါကြောင့် ဒီပွဲမှာလာဇီယိုကသာနိုင်ပွဲရသွားနိုင်ပါတယ်။

### အူဒီးနီးစ် - နာပိုလီ
**ည ၁၁း၃၀ (၁၉-၁၁-၁၆)**

နာပိုလီခြေစွမ်းပိုင်းက လက်ရှိအချိန်မှာ တည်ငြိမ်မှုအားနည်းနေပါတယ်။ ဒီပွဲစဉ်အပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိနေလို့ ခြေကုန်ထုတ်ကစားလာနိုင်ဖို့ခ က်ခဲနေပါတယ်။ အထူးသဖြင့် နာပိုလီဟာ အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းကကျဆင်းတတ်တာတွေ့ရတယ်။ အူဒီးနီးစ်ကတော့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကောင်းမွန်မှု ရှိနေသလို အိမ်ကွင်းအားနဲ့လည်းထိန်းချုပ်ကစားလာမှာသေချာနေပါတယ်။ နာပိုလီနိုင်ရင်တောင်ဂိုးမပြတ်ဘူး။

### ဆမ်ဒိုးရီးယား - ဆာစူအိုလို
**ည ၆း၀၀ (၂၀-၁၁-၁၆)**

လက်ရှိအချိန်မှာ ဆာစူအိုလိုကခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရပါတယ်။ ဒ့ါအပြင် အဝေးကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကျဆင်းတတ်ပြီးလက်ရှိ အချိန်အထိ အဝေးကွင်းမှာတစ်ပွဲသာအနိုင်ရယူထားနိုင်ပါတယ်။ ဆမ်ဒိုးရီးယားကတော့ လက်ရှိအချိန်မှာ ခြေစွမ်း ပိုင်းကောင်းမွန်မှုရှိနေသလို နောက်ဆုံး ငါးပွဲမှာတစ်ပွဲသာရှုံးနိမ့်ခဲ့ပြီး အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ ဆမ်ဒိုးရီးယားပဲနိုင်ပွဲရမယ်။

### ဘိုလော့နာ - ပါလာမို
**ည ၇း၃၀ (၂၀-၁၁-၁၆)**

ပါလာမိုက ခြေစွမ်းပိုင်းအရအားနည်းလွန်းပါတယ်။ လက်ရှိ ၁၂ ပွဲကစားပြီးချိန်မှာတောင် တစ်ပွဲသာနိုင်သေးပြီး အဆင့် ၁၉ ရောက်နေပါတယ်။ အနိုင်ရတဲ့တစ်ပွဲကိုအဝေးကွင်းမှာ ရယူနိုင်ခဲ့တာ ဖြစ်ပေမယ့်လည်း ဘိုလော့နာကို တော့အသာရ ယူနိုင်ဖို့ခက်ခဲပါတယ်။ ဘိုလော့နာက အိမ်ကွင်းမှာခြေလည်းကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာ ဘိုလော့နာက သာနိုင်ပွဲရနိုင်ပါတယ်။

### အမ်ပိုလီ - ဖီအိုရင်တီးနား
**ည ၇း၃၀ (၂၀-၁၁-၁၆)**

ဖီအိုရင်တီးနားက လက်ရှိအချိန်မှာခြေစွမ်းပိုင်းထင်သလောက် တည်ငြိမ်မှုမရှိပါဘူး။ နောက်ဆုံး ငါးပွဲမှာရှုံးပွဲမရှိခဲ့ပေမယ့် အဆိုပါ ငါးပွဲမှာနှစ်ပွဲသာအနိုင်ရခဲ့ပါတယ်။ ဒ့ါအပြင် ဖီအိုရင်တီးနားဟာအဝေးကွင်းပွဲတွေမှာ ခံစစ်ပိုင်းကအစကျစ်လစ်မှုမရှိတတ်သလို ယူရိုပါလိဂ်လည်းကစားရဖို့ရှိနေတယ်။ ဒါကြောင့် အမ်ပိုလီခြေစွမ်းပိုင်းအားနည်းပေမယ့် ဖီအိုရင်တီးနားတို့အခက်တွေ့နိုင်ကာ နိုင်မယ်ဆိုရင်တောင်မှ ဂိုးမပြတ်နိုင်ဘူး။

### အေစီမီလန် - အင်တာ
**နံနက် ၂း၁၅ (၂၁-၁၁-၁၆)**

အေစီမီလန်က အခုနောက်ပိုင်းမှာကစားပုံကောင်းမွန်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတစ်ပွဲသာရှုံးနိမ့်ခဲ့ကာ လေးပွဲတိတိအနိုင်ရယူနိုင်ခဲ့ပြီး အဆိုပါ အနိုင်ရတဲ့ပွဲတွေအနက် ဂျူဗင်တပ်ကိုအနိုင်ရ တဲ့ပွဲတောင်ပါဝင်ခဲ့ပါတယ်။ အင်တာကတော့ ရလဒ်ဆိုးတွေကြောင့် နည်းပြအပြောင်းအလဲပြုလုပ်ထားခဲ့ပေမယ့်လည်း အချိန်တိုအတွင်း အထိုင်ကျဖို့ခက်သလို ယူရိုပါလိဂ်လည်းကစားရဖို့ရှိတာကြောင့် ခြေ ကုန်ထုတ်နိုင်ဖို့ခက်ပါလိမ့်မယ်။ အေစီမီလန်အတွက် အနိမ့်ဆုံးသရေလောက်ရမှာသေချာပါတယ်။

## ရိုမား ကစားသမားနှစ်ဦးဖြစ်သည့် မင်နိုလက်စ်နှင့် နိုင်ဂိုလန်တို့ကို ခေါ်ယူရန် ချယ်လ်ဆီး ပြန်လည်ကြိုးပမ်းဦးမည်

ချယ်လ်ဆီးနည်းပြ ကွန်တီသည် ရိုးမားအသင်းမှ မင်နိုလက်စ်နှင့် နိုင်ဂိုလန်တို့နှစ်ဦးအား ခေါ်ယူရန် ပြန်လည် ချိတ်ဆက်နေပြီဖြစ်ကြောင်း ဂိုးလ်ဒေ့ါကွန်းက ဖော်ပြသည်။ ကွန်တီသည် အဆိုပါ ကစားသမားနှစ်ဦးကို ရာသီအစတွင် အသုံးပြုနိုင်ရန် နွေစျေးကွက်ကတည်းက ချိတ်ဆက်ခဲ့သော်လည်း ခေါ်ယူ၍ မရခဲ့ခြင်းကြောင့် ယခုဇန်နဝါရီ စျေးကွက်တွင် ဖွင့်လှစ်ချိန်တွင်အရ ခေါ်ယူနိုင်ရန် နောက်တစ်ကြိမ်အားထုတ်လာခြင်းဖြစ်သည်။

မင်နိုလက်စ်မှာ ရိုးမားနှင့် စာချုပ်သစ်ချုပ်ဆိုနိုင်ရန် ဆွေးနွေးခဲ့ရာ အဆင်ပြေမှုမရရှိခဲ့သဖြင့် အသင်းပြောင်းရွှေ့လာနိုင်သည်ဟူဟော ခန့်မှန်းချက်များလည်းထွက်နေရာ ယင်းသတင်းက မိုနိုလက်စ်အား ခေါ်ယူလိုနေသည့် ချယ်လ်ဆီးအပြင် မန်ယူအသင်းတို့အတွက် အချက်ပြလိုက်ခြင်းပင်ဖြစ်ကြောင်း အီတလီဒေသတွင်း မီဒီယာများက ဖော်ပြကြသည်။

သို့သော်နိုင်ဂိုလန်ကမူ ရိုးမားအသင်းမှာပင်ပျော်ရွှင်နေပြီး အသင်းပြောင်းရန် စဉ်းစားထားခြင်းမရှိဟု တုံ့ပြန်ခဲ့ရာ ကွန်တီအနေဖြင့် နိုင်ဂိုလန်ကိုရရန် လက်လျှော့ရဖွယ်ရှိသည်။

**မေလှဲ့သင်း**

# ချင်းတွင်းမြစ်ကမ်းဘေး ရေဝင်နုန်းမြေများ၌ ဆောင်းသီးနှံများ စတင်စိုက်ပျိုးလျက်ရှိ

**မုံရွာ နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသောချင်းတွင်းမြစ်ကမ်းဘေးတစ်လျှောက်ရှိ ရေဝင်နုန်းမြေများ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ စတင်လုပ်ဆောင်လျက်ရှိရာ မုံရွာမြို့နယ် အိုးဘိုတောင်ရပ်ကွက် ချင်းတွင်းမြစ်ကမ်းဘေးစိုက်ခင်းများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း သိရသည်။

ချင်းတွင်းမြစ်ကမ်းဘေးရှိ မြစ်ရေဝင်နုန်းမြေများတွင် နှစ်စဉ်ဆောင်းသီးနှံများကို သီတင်းကျွတ်လပြည့်ကျော်တွင် စတင်စိုက်ပျိုးလျက်ရှိသော်လည်း ယခုနှစ်တွင် ချင်းတွင်းမြစ်ရေသည် နှစ်ကြိမ်ပြန်လည်မြင့်တက်ခဲ့သည့်အပြင် ဆောင်းဦးကာလတွင်လည်း မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် ဆောင်းသီးနှံစိုက်ပျိုးချိန်နောက်ကျခဲ့သည်။

"ချင်းတွင်းမြစ်ရေက ဒီနှစ်မှာ နှစ်ကြိမ်တောင်ပြန်တက်ပြီး ဆောင်းဦးကမိုးကောင်းတဲ့အတွက် စိုက်ပျိုးချိန်တစ်လလောက်နောက်ကျတယ်။ မြစ်ရေဝင်ထားတော့ ဆောင်းသီးနှံအချိန်မီစိုက်ဖို့အမြန်ထွန်ယက် အမြန်စိုက်နေရတယ်။ ဒီနှစ်မြေကတော့ ကောင်းသွားတယ်။ မြေပဲမျိုးကလည်း မိုးမြေပဲကထွက်တဲ့မျိုးတွေကို ဆောင်းမြေပဲပြန်စိုက်ရတယ်။ ဒီနှစ်မျိုးဈေးနှုန်းတွေကမြေပဲမျိုးစေ့ဈေးတစ်တင်းကိုငွေကျပ် ၃၉၀၀၀၊ ပဲကြားတစ်တင်းကို ငွေကျပ် ၂၅၀၀၀၊ ပြောင်းဖူးစေ့တစ်တင်းကို ငွေကျပ် ၁၆၀၀၀ ဈေးရှိတယ်။ မျိုးစေ့တွေကိုအပင်ပေါက် အမြစ်တွေပိုးမကျအောင် ဆေးမှုန့်တွေနယ်ပြီးစိုက်ရတယ်။ မြေပဲကတော့ စိုက်ပြီးလေးလဆို အသီးထွက်ပြီ။ ပုံမှန်နှစ်ဆိုရင်တော့ အခုအချိန်အပင်ပေါက်တွေ အတော်ကောင်းနေပြီ။ ဒီနှစ်ဆောင်းသီးနှံအဖြစ် မြေပဲ၊ ပဲကြားနဲ့ ပြောင်းဖူးကို သီးညှပ်စိုက်တယ်။ အခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်က တစ်လလောက်နောက်ကျတဲ့အတွက် နွေသီးနှံစိုက်ချိန် အလွန်နောက်ကျသွားပြီ" ဟု အိုးဘိုတောင်ရပ်ကွက်မှ တောင်သူဦးမောင်ထူးကိုက ပြောသည်။

အိုးဘိုတောင်ရပ်ကွက်ရှိ ချင်းတွင်းမြစ်ကမ်းဘေး မြစ်ရေဝင်စိုက်ပျိုးမြေများတွင် ယခုနှစ်ဆောင်းရာသီ သီးနှံများအဖြစ် မြေကောင်းသောနေရာများတွင် လုံးဆန်ဖြူမြေပဲမျိုးများကိုလည်းကောင်း၊ ကုန်မြင့်ပိုင်းနေရာ စိုက်ပျိုးမြေဧက ၄၀ ကျော်တွင် ပဲကြား၊ ပြောင်းဖူးနှင့် ခရမ်းချဉ်ပင်များကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**



## ကျောင်းသားလူငယ်များ စာပေလေ့လာဖတ်ရှုနိုင်ရေး ကျေးရွာအရောက် ဝန်ဆောင်မှုပေး

**ဝက်လက် နိုဝင်ဘာ ၁၇**

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတရှိစေရေး၊ စာပေလေ့လာဖတ်ရှုကြစေရေးရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၅ ရက်က ရွှေပန်းကုံးကျေးရွာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေး စာပေလေ့လာဖတ်ရှုကြရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကွမ်းစားခြင်းအန္တရာယ်များကို အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများ၏ ဆောင်ရွက်ချက်မှတ်တမ်း နံရံကပ်ဓာတ်ပုံများကိုပြသရာ ကျောင်းသား၊ ကျောင်းသူများ ဆရာ၊ ဆရာမများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြပြီး သုတ၊ ရသစာအုပ်များကိုလည်း ငှားရမ်းဖတ်ရှုခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## ဝါးခယ်မမြို့နယ်တွင် ချောင်းကူးတံတား ဆောက်လုပ်ပြီးစီး၍ ဒေသခံများ ဆက်သွယ်သွားလာရေး အဆင်ပြေ

**ဝါးခယ်မ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရွာသစ်ရပ်ကွက်နှင့် သော်ကရပ်ကွက်တို့ဆက်သွယ်သည့် ချောင်းကူးတံတား ဆောက်လုပ်ပြီးစီးမှုကြောင့် ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ရာ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက အလှူရှင်များက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယခင်က သစ်သားတံတား ယိုယွင်းပျက်စီးနေမှုကြောင့် အ.ထ.က (ခွဲ) ရွာသစ်ကျောင်းသို့ သော်ကရပ်ကွက်၊ ထီးပနန်း၊ တလိုင်းစု၊ အထက်သက္ကယ်၊ အောက်သက္ကယ်၊ တံတားကြီး၊ စံပြရွာသစ်ကျေးရွာများမှ ကျောင်းဆင်း၊ ကျောင်းတက်သွားလာလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရန် ကွန်ကရစ်တံတား ဆောက်လုပ်ခြင်းဖြစ်သည်။

အဆိုပါ အရှည်ပေ ၅၀၊ အကျယ် ၁၁ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ချောင်းကူးတံတားကို ဦးအောင်ခင် (ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) ဇနီးဒေါ်ဝင်းဝင်းခိုင် အထက်တန်းပြ (ငြိမ်း) မိသားစုမှ လှူဒါန်းငွေကျပ် ၁၂ သိန်းနှင့် စေတနာရှင်များ၏ လှူဒါန်းမှုများ စုပေါင်းပြီး စုစုပေါင်းကုန်ကျငွေကျပ် ၂၆ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## မိုင်းယု၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း နိုဝင်ဘာ ၁၇**


ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့၌ ထေရဝါဒဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးကျောင်း (၆၀×၃၀) အရွယ် RC နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအား နိုဝင်ဘာ ၁၅ ရက်က မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

သတ်မှတ်စံချိန်စံညွှန်းကိုက်ညီစေရေးနှင့် အဆောက်အအုံ အရည်အသွေးပြည့်မီစေရေးတို့အတွက် စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့်အတူ ကော်မတီအဖွဲ့ဝင် အင်ဂျင်နီယာ ဦးစိုင်းဟိန်းလွမ်းမိုး၊ ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်နိုင်ထွေးနှင့် မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာတို့သည် ကုမ္ပဏီတာဝန်ရှိသူများ၊ ကန်ထရိုက်အင်ဂျင်နီယာတို့က သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသတိုင်းရင်းသားကုမ္ပဏီတစ်ခုဖြစ်သည့် စိုင်းရှဲန်ရွက်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဖရူဆိုမြို့၌ သဘာဝပတ်ဝန်းကျင် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်



**ဖရူဆို နိုဝင်ဘာ ၁၇**

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ကယားပြည်နယ်ဦးစီးမှူးရုံး၊ ဖရူဆိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းရုံးတို့ပူးပေါင်းလျက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဒုတိယအကြိမ်မြောက် ဇာတ်တိုက်လေ့ကျင့်မှုကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ဖရူဆိုမြို့ မြို့မဈေးအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုကို ကယားပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်လေးရွှေဇင်ဦးနှင့် ဝန်ထမ်းနှစ်ဦး၊ ဖရူဆိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူးနှင့် သန္နွေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့ပေါ်ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မည်သို့ဆောင်ရွက်ရမည်ကို သိရှိနားလည်သဘောပေါက်စေရန်နှင့် အထူးသဖြင့် မီးဘေးအန္တရာယ်အတွက် လုပ်ဆောင်ရမည့် အရေးပေါ် လူနာကယ်ဆယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ အဆိုပါဇာတ်တိုက်လေ့ကျင့်မှုကို မီးငြိမ်းသတ်ယာဉ်နှစ်စီးနှင့်အတူ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

**ကိုစိုင်း(လွိုင်ကော်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းအား ကြည့်ရှုအားပေး

**အထက်မင်းလှ နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်၊မင်းလှမြို့နယ် သံပုရာကန်ကျေးရွာတွင် နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြစိမ်းရောင်ကျေးရွာများမှ အမျိုးသမီးငယ်များ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းတွင် သံပုရာကန်ကျေးရွာမှ သင်တန်းသူ ၂၂ ဦး၊ ဥယျာဉ်ကျေးရွာမှသင်တန်းသူ ၅ ဦး စုစုပေါင်းသင်တန်းသူ ၂၇ ဦး၏ သင်တန်းတက်ရောက်သင်ကြားနေမှုအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဌာနဆိုင်ရာများက ကြည့်ရှုအားပေး၍ အတတ်ပညာများအား ပြန်လည်အသုံးချတတ်စေရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

## ပလောက်မြို့ မြို့ပေါ်နှင့် ကျေးရွာများ၌ နံရံကပ်စာပေရေချမ်းစင် စာအုပ်အသစ်ဖြည့်တင်း

**ပလောက် နိုဝင်ဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေသခံပြည်သူများ စာပေကို လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ရန်ချိတ်ဆွဲထားရှိသည့် နံရံကပ်စာပေရေချမ်းစင်များသို့ နိုဝင်ဘာ ၁၆ ရက်တွင် မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက အသစ်ရောက်ရှိလာသော စာစဉ်အတွဲ(၄)၊ အမှတ်(၉)ကို ပြည်သူများလေ့လာဖတ်ရှုနိုင်ရန် ဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါနံရံကပ်စာပေရေချမ်းစင်များကို မြို့ပေါ်ရှိ မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ဆေးရုံ၊ ရွှေမြင်းပျံဂိတ်ထမင်းဆိုင်၊ အ.မ.က မူလွန်ကျောင်းအနီး လက်ဖက်ရည်ဆိုင်နှင့် ကျေးရွာများဖြစ်သော ပြည်ခြားကျေးရွာ (ဝါးကုန်းရွာအဆင်းလမ်းဆုံလက်ဖက်ရည်ဆိုင်)၊ မင်းကကြေကျေးရွာ (ကူးတို့လှေဆိပ်)၊ ကံမော်ကလေးကျေးရွာ (ကူးတို့လှေဆိပ်)၊ သရက်တပင်ကျေးရွာ (ကူးတို့လှေဆိပ်) များ၌ ချိတ်ဆွဲထားသည်။

အသစ်လဲလှယ်ပေးသည့်စာစဉ်များတွင် ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ အားကစား၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အတ္ထုပ္ပတ္တိ၊ ပြည်သူ့နီတိ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးစသည့် စာစဉ်များပါဝင်ကြောင်း သိရသည်။

**ပလောက်(ပြန်/ဆက်)**

# အညာဒေသစစ်ကိုင်းမြို့ရဲ့ထူးခြားသောမုန့်ဆီကြော်ဘုရားပွဲ မြန်မာ့ဓလေ့မြန်မာ့စိတ်ရင်းကိုတွေ့မြင်နိုင်

**စစ်ကိုင်း နိုဝင်ဘာ ၁၇**

လမ်းဘေးတွင်မုန့်ဆီကြော် ကြော်ရောင်းနေသော ဆိုင်ကလေးဆီသို့ ဆိုင်ကယ်များ သွားရောက်ကာ ဝယ်ယူစားသောက်နေကြသည့် မြင်ကွင်းကို မြင်သမျှ ထူးဆန်းနေကြပေမည်။ မုန့်ဆီကြော် တစ်ခု ၁၅၀ ကျပ်၊ ဆယ်ခုလျှင် တစ်ထောင်ကျပ်ဟု ပြောကာ ရောင်းနေပေသည်။ ဝယ်ယူသူမှာလည်း ပြုံးရွှင်စွာဖြင့်ဝယ်ယူသလို ဝယ်ယူရင်းပင် အမြည်း စားနေလိုက်ပေသည်။ အိမ်အတွက် ပါဆယ်ထည့် ခိုင်းကာ အိမ်မိသားစုအတွက်ပါ ဝယ်နေပေသည်။

တစ်ဦးကဆိုင်ကယ်ရပ်ကာဝယ်နေသမျှ ဆိုင်ကယ်ပေါ်ပါလာသော ကလေးများက မုန့်ဆီကြော် ဆိုင်မှ ဆားရည်စိမ်ထားသော ဇီးဖြူသီးကိုငါးပိကြော်နှင့်တို့ကာတို့ကာစားနေပေသည်။စားပြီးသည်နှင့်ရေနွေးကြမ်းကိုပင် သောက်လိုက်ပြန်ပေသည်။ ဈေးသည်နှင့် ဈေးဝယ် ပြုံးရွှင်ရယ်မောကာ ပြောဆိုနေသောမြင်ကွင်းသည် စစ်ကိုင်းမြို့တွင် စေတနာများနှင့် လှပသောမြင်ကွင်းဟု ဆိုကြသည်။ ထူးခြားသောမြင်ကွင်း၊ ပြုံးရွှင်ရယ်မောနေသောမြင်ကွင်း၊ ဇီးဖြူသီးနှင့်ငါးပိကြော်ကိုတို့ကာတို့ကာအလကားစားနေသောမြင်ကွင်းကို မြင်မိသဖြင့် မေးမြန်းကြည့်ပါက စေတနာပြည့်လျှံကဲ အညာဒေသ စစ်ကိုင်းမြို့၏ ထူးခြားသောဘုရားပွဲ အကြောင်းကို သိရမည်ဖြစ်သည်။

စစ်ကိုင်းမြို့ ရာဇာမဏိစူဠာကောင်းမှုတော် ဘုရားပွဲသည် သုံးကြိမ်ကျင်းပသောဘုရားပွဲပင် ဖြစ်သည်။ ပထမအကြိမ် သီတင်းကျွတ်လပြည့် နေ့တွင်ကျင်းပရာ တစ်မြို့လုံးတစ်နယ်လုံးရှိ ဆွမ်းတော်ကြီးအသင်းများ လှည့်လည်သည့် စည်ကားလှသောပွဲပင်ဖြစ်သည်။ သီတင်းကျွတ် လပြည့်ကျော် ၈ ရက်တွင် ဒုတိယအကြိမ် ကျင်းပသော ဘုရားပွဲကို မုန့်ဖက်ထုပ်ပွဲဟုခေါ်လေ့ရှိပြီး ဘုရားအနီးရှိ ကျေးရွာများမှမုန့်ဖက်ထုပ်ပြုလုပ်ပြီး ဘုရားကိုကပ်လှူခြင်း၊ ဆွမ်းလောင်းခြင်းနှင့် အတူ လာသမျှလူကို မုန့်ဖက်ထုပ်ဖြင့် ဧည့်ခံသည့် ပွဲပင်ဖြစ်သည်။ တတိယအကြိမ်ကျင်းပသည့် ကောင်းမှုတော်ဘုရားပွဲကို လှည်းပွဲဟု ခေါ်လေ့ရှိသည်။ အဝေးရှိ ကျေးရွာများမှ တန်ဆောင်မုန်း လပြည့် မတိုင်ခင်ကပင် ပန်းမိုးလှည်းများဖြင့်လာ ရောင်ဆင်နွှဲသောပွဲပင်ဖြစ်သည်။

သုံးမည်သုံးပွဲကျင်းပသည့် ကောင်းမှုတော် ဘုရားပွဲတွင် မုန့်ဆီကြော်ရောင်းချခြင်းပြုသည့်ပွဲ မှာ နှစ်ပွဲသာလျှင်ဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့ပွဲများပင် ဖြစ်သည်။ အနီးအနားရွာများမှ ထိုနှစ်ရက်တွင်သာမုန့်ဆီကြော် ကြော်ရောင်းပြီး ကျန်သည့်ရက် များတွင် မရောင်းချကြပေ။ တစ်နှစ်လျှင် နှစ်ရက်သာရောင်း စေတနာအပေါင်းဝန်းရံသောနေ့ဟု ဆိုနိုင်သည်။ မုန့်ဆီကြော်ဘန်းဘေးတွင် ရေနွေး အပြည့်ထည့်ထားသလို ဇီးဖြူသီးဆားရေစိမ်နှင့် ငါးပိကြော်တို့ကို များစွာထားရှိပြီး ကုသိုလ်ပြုလေ့ ရှိသည်။ မုန့်ဆီကြော်ကို မှတ်မှတ်ရရဝယ်စားသလို ဇီးဖြူသီးဆားရေစိမ်နှင့် ငါးပိကြော်ကိုတို့ကာတို့ ကာဖြင့် ပျော်ရွှင်စွာ စားသောက်နေသည့် မြင်ကွင်းမှာ ချစ်စရာမြင်ကွင်းပင်ဖြစ်သည်။မြန်မာ နိုင်ငံတွင် မည်သည့်နေရာမှမရှိသော အလေ့အထ နှင့် ချစ်စဖွယ်ပွဲကလေးများပင်ဖြစ်သည်။ စစ်ကိုင်း မြို့သို့ ဘုရားဖူးသွားလိုသူတိုင်း သုံးကြိမ်ဆင်နွှဲ ကောင်းမှုတော်ဘုရားပွဲတွင် တစ်ကြိမ်ကြိမ်ကြုံ ဆုံအောင်သွားကာ မုန့်ဆီကြော်စား၊ မုန့်ဖက်ထုပ် ကိုစား၊ ဇီးဖြူသီးဆားရည်စိမ်များကိုဝါးကာ အညာ ဒေသအညာအလှ စေတနာ ပြည့်လျှံကဲ အညာ ဒေသ စစ်ကိုင်းမြို့ရဲ့ ထူးခြားသည့်ဘုရားပွဲအတွေ့ အကြုံရသလေးများကို ခံစားကြည့်သင့်လှပါပေ သည်။

**နွေနဒီ(မြစ်ငယ်)**

## ကျေးလက်လမ်း ကတ္တရာထပ်ပိုး လွှာခင်း၍ သွားလာရလွယ်ကူ

**ရေတာရှည် နိုဝင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက် ရန်ကုန်-မန္တလေးကား လမ်းနှင့်သမိုင်းဝင် မယ်ဒက်ကယ်ဘုရား ကြီးကို ဆက်သွယ်ဖောက်လုပ်ထားသော ညောင်ပင်သာ-အင်းပက်လက်ကျေး ရွာချင်းဆက်လမ်းပိုင်းမှာ နှစ်ကာလရှည် ပြုပြင်ခြင်းမရှိခဲ့၍ ဒေသခံပြည်သူများ မှာ ယိုယွင်းပျက်စီးလျက်ရှိကြောင်း သိရ သည်။

အဆိုပါလမ်းပိုင်းကို ခက်ခဲစွာနေ့စဉ် သွားလာနေရသည့် ဒေသခံပြည်သူများ ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး နှင့် စီးပွားရေးလုပ်ငန်းများအတွက် အဆင်ပြေစွာဖြင့် အချိန်မရွေး သွားလာ နိုင်ရန် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန် ပုံငွေဖြင့် အရှည်တစ်မိုင်လေး ဖာလုံ အရှည်ရှိ လမ်းပိုင်းအား ထပ်ပိုးကတ္တရာ လမ်းအဖြစ် ဆောင်ရွက်လျက်ရှိရာ အဆင်ပြေပြေ သွားလာနိုင်မည်ဖြစ် သည်။

**ကိုလွင်(ဆွာ)**

## တာဝန်ရှိသူများ လမ်းပြုပြင်မွမ်းမံနိုင်ရေး ကွင်းဆင်းစစ်ဆေး

**အင်းတော် နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားကျေးရွာအုပ်စု နန့်မကြိုင်းကျေးရွာ လမ်းပြုပြင်နိုင်ရန် နိုဝင်ဘာဒုတိယပတ်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကွင်းဆင်းစစ်ဆေးရာသို့ အင်းတော်မြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ပြုံး၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးကျော်နိုင်နှင့် ရုံးဝန်ထမ်းများလိုက်ပါပြီး ဒေသခံကျေးရွာသားများနှင့်အတူ ကွင်းဆင်းလေ့လာစစ်ဆေးခဲ့သည်။

ရွှေဘို-မြစ်ကြီးနား ဗျူဟာကားလမ်းမကြီး၏ အရှေ့ဘက် နဘားကျေးရွာအုပ်စု နန့်မကြိုင်းကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် ယခင်လမ်းဟောင်း (၁ မိုင် ၁ ဖာလုံ)အား ယခုတစ်ဖန်မြေသားလမ်းအဖြစ်မွမ်းမံပြုပြင်ဆောင်ရွက်မည်ကိုအင်းတော်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**၆၈၅**

## ငါန်းဇွန်မြို့နယ်၌ ရေကျော်လမ်းဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ငါန်းဇွန် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ညောင်ပင်ရိုးကျေးရွာအဝင်လမ်းပေါ်၌ ကွန်ကရစ် ရေကျော်ပြုလုပ်ခြင်းအားနိုဝင်ဘာဒုတိယအပတ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးဝင်းထွန်းနှင့် ဝန်ထမ်းများ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် တာဝန်ယူ ဆောင်ရွက်နေသော ရေကျော်လမ်းအား မြန်ပြည်ဟိန်းကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဆောင်ရွက်နေမှု၊ လုပ်ငန်းအရည်အသွေးပြည့်မီမှု ရှိ-မရှိ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည့်အကူအညီများ ဆောင်ရွက်ခဲ့သည်။

ရေကျော်အတိုင်းအတာမှာ (ပေ ၅၀× ၃၂ ပေ) ဖြစ်၍ ခွင့်ပြုငွေ ၉ ဒသမ ၈၂ ကျပ်သန်းဖြစ်ပြီး ကျေးရွာနေ ပြည်သူလူဦးရေ စုစုပေါင်း ၄၇၁၆ အတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**



## ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရွာသစ်ကျေးရွာတွင် စားသုံးသူအကာကွယ်ပေးရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲပြုလုပ်

**ကျုံပျော် နိုဝင်ဘာ ၁၇**

ခွင့်ပြုချက်မရှိသည့် ဆိုးဆေးပါသောအစားအစာများ၊ တာရှည်ခံဓာတုဆေးဝါးနှင့် ထုတ်လုပ်ထားသောအစားအစာ များ၊ သက်တမ်းလွန်သော အစားအစာများအား သိရှိနိုင်ရန် စားသုံးသူအကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရွာသစ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ နိုဝင်ဘာ ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမြင့်အောင်က တားမြစ်ဆိုးဆေးနှင့် တာရှည်ခံဆေးများဖြင့် ပြုလုပ်သော အစားအစာများ၊ ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပေါ်သောရောဂါများ၊ စားသုံးသူ အကာကွယ်ပေးရေးဥပဒေပါ ရရန်အခွင့်အရေးများနှင့် ပတ်သက်သည်များအား ဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။ ထို့နောက်ကျောင်းပတ်ဝန်းကျင် အနီးရှိမုန့်ဈေးဆိုင်များအား လှည့်လည်စိစစ်ပြီး တားမြစ်စားသောက်ကုန်များ မရောင်းချရေး၊ ဓာတုဆိုးဆေးများ အသုံးပြုခြင်းမရှိရေးတို့ကို ပညာပေးဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား၊ ကျောင်းသူများ ၃၄၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## စီမံခန့်ခွဲမှုကျွမ်းကျင်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး လူသားအရင်းအမြစ် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်လှစ်

**မကွေး နိုဝင်ဘာ ၁၇**

ဝန်ထမ်းများ စီမံခန့်ခွဲမှု ကျွမ်းကျင်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် လူသားအရင်းအမြစ်စီမံခန့်ခွဲမှု (Human Resource Management) သင်တန်းကို မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ စီမံခန့်ခွဲမှု (Human Resource Management) သင်တန်းကို မကွေးမြို့ Y.M (Bunsiness & IT School) က ဒေါ်ဌေးယဉ်ဝင်းက Motivating Employees, Employee Development, Evaluating Training and Development Effectiveness, Managing Career, Career Development Program စသည့် ဘာသာရပ်များကို သင်ကြားပေးခဲ့သည်။

ယင်းသင်တန်းသို့ မကွေးတိုင်းဒေသကြီးအတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ၊ ဒုတိယဦးစီးမှူးများ စုစုပေါင်း ၃၃ ဦးခန့် တက်ရောက်ခဲ့သည်။

လူသားအရင်းအမြစ်စီမံခန့်ခွဲမှု (Human Resource Management) သင်တန်းဖွင့်လှစ်ရခြင်းမှာ အရာထမ်း၊ အမှုထမ်းများအား စီမံခန့်ခွဲမှုကျွမ်းကျင်စေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများကို သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး အဆိုပါ ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများကို Ledership & Management ဘာသာရပ်အား ဆက်လက် သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## လဲချားမြို့နယ်တွင် မျိုးသန့်ထုတ်စိုက်ခင်းရိတ်သိမ်း

**လဲချား နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တစ်ဧကအထွက်နှုန်း သိရှိနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ နိုဝင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲက မြို့မကျေးရွာအုပ်စု ကွင်းအမှတ်(၁)တောင်သူဒေါ်မြစုံ၏ လယ်မြေ DU-12 မျိုးစပါးစံကွက်တွင် ရိတ်သိမ်း ခြွေလှေ့စက်ဖြင့် မိုးစပါးစံကွက် ရိတ်သိမ်းခဲ့သည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်းထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်၊ သက်ဆိုင်ရာမြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဆိုပါကျေးရွာနှင့် ပတ်ဝတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးစိုင်းသန်းစိန်နှင့် ဝန်ထမ်းများက (DU-12) မျိုးသန့်ထုတ်စိုက်ခင်းကို ခြွေလှေ့စက်ဖြင့် စနစ်တကျရိတ်သိမ်းကြရာ တစ်ဧက တင်းအစို ၁၃၁ ဒသမ ၄၈ တင်း ထွက်ရှိကြောင်း သိရသည်။

**လဲချား(ပြန်/ဆက်)**



## နမ့်ဆန်မြို့တွင် မူခင်းကျဆင်းရေး ကွင်းဆင်းဟောပြော

**နမ့်ဆန် နိုဝင်ဘာ ၁၇**

ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မန်ခိုက်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့က မှုခင်းကျဆင်းရေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒု-ရဲမှူးသန်းဆွေက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ် ဝိုင်းဝန်းတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် မူးယစ်ဆေးစွဲသုတေသနအသင်း SARA အသင်း၏ မူးယစ်ဆေးဝါးသုံးစွဲသူများ လျော့နည်းပပျောက်ရေး ကွင်းဆင်းဆောင်ရွက်သည့်လုပ်ငန်းများ ရှင်းလင်းပြောကြားခဲ့သည်။ ဟောပြောပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒု-ရဲမှူးသန်းဆွေနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေမိဘပြည်သူများ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ SARA မူးယစ်ဆေးစွဲအသင်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

# အတိတ်ကာလ သမိုင်းကြောင်းကိုဖော်ပြနေသော ကျောက်စာ

မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

ရှေးလူများသည် အကြောင်းအရာတစ်ခုကို ပျောက်ပျက်မသွားရအောင် မှတ်သားထားလိုလျှင် ကျောက်တုံး၊ ကျောက်တိုင်၊ ကျောက်နံရံများတွင် ရေးထိုး၍ ထားတတ်ကြသည်။ ထိုသို့ရေးမှတ်ခြင်းမျိုးကို ကမ္ပည်းကျောက်စာရေးထိုးသည်ဟူ၍လည်းကောင်း၊ ကျောက်ထက်အက္ခရာတင်သည် ဟူ၍လည်းကောင်း ခေါ်ကြပေသည်။ ကျောက်စာများကို လေ့လာခြင်းဖြင့် ကျောက်စာရေးထိုးသောခေတ်မှ ယုံကြည်မှုအယူဝါဒများ၊ ယဉ်ကျေးမှုအနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆနိုင်သကဲ့သို့ ကျောက်စာများသည် နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကိုများစွာ အထောက်အကူပေးနိုင်ပါသည်။

ကမ္ဘာပေါ်တွင် ကျောက်စာရေးထိုးခြင်း ဓလေ့ပေါ်ပေါက်သည်မှာ ဘီစီ ၃၆၀၀ ခန့်ကပင် ဖြစ်ဟန်တူပေသည်။ ရှေးဦးစွာ ကျောက်စာရေးထိုးသောလူမျိုးမှာ အီဂျစ်လူမျိုးဖြစ်သည်။ အီဂျစ်ပြည်သားများသည် ဟိုင်ယာရိုဂလစ်ခေါ် ရုပ်ပုံစာအမှတ်အသားဖြင့် ဘုရင်သချိုင်းများ၊ အထိမ်းမှတ်အဆောက်အအုံများတွင် ရေးထိုးထားခဲ့ကြသည်။ ထို့နောက် နှစ်ပေါင်း ၂၀၀ ခန့်ကြာသောအခါ ဗက်ဗီလုံးနိုင်ငံနှင့် အခြားမြေထဲပင်လယ်ဒေသများတွင် စာရေးစာဖတ်ပညာများ တတ်မြောက်တိုးတက်လာခဲ့ရာ ထိုအရပ်ဒေသများတွင်လည်း ကျောက်စာရေးထိုးသောဓလေ့များ ပေါ်ပေါက်လာခဲ့သည်။ အီဂျစ်နိုင်ငံ၊ စပိန်နိုင်ငံနှင့် မြေထဲပင်လယ်အရှေ့ပိုင်းနိုင်ငံများတွင် တွေ့ရှိရသော ရုပ်ပုံစာအမှတ်အသား အမျိုးပေါင်း ၃၀၀ ကျော်တို့မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ များစွာတူညီပေသည်။

အီဂျစ်နိုင်ငံ၌ ဘီစီ ၃၄၀၀ မှ ၂၇၀၀ အထိ နှစ်အမည်များကို ရေးမှတ်ထားခဲ့သည့် ကျောက်တုံးတစ်ခုကို တွေ့ရှိသဖြင့် ယခုအခါ စစ္စလီကျွန်း ပါလာမိုပြတိုက်တွင် ထားရှိသည်။ ထိုကျောက်တုံးကို ပါလာမိုကျောက်စာဟုခေါ်တွင်လျက်ရှိကြပေသည်။ ထိုမှတစ်ဖန် ဗက်ဗီလုံးနိုင်ငံတွင် ဘီစီ ၂၀၀၀ ကျော်က စိုက်ထူခဲ့သော ဟမ္မူရာဗီဘုရင်၏ ဥပဒေစုကျောက်စာတိုင်ကြီးသည်လည်းကောင်း၊ အဆီးရီးယားနိုင်ငံတွင် ဘီစီ ၇၀၀ ခန့်က ဆင်နာကရစ်ဘုရင် စိုက်ထူခဲ့သော ကျောက်စာတိုင်သည်လည်းကောင်း၊ ဘီစီ ၂၀၀ ခန့်က အီဂျစ်နိုင်ငံတွင် စိုက်ထူခဲ့သော ရိုဇက်တာကျောက်စာတိုင်သည်လည်းကောင်း၊ ထင်ရှားသော ကျောက်စာဟောင်းများဖြစ်ပေသည်။ ရိုဇက်တာကျောက်စာတိုင်သည် ဟိုင်ယာ ရိုဂလစ်ဖစ် ခေါ် ရုပ်ပုံစာရေးနည်း၊ ဒီမိုတစ်ရေးနည်း၊ ဂရိရေးနည်း ဟူ၍ သုံးမျိုးရေးထိုးထားသည်။ ပြင်သစ်လူမျိုး ရှမ်ပိုလီယန်ဆိုသူသည် ထိုကျောက်စာတွင်ပါရှိသော ရှေးအီဂျစ်စကားကို အနက်ဖော်ရာတွင် အနှစ် ၂၀ တိုင်တိုင်ကြာမှ အောင်မြင်ခဲ့လေသည်။ ထိုကျောက်စာကို ယခုအခါ ဗြိတိသျှပြတိုက်တွင် တွေ့မြင်နိုင်ပေသည်။

အမေရိကန်တွင်လည်း ရှေးဟောင်းကျောက်စာများကို တွေ့ရှိရသည်။ မြောက်အမေရိကတိုက် မက္ကဆီကိုနိုင်ငံတောင်ပိုင်းတွင် နေထိုင်ခဲ့ကြသော 'မာယာ' ခေါ်လူမျိုးတစ်မျိုးသည် ဘီစီ ၆၀၀ ကျော်ကပင် ကျောက်စာရေးထိုးခြင်း ပြုလုပ်ခဲ့ကြသည်။ ၎င်းတို့ အသုံးပြုသော မှတ်သားနည်းမှာလည်း ရုပ်ပုံရေးထိုးမှတ်သားနည်းပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် ကျောက်စာရေးထိုးခြင်း ပေါ်ပေါက်သည့်ခေတ်မှာ ရှေးအီဂျစ်နိုင်ငံ ဗက်ဗီလုံးနိုင်ငံများ၏ ယဉ်ကျေးမှုခေတ်နှင့် တစ်ခေတ်တည်းကာလမှာပင်ဖြစ်သည်။ ဟိန္ဒူမြစ်ဝှမ်း မိုဟန်ဂျို ဒါရိုဟာရပအရပ်များမှ တူးဖော်တွေ့ရှိရသော အချို့ကျောက်စာတို့ကို ယခုတိုင် အနက်ဖော်၍မရသေးပေ။ အိန္ဒိယနိုင်ငံတွင် အခြားထင်ရှားသော ကျောက်စာများမှာ ဘီစီ ၂၅၀ ခန့်က စိုက်ထူခဲ့သော သီရိဓမ္မာသောကမင်း၏ ကျောက်စာပင်ဖြစ်ပေသည်။

သီရိဓမ္မာသောကမင်းကြီးသည် မြတ်စွာဘုရားရှင်၏ ထင်ရှားသည့်နေရာများတွင် အထိမ်းအမှတ်ကျောက်စာတိုင်များကို စိုက်ထူခဲ့သည်သာမက မြတ်စွာဘုရားရှင်၏ ဆုံးမဩဝါဒများကိုလည်း နိုင်ငံတော်အတွင်း အနှံ့အပြားနေရာများ၌ ကျောက်ထက်တွင် ဗြဟ္မီအက္ခရာ၊ ခရော့ရှတီအက္ခရာများဖြင့် ရေးထိုးခဲ့ပေသည်။

တရုတ်နိုင်ငံတွင် ဘီစီ ၂၀၀၀ ခန့်ရှန်မင်းများ လက်ထက်ကပင် စာပေရေးသားမှုကို တတ်မြောက်ကြသော်လည်း ကျောက်ထက်တွင် ရေးထိုးလေ့မရှိဘဲ ဆင်စွယ်၊ လိပ်ခွံ၊ အရိုးများနှင့်ဝါးများပေါ်တွင်သာ ရေးမှတ်လေ့ရှိသည်။ ခရစ်သက္ကရာဇ် ၂၀၀ ခန့်တွင် တရုတ်စာကောင်းပေမွန်များကို ကျောက်ပြားများပေါ်တွင် ရေးထိုး၍ ထိုမှတစ်ဆင့် စက္ကူဖြင့် ကူးယူသော စနစ်ကို အသုံးပြုခဲ့ကြသည်။ မြန်မာနိုင်ငံတွင်လည်း ကျောက်စာရေထိုးခြင်း အလေ့အထမှာ သရေခေတ္တရာပျူလူမျိုးတို့၏ ခေတ်မှပင် စတင်ပေါ်ပေါက်ခဲ့သည်ကို ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်ရှိ ဘုရားကြီးစေတီ၏ အနောက်တောင်ဘက် ကိုက် (၂၀၀) ခန့်အကွာတွင် ၁၉၁၂ ခုနှစ်ခန့်က တူးဖော်တွေ့ရှိထားသော ကျောက်အရိုးအိုးကြီး လေးလုံး၏ ကျောက်အိုးပတ်လည်တွင်လည်းကောင်း၊ ကျောက်အိုး၏ အောက်ခြေတွင်လည်းကောင်း ပျူစာဖြင့် ရေးထိုးထားသော မင်းနှင့်တကွ မိဖုရားတို့၏ဆွေတော်များနတ်ရွာစံနှစ်ကို တိကျစွာ သိရှိခဲ့ရပေသည်။ ယခုအခါတွင် ထိုကျောက်အရိုးအိုးလေးလုံးကို ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပြည်မြို့နယ်၊ မှော်ဇာကျေးရွာ၊ သီရိခေတ္တရာပြတိုက်တွင် ထိန်းသိမ်းခင်းကျင်း ပြသထားလျက်ရှိပါသည်။

ထို့ပြင် ၂၀၀၃ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ဆင်ဖြူကန်ရွာအနီး ဘုရားထောင်ဘုရား၏ အရှေ့မြောက်ဘက် ကုန်းမို့မို့အားတူးဖော်သုတေသနပြုခဲ့ရာ ကျောက်အိုးကိုမြေမြှုပ်ဌာပနာထားသည့် စေတီကို ဦးစွာ တွေ့ရှိခဲ့ရပြီးနောက် ကျောက်အိုးကြီးအား သန့်ရှင်းမှုများပြုလုပ်ပြီး ကျောက်အိုးကြီး၏ ပတ်လည်တွင် စာကြောင်းရေ ငါးကြောင်းနှင့် ပျူစာလုံးရေ ၁၁၅ လုံးခန့်ကို တွေ့ရှိခဲ့ကြသည်။ ထိုပျူစာကြောင်းများအရ ဝိကြမမင်းတို့၏ ကျောက်အရိုးအိုးဖြစ်ကြောင်း သိရှိခဲ့ရပေသည်။ ယခုအခါတွင် ထိုကျောက်အရိုး အိုးကြီးကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် ထိန်းသိမ်းခင်းကျင်း ပြသထားလျက်ရှိပါသည်။

သရေခေတ္တရာမြို့ဟောင်းအပြင်ဘက် ဘောဘောကြီးဘုရားတောင်ဘက် ကန်ဝက်ခေါင်းကုန်းမှ (၁၉၂၇-၂၈) ခုနှစ်တွင် ဆင်းတုတော်ခေါင်းပြတ်ထိုင်တော်မူဗျာနမုဒြာဟန်နှင့် ပလ္လင်ခုံအောက်ခြေလေးမျက်နှာတွင် ပျူစာပါသော ဗုဒ္ဓဆင်းတုတော်၏ ဆင်းတုတော်တစ်ဆူ တူးဖော်ရရှိခဲ့သည်။ ဆင်းတုတော်၏ ပလ္လင်ခုံလေးမျက်နှာစလုံးတွင် ပျူစာနှင့် သက္ကတစာတို့ကို ရောစပ်၍ ရေးထိုးထားသည်။ ထိုဆင်းတုတော်အား ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မှော်ဇာကျေးရွာ၊ သီရိခေတ္တရာပြတိုက်တွင် ထိန်းသိမ်း ခင်းကျင်း ပြသထားလျက်ရှိပါသည်။

၁၉၃၅ ခုနှစ်တွင် ဘောဘောကြီးဘုရားတောင်ဘက် ကြာနီကန်ပေါက်အနီးမှ ဗုဒ္ဓနှင့်သာဝကနှစ်ဦးပါရှိသော ပျူကျောက်စာတစ်ချပ် တူးဖော်ရရှိခဲ့သည်။ ဆင်းတုတော်နှင့် ကျောက်စာတွဲလျက်ပါရှိပြီး အပေါ်အဆင့်တွင် ဆင်းတုတော်အား မုခ်ခုံးဖြင့်တန်ဆာဆင်ထားသည်။ ဘေးတစ်ဖက်တစ်ချက်စီတွင် လက်အုပ်ချီနေဟန် သာဝက နှစ်ပါးပါရှိသည်။ အောက်တွင် ရေးသားထားသော ပျူကျောက်စာမှာ အနည်းငယ်ပျက်စီးနေပြီး စာကြောင်းရေ နှစ်ကြောင်းခန့်သာ ဖတ်ရှုနိုင်ပါသည်။ သရေခေတ္တရာမြို့ဟောင်းရှိ မြို့ဝင်ပေါက် တစ်ချို့တွင်လည်း ပရိတ်ကြီးပါဠိတော်များကို ကျောက်စာတိုင်များပေါ်တွင် ရေးထိုးစိုက်ထူသောအလေ့အထသည်လည်း ဘေးသီရန်ကာအဖြစ် ရည်ရွယ်သည်မှာ ယုံမှားဖွယ်မရှိပေ။

ပုဂံခေတ် မြန်မာလူမျိုးတို့သည် အထူးသဖြင့် ဘုရားတည်ကျောင်းဆောက်စသော ကုသိုလ်ကောင်းမှုများပြုပြီး သည့်အခါ အလှူပစ္စည်း စာရင်းနှင့်တကွ ဆုတောင်းစာ၊ ကျိန်စာများကို ကျောက်ထက်တွင် ရေးထိုးထားသောအားဖြင့် မှတ်တမ်းတင်ကြလေသည်။

မြန်မာနိုင်ငံ အရပ်ရပ်တွင် ပျူစာ၊ မွန်စာ၊ မြန်မာစာ၊ ပါဠိစာ၊ သက္ကဋစာစသည်တို့ဖြင့် ရေးထိုးထားသော ကျောက်စာအများ တွေ့ရှိရသည်။ ထို့ပြင် ကြေးဂဏန်းအစရှိသည်တို့ဖြင့် ရေးသားထားသော ကျောက်စာများလည်း ရှိသေးသည်။ မြန်မာနိုင်ငံအတွင်း တွေ့ရှိရသော ကျောက်စာများအနက် ပုဂံမြို့မှ မြစေတီကျောက်စာမှာ အထူးအရေးပါ အရာရောက်သော ကျောက်စာတစ်ခုဖြစ်သည်။ ထိုကျောက်စာမှာ အကြောင်းအရာတစ်ခုတည်းကို ကျောက်တိုင် လေးမျက်နှာတွင် မြန်မာ၊ မွန်၊ ပါဠိ၊ ပျူ ဟူသော ဘာသာကြီး လေးမျိုးဖြင့် အသီးသီး ရေးထိုးထားခဲ့ပေသည်။ မြစေတီကျောက်စာကို လေ့လာခြင်းအားဖြင့် ပုဂံခေတ်၌ သုံးနှုန်းသော ဘာသာစကားများကို သိရှိနိုင်သည့်အပြင် မြန်မာနိုင်ငံ သမိုင်းအတွက် သက္ကရာဇ်အထောက်အထားများကိုလည်း တိကျစွာ သိရှိနိုင်ပေသည်။ ယခုအခါတွင် မြစေတီကျောက်စာသည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်နေရာတစ်ခုအဖြစ် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၉ ရက်၌ သတ်မှတ်ခြင်းခံရပြီးလည်း ဖြစ်ပေသည်။ ဤအချက်သည်ပင် ပုဂံခေတ်၏ စာပေအထောက်အထားတစ်ခုဖြစ်သည့် မြစေတီ ကျောက်စာချပ်က ဖော်ပြလျက်ရှိပေသည်။

ထို့ပြင် ကမ္ဘာ့ကျောက်စာများ သမိုင်းတွင် ပဉ္စမသံဃာယနာတင် မင်းတုန်းမင်းကြီး၏ ကျောက်စာချပ်တို့ကိုမူ ကမ္ဘာ့စာအုပ်ကြီးတစ်ခုအဖြစ် ပညာရှင်များက ပြောစမှတ်ပြုခဲ့ကြသည်။ မန္တလေးမြို့ရှိ မဟာလောကမာရဇိန်ဘုရားရှိ မင်းတုန်းမင်းကြီး၏ ပိဋကတ်ကျောက်စာချပ်တို့သည် အရေးကြီးသော အခန်းတစ်ခုအဖြစ်ပါဝင်ပါသည်။ ပဉ္စမသံဃာယနာတင်ပြီးနောက် မင်းတုန်းမင်းကြီးသည် ပိဋကတ်တော်များ အဓွန့်ရှည်စွာ တည်စေအံ့သောငှာ ဝိနည်း ပိဋကတ်တော်ကို ကျောက်ချပ်ရေ ၁၁၁ ပေါ်တွင်လည်းကောင်း၊ အဘိဓမ္မာပိဋကတ်တော်ကို ကျောက်ချပ်ရေ ၂၀၈ ပေါ်တွင် လည်းကောင်း၊ သုတ္တန်ပိဋကတ်တော်ကို ကျောက်ချပ်ရေ ၄၁၀ ပေါ်တွင်လည်းကောင်း အသီးသီးရေးထိုးကာ ကျောက်ထက်အက္ခရာ တင်ခဲ့သည်။ ကျောက်ချပ်ရေစုစုပေါင်း ၇၂၉ ချပ်ရှိ၍ ကမ္ပည်းရေးထိုးရာ၌ ခုနစ်နှစ်နှင့် ငါးလကျော်မျှ ကြာမြင့်ခဲ့ပေသည်။ ထိုပိဋကတ်တော် ကျောက်စာတိုင်များကို ကုသိုလ်တော်စေတီ မဟာရံအတွင်း လှိုဏ်ပြာသာဒ်များဖြင့် တည်ထားကိုးကွယ်ခဲ့သည်။ ယခုအခါတွင် ထိုကျောက်စာချပ်တို့ကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်နေရာတစ်ခုအဖြစ် ၂၀၁၃ ခုနှစ်၌ သတ်မှတ်ခြင်း ခံရပြီးလည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ကျောက်စာရေးထိုးခြင်း ဓလေ့မှာ ယခုတိုင် ထင်ရှားလျက်ရှိပါသေးသည်။ သို့ရာတွင် ယခုခေတ် ရေးထိုးသော ကျောက်စာများမှာ များသောအားဖြင့် မြန်မာဘာသာ သက်သက်ဖြင့်ဖြစ်၍ ရေးထိုးပုံမှာလည်း ယခင်ခေတ် ကျောက်စာများ ရေးထိုးပုံနှင့်မတူပေ။ ရှေးခေတ်က မန်ကျည်းစေ့ အက္ခရာဖြင့် ရေးထိုးကြသော်လည်း နှောင်းခေတ်များ၌မူ အက္ခရာဝန်းဖြင့်သာ ရေးထိုးလေ့ရှိကြလေသည်။ ထို့ကြောင့် ကျောက်စာရေးထိုးမှတ်တမ်းတင်ခြင်းသည် အတိတ်ကာလလူသားတို့၏ အမှတ်လက္ခဏာတစ်ရပ်ကို ဖော်ပြနေရုံမက အတိတ်ကာလ၏ စာပေအရေးအသားများကို လေ့လာမှတ်တမ်းတင်နိုင်သောကြောင့် မြန်မာနိုင်ငံအဝှမ်းရှိ ကျောက်စာချပ်တို့ကို ရိုသေစွာထိန်းသိမ်း စောင့်ရှောက်သင့်ပါတော့သည်။

> ကျောက်စာများကို လေ့လာခြင်းဖြင့် ကျောက်စာရေးထိုးသောခေတ်မှ ယုံကြည်မှုအယူဝါဒများ၊ ယဉ်ကျေးမှုအနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆနိုင်သကဲ့သို့ ကျောက်စာများ . . .

## အင်းဝခေတ်ဗိသုကာလက်ရာများ လေ့လာနိုင်သော လေးထပ်ကြီးဘုရားသို့ ပြည်တွင်းပြည်ပခရီးသွားလာရောက်လေ့လာလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်း ဟံသာဝတီကျေးရွာ အနီးတွင် တည်ရှိသော လေးထပ်ကြီးဘုရားသို့ ပြည်တွင်းပြည်ပခရီးသွားများလာရောက်လေ့လာလျက်ရှိပြီး စတုတ္ထအင်းဝခေတ် ဗိသုကာလက်ရာများကို လေ့လာနိုင်ကြောင်း သိရသည်။

"အင်းဝဒေသကို နိုဝင်ဘာ လဆန်းပိုင်းမှ စတင်၍ ပြည်တွင်းပြည်ပခရီးသွားတွေ သိသိသာသာ လာရောက်လေ့လာမှုများပြားလျက်ရှိကြောင်း၊ လေးထပ်ကြီးဘုရာကြီးရဲ့ ဂန္ဓကုဋီတိုက် ကြီးမားခံ့ညားမှုတွေ၊ ရှေးခေတ်မြန်မာဗိသုကာပညာရှင်တွေရဲ့ ဗိသုကာလက်ရာတွေကို ပြည်တွင်းပြည်ပ ပညာရှင်တွေ၊ ပြည်တွင်းပြည်ပခရီးသွားတွေ စိတ်ဝင်တစား လေ့လာကြကြောင်း" ဟံသာဝတီကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

ရှေးဘုရင်မင်းဆက် (၃၁) ဆက် ထီးနန်းစိုးစံခဲ့သော အင်းဝမြို့ဟောင်းရှိ လေးထပ်ကြီးဘုရားကို ညောင်ရမ်းမင်းတရားက မြန်မာသက္ကရာဇ်(၉၆၃) ခုနှစ်တွင် စတင်၍ လေးထပ်ကျောင်းကြီးကို ကျောင်းရံ(၄၀) နှင့်တကွ တည်ဆောက်ခဲ့ပြီး သားတော်သာလွန်မင်းကပြီးစီးအောင်ဆောင်ရွက်ခဲ့သည်။ သက္ကရာဇ် ၁၀၂၀ ခုနှစ်တွင် တရုတ်တို့နှင့်စစ်မက်ဖြစ်ပွားရာ၌ လေးထပ်ကျောင်းတော်ကြီးကို မီးတိုက်ခံရသည်။ သက္ကရာဇ် ၁၁၈၇ ခုနှစ် တွင် စတုတ္ထအင်းဝနန်းစံ ဘကြီးတော်မင်းသည် သကျသီဟရုပ်ပွားတော်ကြီးအား ကြေးနီ၊ သလွဲ၊ ရွှေ၊ ငွေ စုစုပေါင်း ပိဿာချိန် ၁၆၀၁၀ ဖြင့် သွန်းလောင်းခဲ့ပြီး လက်ရှိဂန္ဓကုဋီတိုက်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည်။ လေးထပ်ကျောင်းနေရာတွင် ဆောက်လုပ်ခဲ့သဖြင့် လေးထပ်ကြီးကျောင်းဟုလူသိများသည်။ သက္ကရာဇ် ၁၂၀၀ ပြည့် ငလျင်ကြောင့် ဂန္ဓကုဋီတိုက်မှာ ပျက်စီးခဲ့ပြီး သကျသီဟရုပ်ပွားတော်ကြီးအား ပုဂံမင်းလက်ထက် သက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် အမရပူရသို့ ပင့်ဆောင်ကာ မဟာဝိဇယရံသီ စေတီတော်ကြီး၏ တောင်ဘက် ဘုံငါးဆင့်ပြသာဒ် ဆောက်လုပ်၍ တည်ထားကိုးကွယ်ခဲ့သည်။ သီပေါမင်းလက်ထက် သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် ၎င်းရုပ်ပွားတော်ကြီးအား အမရပူရမှ မန္တလေး မဟာအောင်မြေမြို့နယ်ရှိ ယခုလက်ရှိ ကိန်းဝပ်တော်မူသော နေရာသို့ ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ လက်ရှိကြွင်းကျန်ရစ်သော ဂန္ဓကုဋီတိုက်ကို ဘကြီးတော်မင်းကောင်းမှု မုခ်ပေါက် လေးပေါက်ပါ လေးဘက်ညီ အုတ်ဂန္ဓကုဋီတိုက်မှာ ပြသာဒ်ဖြင့်တည်ဆောက်ခဲ့ပြီး မျက်နှာလေးဘက်တွင် မုခ်ခုံတပ်ထားသည်။ မုခ်တံကဲတွင် သိကြားရုပ်၊ မိကျောင်းရုပ်၊ ခြသေ့ရုပ်တို့ကို အင်္ဂတေပန်းများဖြင့် ထုလုပ်ထားပြီး စတုတ္ထအင်းဝခေတ် ဗိသုကာလက်ရာများ လေ့လာနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# လူကြီးလူကောင်းစိတ်

ကိုကိုညိမ်း(ကောလင်း)

'လူကြီးလူကောင်း ပီသရမည်'ဟူ၍ ရှေးလူကြီးများက နှောင်းခေတ်လူငယ်များကို လူကြီးနေရာအရောက်ပို့မည့်အခါတွင် ပြောစမှတ်ပြုကြသည်။

မြန်မာစာအဘိဓာန်ထဲတွင် 'လူကြီးလူကောင်းဟူသည် လူအများစု၏ ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်' ဟူ၍ အနက်ဖွင့်ဆိုသည်။

လူကြီးလူကောင်းသည် အသက်ကြီး ဆံဖြူ သွားကျိုးခါးကိုင်း၍ တောင်ဝှေးကိုအားပြုပြီး သွားလာချိန်ရောက်သောသူတိုင်းကို လူကြီးလူကောင်းဟူ၍ မဆိုသင့်၊ မဆိုထိုက်ပါ။ လူအများ ပရိသတ်အလယ် အစုအမူဖြစ်တိုင်း အိမ်ဦးခန်း ဘုရားစင်အောက်ထိုင်၍ ကွမ်းအစ်တစ်လုံးဖြင့် တောင်ဝှေးကို နံဘေးမှာထား စကားစမြည်ပြောဆိုဧည့်ခံနိုင်သူကိုလည်း လူကြီးလူကောင်း သတ်မှတ်၍ မရပါ။

## ပိုင်းခြားဝေဖန်နိုင်စွမ်းရှိ

အသက်အရွယ်ဂုဏ်၊ ကိုယ်ကျင့်သိက္ခာဂုဏ်၊ ပညာဂုဏ်၊ ပိုင်းခြားဝေဖန်နိုင်စွမ်းရှိသူကိုသာ လူကြီးဖြစ်ပြီး လူကောင်းအဖြစ် ဝိသေသထူးခြားစွာ ထပ်မံကမ္ပည်းရေးထိုးအပ်သော 'လူကြီးလူကောင်း' ပင်ဖြစ်သည်။

လူကြီးလူကောင်းဂုဏ်သိက္ခာကို အသိုင်းအဝိုင်းက ထိုက်ထိုက်တန်တန်ပေးမှရသည်။ မိမိကိုယ်တိုင်က အသက်အရွယ် အကြီးဆုံးဖြစ်လာ၍ အတိတ်က သီလဂုဏ်ကြောင့် အသက်ရှည်ရုံဖြင့် လူကြီးလူကောင်းမဟုတ်ပါ။ 'ငါလူကြီး လူကောင်းကွ'ဟူ၍ ကိုယ့်ဘာသာကိုယ်သတ်မှတ်ကြွေးကြော်ပြီး နေရာယူ၍မဖြစ်ပါ။ မိမိပတ်ဝန်းကျင် ကျေးရွာ၊ မိမိကျေးရွာ၊ မိမိရပ်ကွက်၊ မိမိအသိုင်းအဝိုင်းတစ်ခုလုံးက တစ်သွေးတည်း၊ တစ်သံတည်း၊ တစ်ပြင်တည်း ညီညွတ်စွာ အမှန်တကယ်ရိုသေလေးစားကြည်ညိုနိုင်သူ၊ ကြည်ညိုလေးစားထိုက်သူသာ လူကြီးလူကောင်း ပီသကြပါမည်။ လူကြီးလူကောင်းအမည်ခံထိုက်ပါမည်။

## အများစုက ရိုသေလေးစား

လူကြီးလူကောင်းတွင် လူရိုသေ ရှင်ရိုသေ အမူအကျင့်ရှိရပါသည်။ လူအများစုက ရိုသေလေးစားထိုက်သော ကိုယ်ကျင့်တရား၊ စံပြုထိုက်သောအမူအရာ၊ အပြောအဆို၊ စိတ်နေသဘော၊ အမှားအမှန် ပိုင်းခြားဝေဖန်နိုင်မှုစွမ်းရည်၊ သုတရသပြီးပြည့်စုံမှုနှင့် စိတ်နေစိတ်ထား 'စံ' ဖြစ်မှုအပေါ်တွင် တည်မှီနေပါသည်။

မြန်မာမှုနယ်ပယ်တွင် လူကြီးလူကောင်းကို နာယကဂုဏ်ခြောက်ပါး 'စံ' ဖြင့် တိုင်းထွာကြသည်။ ထို့ကြောင့် လူကြီးလူကောင်း၏ ဂုဏ်ရည်၊ အရည်အချင်းကို 'ထကြွ နိုးကြား သနားသည်းခံ ဝေဖန်ထောက်ရှု' နိုင်ရပါမည်။ နိုးကြားခြင်းဂုဏ်၊ သနားကြင်နာခြင်းဂုဏ်၊ ဝေဖန်ပိုင်းခြားနိုင်ခြင်းဂုဏ်၊ ထောက်ထားဆင်ခြင်နိုင်ခြင်းဂုဏ်တို့ဖြင့် စံပြု၍ လူကြီးလူကောင်းအရာကို သတ်မှတ်ကြသည်။

## ငယ်သူကို ကြင်နာသနား

'သက်ကြီးစကား သက်ငယ်ကြား' ဆိုထုံးအတိုင်း အသက်ကြီးပြီး အချိန်စီးရန်လိုသည်။ ရပ်ရွာဓလေ့အရ ကြီးသူကို ရိုသေကြသည်။ ရွယ်တူကို ထောက်ထား ဖေးမလက်တွဲကြသည်။ ငယ်သူကို ကြင်နာသနားပိုကြသည်။

'လောကခံကို၊ သည်းခံအပ်စွာ၊ မြတ်ခမာတည့်၊ စိတ်နေမပျင်း၊ နိုးချပ်ခြင်းမှ၊ ဇာဂရိယ၊ ကိုယ်တိုင်မပျင်း၊ ထကြွ ခြင်းက၊ ဥဋ္ဌာနတည်း'

'စိတ်ဖန်နိုင်ဘိ၊ ဆင်ခြင်ညှိသည်၊ သံဝိဘာလာ၊ ချမ်းမြအောင်သာ၊ စောင့်ရှောက်ညှာသား၊ ဒယာဟူသည်၊ အရေးမကြွင်း၊ သိနိုင်ခြင်းမှာ၊ ဣက္ခဏတည့်'

**(လောကနီတိပျို့)**

ဘဝတစ်ဆစ်ချိုး အကွေ့အကောက်၊ လောကဓံ၏ အဖိအထောင်းကြားဝယ် ပတ်ဝန်းကျင်တွင် ရင်ဆိုင်ဝံ့၊ ရင်ဆိုင်ရဲသော စိတ်ဓာတ်စွမ်းအင်၊ စိတ်တန်ခိုး စွမ်းအားတို့ကိုစောင့်ထိန်းပြီး အများအပေါ် သည်းခံနိုင်မှုဂုဏ်ဖြင့်ပြည့်သော လူကြီးလူကောင်းကိုသာ စံပြုကြသည်။

မြတ်ဗုဒ္ဓ၏ ဒေသနာတော်မြတ်တွင် 'ဒါရုက္ခန္ဓောပမာသုတ္တန်' တရားမြတ်တွင် လူကြီးလူကောင်းပေတံကို စံပြု၍ လူအများကရိုသေမှု၊ လေးစားမှုဖြင့်ခြံရံ၍ လူကြီးလူကောင်းဂုဏ်ရည်ကို ပမာပြုထားသည်။

## လူ့တန်ဖိုးကိုလေးစား

လူကြီးလူကောင်း၏စံသည် ကိုယ်ကျင့်တရား ကိုယ်ကျင့်သိက္ခာနှင့် လူ့တန်ဖိုးကိုလေးစားခြင်းသာ ဖြစ်သည်။ လောကအသိုင်းအဝိုင်းတွင် လူအမျိုးမျိုး စိတ်အထွေထွေထားရှိကြရာ အချို့သော လူ့ဗာလ၊ လူ့အန္ဓ၊ လူ့ဘူးတောင်း၊ လူဆိုး၊ လူမိုက်တို့က ဝန်းကျင်က လေးစားယုံကြည်မှုကို မသမာသောနည်းဖြင့် ရယူသည်။ ကိုယ်ကျင့်တရားမရှိပါဘဲလျက် ရှိဟန်ဆောင်ကြသည်။ သီလသမာဓိ မစင်ကြယ်ပါလျက် စင်ကြယ်သော သရုပ်ကိုဆောင်သည်။ လူမသိအောင် လူမမြင်အောင် ဖုံးကွယ်ထားသော အကျင့်ဆိုးများရှိကြသည်။ ရှေ့တွင်တစ်မျိုး နောက်ကွယ်တစ်ဖုံ ဖန်တီးရယူကြသည်။

ကိလေသာငြိမ်းအေးစေသော အကျင့်ဆိုးများကို ကျင့်ကြံလျက် လူမြင်ကွင်းတွင် ကြောင်သူတော် ဟန်ဆောင်ကြသည်။ မိမိအပြစ်ကို ဂုဏ်တုဂုဏ်ပြိုင်ဖြင့် ဖုံးကွယ်ထားချင်ကြသည်။ ရိုးသားပွင့်လင်းမှုမရှိ။ ကြွားလုံးထုတ်ချင်သည်။ အငှားပစ္စည်း၊ အငှားအသိ၊ အငှားအမြင်ဖြင့် ကိုယ်ပိုင်ပစ္စည်း၊ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်အမြင်ဖြစ်အောင် ဟိတ်ထုတ် ဟန်လုပ်ပြောကြသည်။ ရေးသားကြသည်။ ဖော်ထုတ်ကြသည်။

## အကျင့်သီလသိက္ခာ

ကိုယ်ကျင့်သီလ၊ ကိုယ်ကျင့်တရား မရှိပါဘဲလျက် ကိုယ်ကျင့်တရားယိုယွင်းပျက်စီးနေပါလျက် ကိုယ်ကျင့်သီလသိက္ခာရှိသယောင်ဆောင်နေတတ်သည်။ ကောင်းမြတ်သောအကျင့်သီလသိက္ခာကို ခါးဝတ်ပုဆိုးပမာ မြဲမြံစွာ မတည်ဆောက်နိုင်ပါလျက် ကောင်းမြတ်သောအကျင့်ရှိသယောင် ဟန်ဆောင်ကြသည်။

ကြောင်ကြာကြာရေမငုပ်သည့်အဖြစ်ကို ကြောင်သူတော်ဟန်ဆောင်ပြကြသည်။ အမြင်လှပသော်လည်း အတွင်း၌ပုပ်သိုးနေသော အသီးနှင့်တူသည်။

ရှေးစာဆို လယ်တီပဏ္ဍိတဦးမောင်ကြီးက လူကြီးလူကောင်း စံပေတံကို နီတိပဋ္ဌရီကျမ်းတွင် ညွှန်းဆိုထားသည်။

'လူကြီးလူကောင်းခေါ်ဆိုထိုက်သော ပုဂ္ဂိုလ်တို့၏ စိတ်နေစိတ်ထားသည် စည်းစိမ်ချမ်းသာ ကျက်သရေမင်္ဂလာနှင့်ပြည့်စုံလျှင် တိုး၍နိမ့်ချကာ လွန်စွာနူးညံ့သိမ်မွေ့၍လာရ၏။ အပြစ်ဒေါသကင်းရှင်း၏။ အရည်အရောင်နှင့်ပြည့်စုံသော ရွှေစင်ရွှေကောင်းများသည် တိုးတက်ပျော့ပျောင်းမှု နူးညံ့ခြင်းဖြစ်လေသကဲ့သို့တည်း။ အခြေအနေနိမ့်ကျစွာဖြစ်လေသော်လည်း တုန်လှုပ်ခြင်းမရှိ။ ပကတိသဘောရိုးအတိုင်းပင် တည်တံ့နိုင်ကြလေ၏။'

## အနှစ်ရှိသောသစ်ပင်

'အနှစ်မရှိသော ဝါးပင်၊ ကျူပင်၊ ပေပင်၊ ထန်းပင်၊ ကွမ်းသီးပင်တို့သည် အထက်သို့သာ စွင့်စွင့်မျှော်၍ မော်သော အညွန့်အဖျားရှိကုန်၏။ အနှစ်ရှိသောသစ်ပင်ကြီးများတို့သည်ကား အကိုင်းအခက်များစွာနှင့်အတူ ကျွန်ခြေရစွာကြီးပွားကြလေကုန်၏။ ထို့အတူ အနှစ်မဲ့၍ စိတ်သဘောထားသေးငယ်သူ၊ အနှစ်ပြည့်၍ စိတ်သဘောထားကြီးမားသူတို့၏ သဘောကိုသိနိုင်ပါသည်။'

လယ်တီပဏ္ဍိတဦးမောင်ကြီး၏ လူကြီးလူကောင်းဂုဏ်ရည်က မြန်မာတို့၏ ပင်ကိုယ်စိတ်နေသဘောထားပင်ဖြစ်သည်။ မြန်မာမှန်၍ မြန်မာဆန်ကြသော လူသားတို့က မြန်မာပီပီ ရိုးဖြောင့်ကြသည်။ လူပီသသည်။ မျိုးရိုးဂုဏ်သိက္ခာကိုစောင့်သည်။ သူတစ်ပါးကို ထောက်ထားညှာတာသည်။ ရိုးသားဖြောင့်မတ်သည်။ ကိုယ်စိတ်နှလုံးကိုချုပ်တည်းနိုင်သည်။ စိတ်ရှည်သည်။ သည်းခံသည်။ ရှေ့နောက် ဆင်ခြင်တိုင်းထွာသည်။ ကိုယ်ချင်းစာစိတ်ပြည့်ဝရင့်ကျက်သည်။ သဘောထားကြီးသည်။ ကြွားဝါထောင်ထားမှုမရှိ။ မာန်မာနမရှိ။ အဆိုပါအရည်အသွေးသည် ရှေးမြန်မာပြည်သူပြည်သား မြန်မာ၏စိတ်နေသဘောထား မျိုးရိုးအရင်းခံသာ ဖြစ်ပေသည်။

## အကျိုးကိုလျော့၍ခံစား

လူကြီးလူကောင်းစိတ်ဓာတ်ကို သတင်းစာဆရာကြီး စာရေးဆရာ ဦးထင်ဖက် (မောင်ထင်)ကလည်း 'ဗိုလ်ချုပ်၏ခေါင်းဆောင်အင်္ဂါ'ဆောင်းပါးတွင် လူကြီးလူကောင်းစံကို မီးမောင်းထိုးပြထားသည်။ အများလူသာမန်တို့ထက် ပို၍ထူးကဲစွာပြုလုပ်နိုင်စွမ်းသောသူကို လူကြီးလူကောင်းအဖြစ် ဂုဏ်ပြုသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်ပီသမှု၊ စွမ်းရည်ဂုဏ်ကျက်သရေကိုဖော်ညွှန်းရာတွင် သတ္တိရှိခြင်း၊ စွန့်ခြင်း၊ သန့်ရှင်းခြင်း၊ အလုပ် ပိုလုပ်ခြင်း၊ အကျိုးကိုလျော့၍ခံစားခြင်းဟူသောဂုဏ်များဖြင့်သာ စံထိုးပြထားသည်။ 'ငါ့ဦးခေါင်းက သွေးချင်းချင်းနီမြန်းပါစေ။ သို့သော် ငါကား ဦးမညွတ်'ဟူသောစိတ်ဓာတ်ဖြင့် အနိုင်မခံ အရှုံးမပေးစိတ်သည် လူကြီးလူကောင်းစိတ်ဖြစ်ကြောင်း ညွှန်းဆိုသည်။

လူကြီးလူကောင်းဆိုသည်မှာ ရုပ်ရည်ပြေပြစ်ခြင်းလည်းမဟုတ်။ အသံကောင်းခြင်းလည်းမဟုတ်။ ပညာလည်းမဖြစ်နိုင်သကဲ့သို့ စည်းစိမ်ဥစ္စာလည်းမဖြစ်နိုင်ပါ။ လူကြီးလူကောင်းဂုဏ်ပုဒ်သည် ရိုးသားဖြူစင်သည့် ကိုယ်ကျင့်တရားရှိသူ။ တစ်ဦးတစ်ဖွဲ့အပေါ် နားလည်ခွင့်လွှတ်ခြင်းဂုဏ်၊ သည်းခံတတ်ခြင်းဂုဏ်၊ စေတနာပြည့်ဝခြင်းဂုဏ်၊ သဒ္ဓါတရားထက်သန်ခြင်းဂုဏ်တို့ဖြင့် တစ်ဦးချင်းမှအစ အများအပေါ် ရိုင်းပင်း ကူညီစွမ်းရှိသူပင်ဖြစ်သည်။

## ကမ္ဘာနှင့်ရင်ပေါင်တန်း

နိုင်ငံတွင် လူကြီးလူကောင်းများစွာကို ဆာလောင်နေပြီဖြစ်သည်။ လူကြီးလူကောင်းဆန်သော လူများစုဦးဆောင်သော နိုင်ငံ(တိုင်းပြည်)လူမျိုးစုကသာ ကမ္ဘာနှင့်ရင်ပေါင်တန်း၍ ရှေ့သို့အရောက် လျှောက်လှမ်းနိုင်မည်သာဖြစ်သည်။

မည်သည့်ပါတီ၊ မည်သည့်အစုအဖွဲ့၊ မည်သည့်အလွှာ၊ မည်သည့်လူတန်းစားပင်ဖြစ်ဖြစ် လူကြီးလူကောင်းများကသာ ဦးဆောင်ဦးရွက်ပြုသင့်သည်။ သက်ကြီးစကား သက်ငယ်ကြား၍ အစဉ်အလာကိုမသွေဖည်ဘဲ လူကြီးလူကောင်းများကိုသာ ခရီးဦးကြို နေရာပေး၍ ရှေ့တန်းတင်နိုင်မှသာ နိုင်ငံတိုးတက်ပါမည်။ တိုင်းပြည်ဖွံ့ဖြိုးပါမည်။

လူကြီးလူကောင်းသည် အလွှာတိုင်းတွင်လိုအပ်သည်။ လူကြီးလူကောင်းပီသသူများက တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှုကို အသက်ချင်းဆက်၍ဆက်၍ စောင့်ထိန်းလိုက်နာခဲ့ကြသည်။ တာဝန်မယူနိုင်သော စိတ်မရှိ။ တာဝန်မဲ့သောစိတ်မရှိ။ ပေါ့ပေါ့ဆဆနိုင်သောစိတ်မရှိ။ စည်းကမ်းမဲ့သောလုပ်ရပ်မရှိ။ တယူသန်စိတ်မရှိ။

## အကြင်နာ မေတ္တာပိုကဲ

မိမိကိုယ်မိမိ အစဉ်ထာဝရအဆင့်မြင့်အောင် လူကြီးလူကောင်းက ကြိုးစားရယူပိုက်ထွေးသည်။ စည်းကမ်းကို အသက်နှင့်ထပ်တူကြိုးစားရယူသည်။ စောင့်ထိန်းသည်။ မည်သည့်အခါမျှ မမောက်မာ။ မှန်ကန်တည့်မတ်သော စိတ်အစဉ်ကိန်းအောင်းသည်။ အကြင်နာ မေတ္တာ ပိုကဲသည်။

ထေရဝါဒသာသနာတော်၏ အရိပ်အာဝါသတွင် မြတ်ဗုဒ္ဓက လူကြီးလူကောင်းများကို ခရီးဦးကြိုပြုသည်။ နေရာပေး၍ သာသနာပြုခဲ့သည်။ သာသနာ့အမွေခံ ကောင်း ပစ္စည်းလေးပါး ဒါယိကာများအဖြစ် စည်းရုံးသိမ်းသွင်းသည်။

'အကြင်သူ အကြင်ပုဂ္ဂိုလ်သည် သစ္စာတရားလည်း ရှိ၏။ တရားနှလုံးကျင့်သုံး၏။ ညှင်းဆဲခြင်းမရှိ။ ကိုယ်ကျင့်သိက္ခာဖြူစင်၏။ မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမ၏။ ကိလေသာကို ပျို့အန်၏။ အသိဉာဏ်ပညာနှင့် ပြည့်စုံ၏။ ထိုပုဂ္ဂိုလ်ကိုသာ လူကြီးလူကောင်းဟုဆိုအပ်၏' ဟူ၍ မြတ်ဗုဒ္ဓက မိန့်မှာသည်။

## အတ္တကိုဖယ်ခွာ

လူကြီးလူကောင်းစိတ်သည် အနှိုင်းမဲ့အသိစိတ်ဖြစ်သည်။ သူတော်စင် သူတော်ကောင်းတို့ကျင့်စဉ်ကို လေးစားလိုက်နာသည်။ အတ္တကိုဖယ်ခွာ၍ ပရကိုခင်မင်သည်။ တဏှာကို ပါးရှားပယ်သတ်နိုင်သမျှ ပယ်သတ်ပြီး ဖြူစင်မြင့်မြတ်သောနှလုံးသားကို ရယူပိုင်ဆိုင်သည်။ စိတ်ထားဖြူစင်အောင်ထားပြီး မြင့်မြတ်သောနှလုံးသားကိုသာ ရယူပိုင်ဆိုင်သည်။

လူကြီးလူကောင်းသည် ပုထုဇဉ်၏စိတ်သန္တာန်မှ ကွေကွင်းဖယ်သတ်၍ အရိယာတို့၏စိတ်အဖြစ် ဖန်တီးတည်ဆောက်ရန် ကြိုးစားသူသာဖြစ်သည်။ ပုထုဇဉ်တို့နယ်ပယ်တွင် ကျက်စားနိုင်သော တပ်မက်မှု၊ မောက်မာမှု၊ မခံနိုင်မှု ကိလေသာစရိုက်ဆိုး၊ ညဉ်ဆိုးကိုပယ်သတ်၍ အနိုင်ယူ အောင်နိုင်သူဖြစ်သည်။

လူကြီးလူကောင်းသည် ပုထုဇဉ်၏သဘောသဘာဝအရ ပစ္စည်းဥစ္စာအရှိန်အဝါအာဏာကို ရယူပိုက်ထွေးခြင်းက ချမ်းသာဟူသော ထင်မှတ်မှားမှုကို ပယ်သတ်နိုင်သည်။ တကယ့်ချမ်းသာစစ်၊ ချမ်းသာမှန်ကို ပိုက်ထွေးခံမင်သည်။ အနှိုင်းမဲ့အသိစိတ်ကိုပိုင်ဆိုင်သည်။

## လောကဝတ်ကျေပွန်

လူကြီးလူကောင်းသည် မြင့်မြတ်ခြင်းဂုဏ်ဖြင့် လုပ်ငန်းကြီးခြင်း၊ လုပ်ငန်းသေးငယ်ခြင်းကို မခွဲခြားဘဲ ကျားသတ္တဝါသည် ရန်သူယုန်သူငယ်ကိုပင်ဖြစ်စေ တူညီသောလုံ့လစိုက်ထုတ်မှုဖြင့် အားမာန်ပြုသကဲ့သို့ လောကဝတ်ကျေပွန်မှုကို ရွက်ဆောင်သည်။

လူကြီးလူကောင်းသည် မိမိပတ်ဝန်းကျင်မှ ရုပ်ဝတ္ထုသက်ရှိသက်မဲ့အားလုံးကို ဓမ္မစက္ခုဖြင့်သာ ရှုကြည့်သည်။ လောကလူသားများအား အယုတ်အလတ် အမြတ်မရွေး ဓမ္မစက္ခုဖြင့်သာ ရှုကြည့်၍ အမြင်မှန်ကို ရနိုင်သည်။ အရှိကိုအရှိအတိုင်း သိနိုင်သည်။ သံသရာကို ဦးတည်သော ကံသိကို ပယ်သတ်၍ သံသရာမှထွက်မြောက်ရာ ဝိမုတ္တိဖြစ်သော အသိဉာဏ်ကို ရယူပိုင်ဆိုင်သည်။

လူကြီးလူကောင်းသည် မိမိတစ်ဘဝ တစ်ခန္ဓာတွင် ပေးဆပ်နေရသော သံသရာကြွေးဟောင်းကိုပေးဆပ်စဉ် ဖြည့်ဆည်းအပ်သောပါရမီထူးကို အားဖြည့်သည်။ အဝိဇ္ဇာ၏ဖန်တီးမှုကို လိုက်ပါ၍ တဏှာကိုမြင်ရခြင်းကို သွေဖည်သည်။ 'အဟုတ်'ကိုလည်း 'အဟုတ်'မှန်းမသိရအောင်ဖုံးသည်။ 'အဟုတ်'ကို 'မဟုတ်'ဟုထင်ရအောင်ဖော်သည်။ 'မဟုတ်'ကိုလည်း 'မဟုတ်'မှန်းမသိရအောင်ဖုံးသည်။ 'အဟုတ်'ကို 'မဟုတ်'ဟုထင်ရအောင်ဖော်သည်။ 'မဟုတ်'ကိုလည်း 'မဟုတ်'မှန်းမသိရအောင်ဖုံးသည်။ 'မဟုတ်'ကို 'အဟုတ်' ထင်ရအောင်ဖော်သည်။ ဤသို့ဖြင့် အဝိဇ္ဇာက ဖုံးလည်းဖုံးတတ်သည်။ ဖော်လည်းဖော်တတ်သည်။ ဤသို့သောသဘောသဘာဝကို လူကြီးလူကောင်းက သိနိုင်သည်။

ထို့ကြောင့် လောကီလောကုတ်နှစ်ဖြာတွင် တကယ့်အောင်နိုင်သူ အနှိုင်းမဲ့လူသားဖြစ်အောင် လူကြီးလူကောင်းများက ဘဝနေညိုချိန်ဝယ် ကြိုးစားဆောင်ရွက်ပြီး နိုင်ငံတော်၏တည်ဆောက်ရေးအခန်းကဏ္ဍတွင် အကောင်းဆုံးပံ့ပိုးကိုင်ထိန်းကျောင်းပေးဖို့သာလိုပါသည်။

# ကြော်ငြာ

**FULLY LIGHT** ခရီးသွားကုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
လိပ်စာ - ဒဂုံစင်တာ(၁)၊ဘီဆောင်-၈၀၁၊မြေနီကုန်း၊စမ်းချောင်း
01-503815 ,09-333 777 82,09-42 101 3085

တိုင်းနှင့်ပြည်နယ် ၃ ခု တပြိုင်နက်ခရီးစဉ်
**တနင်္သာရီ ၊ မွန် ၊ ကရင် ခရီးစဉ်**
23 - 11 - 2016 မှ 27 - 11 - 2016 အထိ
**သုခမိန်စာပေ** 09 51 55654 / 09 770660095 / 01 253079

**SWAN** ကျိုင်းတောင်မြို့နှင့် တောင်ကြီးမြို့ ဘုရားဖူးနှင့် အပန်းဖြေလေ့လာရေး
အဆင့်မြင့်ခရီးစဉ် Nov-23 & (အပတ်စဉ်ထွက်ခွာ)
ခေါင်ကဲ့စေတီ၊ ရွှေလက်ဝါးစေတီပုထိုးများ၊ ထီးမွှင့်ကန်၊ ငွေတောင်ဆည်၊ ကန် (၇)ဆင့်၊ ယဉ်ကျေးမှုပြတိုက်၊ ကယန်းတို့၏ မြို့ရာပန်းပွဲရွာ၊ နောင်ယားကန်၊ ယမင်းဖော်ဘွားတို့၏ နန်းမြစ်သည့် ဟော်ကြီးကျောင်း၊ လောပိတရေတံခွန်နှင့် ရေအားလျှပ်စစ်၊ တောင်သာပြောကုန်းရှိ ဘုရားများနှင့် စေတီပုထိုးများ၊ ထီးဆဲခါးရေတံခွန်၊ လွယ်တမူဘုရားများနှင့် စေတီပုထိုးများ၊ ကြက်ရှ မြို့နှာမ်ဘုရား၊ ကယားတို့၏ မိုးရာတံခွန်တိုင်၊ မွေတော်ကတ္တူရွှေပေဟင်းသမိုင်း ဝင်စေတီပုထိုးများ၊ ဟိုပုံးကိုရင်လေး၏ ထမ့်စမ်းကူ၊ စူဠာမဏိစေတီ၊ မြစ်မိုးတောင်ပေါ်ရှိ ဘုရားများနှင့် စေတီပုထိုးများ၊ အင်းလေးဖောင်တော်ဦးဘုရား၊ အလိုတော်ပေါက်ဘုရား၊ ဆံတော်ပွင့်ဘုရား၊ ယက္ခန်းရှိ ကြောင်ခုန်ကျောင်း၊ ရွှေအင်းတိန်ဘုရား၊ ခေါင်တိုင်ရေပူစမ်း၊ မြသပိတ်ရေပြာအိုင်၊ တောကျယ်ရေတံခွန်၊ မိန်းမရဲသခင်မတောင်၊ ပင်းတယ၊ ကိုလို့၊ ရွှေဥမင်လိုဏ်ဂူတော်၊ မြင်းမထိလိုဏ်ဂူတော်၊ ကလောနီးဘုရား စသည့်ခရီးစဉ်များအား အဆင့်မြင့် Air Con Express, Car, Restaurant, Hotel များဖြင့်သာ စီစဉ်ပေးပါသည်။ လက်မှတ်များကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။ ဖုန်း ၀၉ ၂၆၁၀၅၉၂၉၀၀၊

**SOLO ADVENTISSO Travel & Tours**
ဒီဇင်ဘာနှစ်သစ်ကူး အထူးခရီးစဉ်များ

| | | |
|---|---|---|
| ဘန်ကောက်ခရီးစဉ် | Dec 29 - Jan 01 | ဒေါ်လာ ၄၉၀ |
| စင်ကာပူခရီးစဉ် | Dec 29 - Jan 01 | ဒေါ်လာ ၅၈၀ |
| ဗီယက်နမ်ခရီးစဉ် | Dec 29 - Jan 01 | ဒေါ်လာ ၆၈၀ |

ဖြအမှတ်(၅၂)(ဘီ)၊ တိုက်(၂) (မြေညီထပ်)၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
0973068865,0931944859,09420250778










## ကျိုက်ထို၊မလှိုင် နှင့် ညောင်လေးပင်အိတ်ချိန်းများတွင် ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲတပ်ဆင်မည့်လုပ်ငန်း ခေတ္တရွှေ့ဆိုင်းခြင်း

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အနေဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့က ထုတ်ပြန်ခဲ့သော မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထိုအိတ်ချိန်း၊ မန္တလေးတိုင်း မလှိုင်မြို့နယ် မလှိုင်အိတ်ချိန်းနှင့် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ညောင်လေးပင်အိတ်ချိန်းများတွင် ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကိုပေးနိုင်ရန်အတွက် ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲတပ်ဆင်မည့်လုပ်ငန်းကို မူလစီစဉ်ထားသည့် အချိန်ကာလဖြစ်သော နိုဝင်ဘာလ (၁၀)ရက်နေ့တွင် ဆောင်ရွက်သွားမည်မဟုတ်ဘဲ ခေတ္တရွှေ့ဆိုင်းထားမည်ဖြစ်ပါသည်။

ပိုမိုကောင်းမွန်သည့်အရည်အသွေးနှင့် ဝန်ဆောင်မှုကိုပေးစွမ်းရာတွင် နံပါတ်ပိုင်းဆိုင်ရာပြောင်းလဲမှုလည်းပါဝင်သဖြင့် ကျစ်လျစ်ကောင်းမွန်သည့်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်သောကြောင့် မူလစီစဉ်ထားသည့်အချိန်မဟုတ်ဘဲ ခေတ္တရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြောင်းလဲမည့်အချိန်နှင့်နေ့ရက်ကို အများပြည်သူသို့ ထပ်မံ၍အသိပေးကြေညာသွားမည်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း




ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့


YANGON FIRST SOHO BUSINESS CENTER
SPRING LINE
★ Hlaing River Landmark ★
27 NOV 2016
PROJECT PROMOTION EVENT
I Recommend Spring Line
SUPER STAR
May Ywet War
ROOM UNIT CAN VARIABLE
Living And Office Together As Desired
Permanently Possess The Property Rights Of Land
Wealth For Next Generation
Complete And Convenient For Living And Business
Center Of Commercial Location Become The Maximum Value Added
Cluster Of Active Business Center
Boutique Business Hotel Shopping Center Lead To Regional Landmark
Tel: 09 7930 66666
Add: No.461,Kanar Middle Qtr,Hlaing River Road,Insein Township,
Nearby Aung Zay Ya Bridge,Yangon
Facebook: Springline Rbd
Shwe Oak Khai Construction Co.,Ltd.
Hlaing
River
SPRING LINE
Yangon International Airport
Aung zoryar Bridge
Hlaing River Rd
FMI CITY
City Mart
8th mile
Bayint Naung Bridge2
Bayint Naung Bridge
Yangon Hotel

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်




သောကြာနေ့တိုင်းမှာ

ငွေဖြည့်ပြီး

အပိုဆု

ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 500 Ks | _ __ _ | 20 MB |
| 1,000 Ks | 15 MB | 40 MB |
| 3,000 Ks | 90 MB | 160 MB |
| 5,000 Ks | 160 MB | 300 MB |
| 10,000 Ks | 420 MB | 800 MB |


EVERY

အောက်တိုဘာလ (၂၁) ရက်မှ စတင်၍ MPT ၏ ဆွေသဟာ အစီအစဉ်ရယူထားသော
Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm www.facebook.com/mptofficialpage MPTOFFICIAL

CALL CENTER 106 | call free 24 hours everyday


KBZ BANK
STRENGTH OF MYANMAR
Perfect Moments
KBZ BANK
MPU
Platinum
Asia
PRESTIGE
6244 4501 8888 8888
MAUNG MAUNG
UnionPay
Travel Mate. Asia
ပြီးပြည့်စုံသောအခိုက်အတန့်များအတွက်
KBZ UnionPay CREDIT CARDS
ဘဝအတွက် အမှတ်ရစရာ အခိုက်အတန့်လေး ပြီးပြည့်စုံဖို့အတွက်
KBZ Credit Card က သင့်နှင့်အတူရှိနေမှာပါ။
01-370055, 370066
#KBZCreditSmart
kbzbank.com

## ကြော်ငြာ


**UNIQUE STAR** TRAVELS & TOURS

Vietnam-Cambodia (6D/5N) Nov: 26, 30 (650 / 750$)
Saigon-MuiNe-Dalat (5D/4N) Nov: 25, 30 (360/460$)
NhaTrang-Hua An (6D/5N) Nov: 30 (550 / 650$)
DaNang-BaNa Hill (6D/5N) Nov: 30 (750 / 850$)
Saigon-Hanoi-Halong (6D/5N) Nov: 26 (650/ 750$)
Hanoi-Halong Bay (4D/3N) Nov: 26, 30 (490/ 590$)
S'pore-Malay (7D/6N) Nov:26 /Dec: 10,29 (950 / 1150 $)
Singapore / Bali (5D/4N) Nov:26 / Dec:29 (650/ 950 $)

Bangkok-Pattaya (6Days/5Nights)
Nov: 19, Dec: 29 (490 $) Air Ticket Included
Tiger Zoo, Nong Nooch, Alcaza Show, Dream /Safari World, Emerald Buddha, Ayuttaya, Baiyoke Sky / Cruise Dinner.
Bangkok-Chiangmai (6Days/5Nights)
Bangkok-Phuket (6Days/5Nights)
Bangkok-Cambodia (6Days/5Nights)

70/A, Kabaaye Pagoda Rd, Bahan Tsp. 01-708 353, 705 723, 09 514 8079, 09 540 1568 -69, 09 7310 9133-44



**မြတ်စေတီ** ပုဒ္ဂလိကအဆင့်မြင့်ဘုရားဖူးအဖွဲ့

"ဝန်ဆောင်မှုကောင်းကောင်းဈေးနှုန်းချိုချိုအထူးစရိတ်"

၈ ရက်ခရီး - ဥသိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန (အိန္ဒိယ - နီပေါ)
၁၂ ရက်ခရီး - ၉ . ၅သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ (သက်သနဂိုရီ)၊ ဘုရားဌာနအားလုံး ၊ (အိန္ဒိယ-နီပေါ) (အထူးခရီးစဉ်)
၁၅ ရက်ခရီး -၁၀. ၅သိန်း - သံဝေဇနီယ(၄) ဌာန၊ အဝိဇဟိတ(၄) ဌာန၊ ဝေါမြစ်၊ အာဂရာ(တပ်ချပ်မဟာ)၊နယူးဒေလီ နေရာစုံ (အိန္ဒိယ - နီပေါ)

India GSM Simcard, Internet Wifi Free Service၊ Hotel ...

၁၅ ရက် - {Nov-26},{Dec-10},{Jan-21},{Feb-4,18},{Mar-4,18},{April-8 ...}






အမှတ် ( E-11A ) လေးထောင့်ကန်လမ်းမကြီး၊ဘီအိုစီမှတ်တိုင်၊သင်္ဃန်းကျွန်း၊ရန်ကုန်မြို့။ ☎ 09-79 700 70 73, 09-79 700 70 83



**ROYAL STAR** (လုံခြုံရေးအလိပ်တပ်ဓါးဆူးကြိုးလိပ်အရောင်းပြခန်း) မှ

စစ်တပ်သုံးလုံခြုံရေးအလိပ်တပ်ဓါးဆူးကြိုးလိပ်များကို (အရောက်ပို့ ၊ လက်စရဲ) ဈေးနှုန်းချိုသာစွာဖြင့် အိမ်တိုင်ရာရောက် တိုက်ရိုက် တာဝန်ယူ တပ်ဆင်ပေးနေပါသည်။

